www.burmeseclassic.com

BURMESE CLASSIC .com

# ဝ
# သျှား

သိင်္ဂါရကမ်းပါး

GRAPHIC DESIGN THEIN NWE OO

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ**
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူး စာပေ)
အမှတ်-၅၂၀(က)၊ အင်းဝ(၄)လမ်း။
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်အဖုံးပုံနှိပ်သူ**
ဦးကျော်ရှင် (မြ-၁၀၀၉၈) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း။ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်ခြင်း**
၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ။

**အုပ်ရေ**
၅၀၀ အုပ်

**တန်ဖိုး**
၁၀၀ ကျပ်

**ဖြန့်ချိရေး**
ဝိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၆၃၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃
ဗျူး
သီဂါရကမ်းပါး။
ဗျူးစာပေ၊ ၂၀၁၄။
၂၄၀ - စာ၊ ၁၂ x ၁၈ စင်တီ။
(၁) သီဂါရကမ်းပါး။


ငါ့နှလုံးသား

အစေးခံရတဲ့ ဒီပွဲမှာ

နောင်တတကလွဲလို့

မင်းနဲ့ပတ်သက်သမျှ အမှတ်တရဆိုတာ မရှိစေရ

နောက်ဆုံး ...

မင်းနဲ့ငါ့ရဲ့အတိတ်ဟောင်း

ကဗျာတစ်ကြောင်းတောင် မဖြစ်စေရဘူး။

ဗျူးစာပေ

www.burmeseclassic.com



အခန်း ( ၁ )

ထယ်ဝါခန့်ညားလှသည့် ဆီဒိုးနားဟိုတယ်ကြီး၏ မင်္ဂလာခန်းမကြီးထဲသို့ မင်္ဂလာသတို့သားနှင့် သတို့သမီးတို့သည် တစ်လှမ်းချင်းလှမ်းကာ ဝင်ရောက်လာခဲ့သည်။ ရှေ့တွင် မင်္ဂလာပန်းကြဲသူ၊ လက်စွပ်ဗန်းကိုင်သူ၊ ပန်းကုံးကိုင်သူ အသီးသီးမျက်နှာများထက်တွင် အပြုံးတို့က တွဲခိုနေကြသည်။ သို့သော် ... သတို့သား၏မျက်နှာပေါ်မှ ပုံရိပ်ကတော့ သိသာစွာ မာကျောခက်ထန်နေသည်။ သတို့သမီးကို ကြည့်လိုက်တော့လည်း ပြုံးရွှင်သောမျက်နှာလေးပေါ်တွင် တစ်ခုခုကို အလိုကျရင်း ရယူလိုက်ရသည့်အတွက် ဝမ်းသာမှုတွေနှင့်အတူ ပီတိဖြစ်နေမှန်း သိသာနေသည်။ ကင်မရာမင်းနှ်များက တဖျတ်ဖျတ်ရိုက်နေကြ၏။

"မာန် ဒီဘက်ကို နည်းနည်းလေးကပ်လိုက်ပါလား"

လက်ကို ချိတ်ထားပေမယ့်လည်း မာန်က နည်းနည်းကွာနေတာမို့ တိုးခိုင်းလိုက်ရသည်။ ရွှေအိုရောင် ပိုးချိတ်ပုဆိုးနှင့်အကျႌအဖြူလက်ရှည် လည်ကတုံးအပေါ်မှ တိုက်ပုံအဝါနုရောင်လေးနှင့်





အတူ မောင့်ကျက်သရေခေါင်းပေါင်းကို ဆင်မြန်းထားသော ငြိုးမာန်ဘွဲ့၏ စိတ်များသည် အရမ်းပင် ကျဉ်းကျပ်နေရသည်။ ချောမောနုပျိုလှသော မျက်နှာပြင်တွင် ချွေးတို့ဖြင့်စို့နေသည်။ ရောက်လာကြသော ဧည့်သည်များက လိုက်ဖက်ညီသည့် သတို့သား သတို့သမီး မောင်နှံကို ချီးကျူးစကားတွေ ပြောဆိုနေကြသည်မှာ သူ့စိတ်ကုန်မိ၏။ တကယ်လည်း လိုက်ဖက်လှပေ၏။ မိုးမြင့်သဇင်၏အလှသည် မြင်သူတကာ စွဲမက်ရသော အလှမျိုးဖြစ်သည်။ သွယ်လျသော မျက်နှာလေးမှာ နှာတံစင်းစင်းချွန်ချွန်လေးက အထင်းသားရှိနေပြီး မျက်ဝန်းများကလည်း လှပနေသလောက် စူးရှပြင်းထန်နေ၏။ အရပ်မြင့်မြင့်ခပ်တောင့်တောင့်ဖြစ်ကာ ကိုယ်လုံးကိုယ်ပေါက်အားဖြင့်လည်း လက်ဖျားခါသွားရအောင် လှရက်၏။ မိုးမြင့်သဇင်သည် လှပပြီး စွဲဆောင်မှုလည်းရှိသည်။ ထိုသို့သော သတို့သမီးမျိုးကို ငြိုးမာန်ဘွဲ့ အလိုမကျ ဖြစ်ရသည်မှာ မည်သူတစ်ယောက်တစ်ယောက်မျှ မအံ့ဩဘဲ မနေနိုင်ကြ။

ကြွယ်ဝချမ်းသာပြီး ပညာတတ်ရုပ်ချောမိန်းကလေးတစ်ယောက်နှင့် လက်ထပ်ခဲ့ရသော်လည်း ငြိုးမာန်ဘွဲ့ ဘယ်လိုမှမပျော်ရွှင်ပါ။ သူ့ဘဝမှာ အချစ်ဆိုတာ ဘာမှန်းမသိတာကြောင့် အချစ်မရှိသည့် သူ့အတွက် သူမအပေါ် အချစ်ဆိုတာ မဖြစ်ပေါ်ခဲ့ပေ။ မိုးမြင့်သဇင် လှပနေပေမယ့်လည်း ရင်မခုန်ခဲ့သလို စိတ်မလှုပ်ရှားမိ။ ထို့ကြောင့် အချစ်မဖြစ်ပေါ်တာ မဆန်းခဲ့။

"မာန် ဟန်ဆောင်မှုလေးတွေနဲ့ နည်းနည်းတောင် ပြုံးပေးလို့ မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်သဇင် ပြောလိုက်တာကို မာန်ကြားနေပေမယ့် ဟန်ဆောင်အပြုံးတုမျိုးကို မပြုံးတတ်ခဲ့ပါ။ ဒါကြောင့် မိုးမြင့်သဇင်ကို ဘာမှပြန်မဖြေဘဲ သူ၏လှမ်းလျှောက်လာခဲ့သော ခြေဖျားများကိုသာ ရှေ့ရှုရင်း လှမ်းလျှောက်နေမိတော့သည်။

မိုးမြင့်သဇင်၏ မျက်ဝန်းများသည် မာန်အား အလိုမကျစွာ လှမ်းကြည့်လိုက်သည်။ လှပသော သူမ၏မျက်နှာလေးကိုတော့ အပြုံးတို့ဖြင့် ချယ်မှုန်းထားခဲ့သည်။ ထိုအပြုံးတို့၏နောက်ကွယ်တွင် မိုးမြင့်သဇင်၏ ခက်ထန်မာကျောနေသော အရာများကို မာန်လှမ်းမြင်နေခဲ့ရသည်။

"မာန် မျက်နှာလေး နည်းနည်းမော့ပြီး လျှောက်ပါလား"

ဘေးမှ လှမ်းသတိပေးသော မာန်၏ဦးလေး ဦးဥက္ကာမောင်ကြောင့် မျက်နှာကိုနည်းနည်းလေး မော့လိုက်ရသည်။ စက်ရုပ်တစ်ရုပ်လို သက်မဲ့လှုပ်ရှားနေရတဲ့ သူ့ဘဝကို စိတ်ကုန်မိသည်။ ဖြစ်နိုင်လျှင် ထိုမင်္ဂလာဟိုတယ်ခန်းမကြီးထဲမှ အဝေးဆုံးသို့ ပြေးထွက်လိုက်ချင်မိသည်။ သို့သော် ဦးမောင်၏ အထပ်ထပ်အခါခါ သတိပေးနေသော စကားတွေကြောင့် စိတ်ကို မနည်းချုပ်တည်းထားလိုက်ရသည်။

နှုတ်ဆက်သူတွေက တဖွဲဖွဲမို့ မိုးမြင့်သဇင်သည် တကယ်ပင် အပြုံးတွေကို မချွတ်စတမ်းဆင်မြန်းရင်း ပြန်လည်နှုတ်ဆက်နေခဲ့သည်။

သူ့မျက်နှာဆီမှ အကြည့်တို့ကို သူမလွှဲဖယ်ရင်း လှမ်းကြည့်နေသော ဦးမောင်အား ဟန်ဆောင်အပြုံးတစ်ခုကို အားယူ၍ ပြုံးပြ





လိုက်သည်။

ဦးမောင်ကလည်း သူမ၏အပြုံးကို နားလည်လိုက်သည်။ မာန့်အတွက်နှင့် မိုးကို အားနာမိနေ၏။ မိုးသည် ပိုးချိတ်ရွှေအိုရောင် ဝမ်းဆက်လေးဖြင့် အသားအရည်ဝင်းပစိုပြေနေတာကြောင့် သူမ၏ အလှကို ပို၍ကြွကြွရွရွလေး ဖြစ်လို့နေ၏။ ပိုးအပြောင် ရွှေအိုရောင်လေးက လက်မောင်းသားအလှလေးကို မြင်နေရပြီး ရင်ဘတ်နားမှာလည်း လှပသော စီးကွင့်တွေဖြင့် ပုံဖော်ထား၏။ လည်တိုင်လေး တစ်လျှောက် အဖိုးတန်ရတနာတို့ဖြင့် တဖိတ်ဖိတ်လင်းလက်စေခဲ့သည်။

"ဓာတ်ပုံရိုက်ရအောင် မိုး ... မာန်ရဲ့လက်ကို ချိတ်လိုက်ပါ"

သူမကို မချစ်မနှစ်သက်တဲ့ မာန်ရဲ့လက်တွေဟာ တကယ်ကို အေးစက်နေခဲ့၏။ အသက်မပါလှသော ခန္ဓာကိုယ်ကြီးက သူမကြိုးဆွဲရာကနေရသော အရုပ်တစ်ရုပ်အလား လှုပ်ရှားသည်။ ငိုချင်သော်လည်း သူမရဲ့မာန အမျက်တွေကြောင့် စိုးစဥ်းမျှ မျက်ရည်မကျခဲ့ပေ။ မိုးမြင့်သဇင်၏ မျက်ဝန်းမှ မျက်ရည်တွေ ကျမလာခဲ့ရပေမယ့် ရင်ထဲမှာတော့ ငိုနေခဲ့ပါသည်။ မာန်နှင့်ပတ်သက်လေတိုင်း မျက်ရည်မကျခဲ့ပါ။ ရင်ထဲမှာပဲ ငိုခဲ့ရ၏။

သူမရင်ထဲမှာ တအုံနွေးနွေး ငိုခဲ့ရတာတွေသည် ပို၍ခံစားမှုကို ပြင်းထန်စေသည်။ ထိုသို့ခံစားရလေတိုင်း မာန့်ကို သူမ ပို၍ချစ်လေဖြစ်ရ၏။ သို့သော် ... သူမ၏မျက်ဝန်းများကတော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မာန်ချစ်လာလိမ့်မည်ဟူသော အသိက မျက်ဝန်းမှအစ နှလုံးသားထဲသို့တိုင် ယုံကြည်နေခဲ့သည်။

ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီးက မိုးမြင့်သဇင်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဝမ်းသာပီတိဖြစ်ခဲ့ရပေမယ့် မာန့်အတွက်ကတော့ ထိုသို့မဟုတ်။ ဒါပေမဲ့ ... မာန်နှင့်သူမ လက်ထပ်လိုက်ရသည့်အတွက် မာန့်ကိုပိုင်ခဲ့၏။ မာန့်ကိုပိုင်ဆိုင်ခွင့်ရလိုက်တဲ့အတွက် သူမ အရမ်းကို ပျော်ခဲ့သည်။ မိုးမြင့်သဇင်ဘဝမှာ မာန်ပဲဖြစ်နေရမည်။ ပြုံးမာန်ဘွဲ့ဆိုသော သူတစ်ယောက်သည် သူမအတွက် အနာဂတ်ဘဝခရီးဖော်အဖြစ် ရှိနေမှ ဖြစ်မည်။

"ရှင် မပျော်ဘူးလား မာန် ... မိုးကတော့ အရမ်းပျော်တယ်"

သိနေလျက်သားနဲ့ မေးလိုက်သောသူမကို ပို၍ဒေါသဖြစ်ရသည်။ သူ၏လက်ကို ခပ်တင်းတင်းချိတ်ထားခဲ့သော မိုးမြင့်သဇင်၏ လက်များသည် မင်္ဂလာပွဲကြီးပြီးတော့မှပင် တွဲလက်ကိုဖြုတ်ချခဲ့တော့သည်။ ဟိုတယ်ခန်းမကြီးထဲမှ အသီးသီးနှုတ်ဆက်ထွက်ခွာသွားကြသည့် ဧည့်သည်များလည်း တဖြည်းဖြည်းကျဲသွားခဲ့၏။ နောက်ဆုံး မင်္ဂလာခန်းမကြီးထဲမှာ သတို့သား သတို့သမီးနှင့် ပတ်သက်သူတွေပဲ ကျန်ရှိနေခဲ့သည်။ မင်္ဂလာအခမ်းအနားကြီး ပြီးဆုံးသွားခဲ့ပေမယ့်လည်း မာန့်၏မျက်နှာမှာ အပြုံးဆိုတာ ဘယ်လိုမှ လှစ်ဟမပြခဲ့။

"ဦးမောင် ကျွန်တော်တို့ ပြန်ရအောင်"

"မာန် ... ဒီအချိန်မှာ မင်းဟာ မိုးရဲ့တရားဝင်ယောကျ်ားဖြစ်နေခဲ့ပြီ"

"ဘာလဲ ဦးမောင်က ကျွန်တော်နဲ့မိုးကို အတူတူပြန်ဖို့ပြောလိုက်တာလား ..."

ဦးမောင်က တူဖြစ်သူ မာန်ကိုကြည့်ပြီး လေးတွဲ့သော သက်ပြင်းကို ချလိုက်မိရင်း ...





"ဟင်း ... ဟုတ်တယ်မာန် ... တစ်အိမ်တည်းအတူတူပြန်ရမယ့်ဟာ ... မိုးသိရင် စိတ်မကောင်းဖြစ်နေပါ့မယ် မာန်ရယ်"

ဦးမောင် ပြောလို့မှ မဆုံးသေး။ မိုးက ပြေးထွက်လာခဲ့ပြီး မာန်၏ လက်မောင်းကို ကျကျနန အုပ်ကိုင်လိုက်သည်။

"မာန် ... ပြန်ကြရအောင်လေ"

ထိုအခါ ဦးမောင်က မာန့်ကိုလှမ်းကြည့်၏။ ထိုအကြည့်ကို မာန်က နားလည်လိုက်တာကြောင့် ဦးမောင်ကပင် မာန့်ကို စကားဆိုလိုက်သည်။

"မာန် ... မိုးကိုခေါ်ပြီး ပြန်နှင့်လေ၊ ဦးမောင်တို့ ပစ္စည်းတွေသိမ်းပြီးပြန်လာခဲ့မယ်"

"ဟုတ်တယ် မာန် ... မိုးတို့သွားနှင့်မယ်"

ပြင်းချက်ထုတ်ပြန်လျှင်လည်း ဦးမောင်ကပြောတော့မည်။ ထို့ကြောင့် ဘယ်သူ့ကိုမှ စကားမဆိုတော့ဘဲ မိုးတွယ်ကပ်ထားသော လက်ကို ဖယ်ချကာ ကားဆီသို့ လှမ်းလာခဲ့လိုက်သည်။

ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားရပေမယ့် သူမက ချစ်တတ်သူပီပီ ခွင့်လွှတ်လိုက်ပါသည်။ သူ့နောက်ကျောကို ငေးကြည့်နေလျက်လည်း ပြုံးလိုက်မိ၏။ ထို့နောက် မျက်ဝန်းများကပါ ထပ်မံ၍ ပြုံးဖြစ်လိုက်ပြန်သည်။

သိပ်ချစ်တယ် မာန်ရယ် ... ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

ကားလေးက ကျယ်ဝန်းလှပသော ခြံကြီးထဲသို့ ကွန်ကရစ်လမ်းလေးအတိုင်း မောင်းဝင်လာခဲ့သည်။ ဘေးတစ်ဖက်မှာ သစ်ခွစင်ကြီးက လှပစွာတည်ရှိနေသလို တစ်ဖက်မှာလည်း ရေကူးကန်လေးက ရှိသည်။ အရာရာ ပြီးပြည့်စုံမှုဖြင့် လွှမ်းခြုံနေသော မိုးမြင့်သဇင်၏ဘဝကို လူတိုင်းက အားကျခဲ့၏။ မိုးမြင့်သဇင်ကို လိုချင်တပ်မက်ချင်ကြသည်။ ကမ်းလှမ်းသမျှကို မိုးက အခါခါငြင်းဆန်ခဲ့တာ ဖြစ်သည်။

ထိုသို့ ငြင်းဆန်ခဲ့ရသည်မှာလည်း မိုး၏ဘဝမှာ ပြိုးမာန်ဘွဲ့ဆိုသော သူတစ်ယောက်သာ နေရာယူစိုးမိုးထားခဲ့တာကြောင့် ဖြစ်သည်။ မာန်ရှိနေခဲ့သည့်အတွက် သူမ ဘာမှမလိုပါ။ ဘာပစ္စည်းမှလည်း မခင်တွယ်ပါ။ ဘယ်အရာနှင့်မှလည်း ပြိုစားလို့ မရနိုင်အောင် မာန့်ကိုသာ အရမ်းတွယ်တာခဲ့ ချစ်ခဲ့တာ ဖြစ်သည်။





ဆင်ဝင်အောက်သို့ ကားလေးရောက်သည်နှင့် ကောင်မလေးနှစ်ယောက်က အတင်းပြေးထွက်လာခဲ့ကြသည်။ ထို့နောက် အိမ်၏အထိန်းတော်ကြီး ဒေါ်မေထား ထွက်လာခဲ့ပြီး မိုးမြင့်သဇင်နားသို့ ရောက်လာခဲ့၏။ မိုးမြင့်သဇင်က ဒေါ်ထားကို စိုက်ကြည့်နေပြီး ...

"ဒေါ်ထား ... မိုး လှရဲ့လားဟင်"

ဒေါ်ထားက မိုးကို ခပ်ပြုံးပြုံးလေးကြည့်ကာ မိုး၏အမေးကို ကောင်းစွာ နားလည်လိုက်သည်။

"မိုးရယ် သိပ်လှတာပေါ့ ... အရင်တည်းက မြင်သူတိုင်းငေးနေရအောင် လှနေတာပဲ ... အခုလို မင်္ဂလာဝတ်စုံလေးနှင့်ဆိုတော့ မိုးက ပိုလို့တောင် လှနေသေးတယ် ... "

မိုးက ကျေနပ်စွာဖြင့် ပြုံးလိုက်သည်။ အိမ်မှာခေါ်ထားတဲ့ ညီအစ်မနှစ်ယောက်ကလည်း မိုးကိုတငေးတမောလေးဖြင့် သေချာစိုက်ကြည့်နေခဲ့ကြသည်။

မိုးကို တစိမ့်စိမ့်ကြည့်နေရှာသော ဒေါ်ထားမျက်ဝန်းတို့ကို လွှဲဖယ်လိုက်၏။ မလဲလှယ်ရသေးသော မင်္ဂလာဝတ်စုံလေးကို လဲလိုက်ရမှာ နှမြောတသဖြစ်နေမိတာကြောင့် ကိုယ့်ကိုယ်ကို ပြုံးလိုက်မိသည်။ မဟော်ဂနီရောင် ပြောင်လက်နေသော ကျွန်းလှေကားကြီး၏ လက်တန်းလေးကိုကိုင်ရင်း အပေါ်သို့လှမ်းတက်လိုက်စဉ် ...

www.burmeseclassic.com



"ဟင် ... "

မာန်က အဝတ်အစားလဲလှယ်ခဲ့ပြီး ရှပ်လက်ရှည်အဖြူပေါ်မှာ မီးခိုးရောင်အစင်းလေးတွေပါသောအင်္ကျီဖြင့် ဘောင်းဘီကိုလည်း မီးခိုးရောင်လေးဖြင့်တွဲဝတ်ထား၏။ လက်တစ်ဖက်မှာလည်း ခရီးဆောင်သေတ္တာလေးကိုင်လျက် နောက်တစ်ဖက်က ကားသော့လေးကိုင်ကာ ဆင်းလာနေသည်။

"မာန် ... ဘယ်သွားမလို့လဲဟင်"

မိုး၏အမေးကို မာန်က မျက်မှောင်ကြုတ်ကာ စူးစူးရဲရဲကြည့်လိုက်သည်။

"ပြောဖို့လိုသေးလို့လား ... "

မိုးမျက်နှာလေး ကွက်ခနဲ အရောင်ပြောင်းသွားရ၏။

"လိုတယ် မာန် ... ဒီနေ့၊ ဒီရက်၊ ဒီအချိန်ကစပြီး ရှင်ဟာ မိုးရဲ့ တရားဝင်ယောကျ်ား ဖြစ်သွားခဲ့ပြီဆိုတာ သိဖို့ကောင်းတယ်"

"ဘာ ... တရားဝင်ယောကျ်ား ဟုတ်လား၊ တော်စမ်းပါဗျာ၊ အရမ်းနားခါးတယ်၊ မကြားချင်ဘူး၊ ဒီမှာမိုး မင်းဟာ ငါ့ရဲ့ဘဝကိုထားလိုရာနေ့၊ စေလိုရာ သွားခဲ့ရသမျှ အခုမင်းစိတ်တိုင်းကျဖြစ်ပြီမဟုတ်လား ... မင်း သိပ်တော်ပါတယ် မိုးမြင့်သဇင် ... "

မာန်ပြောသမျှကို မိုးက ဟန်ဆောင်အပြုံးတွေနှင့်ပဲ နားထောင်ခဲ့၏။ မာန်ရဲ့ပေါက်ကွဲမှုတွေကို မိုးရင်ကော့ပြီး ခံနိုင်ရည်ရှိ





အောင်နေခဲ့တာ ကြာနေပါပြီလို့ မိုးရင်ထဲက ပြောနေခဲ့ပါသည်။

"ဒီမှာမိုး မင်းလိုချင်တဲ့အရာတိုင်းကို ငွေပေးပြီးဝယ်လို့ရတယ်ဆိုပေမယ့် ငွေနဲ့ပေးယူတိုင်း မရတဲ့အရာတွေရှိတယ်ဆိုတာ မင်းအခု နားလည်ပြီမဟုတ်လား ... အေး ... ငါ့ရဲ့နှလုံးသားကလည်း မင်းထင်သလို ငွေပေးလို့မရဘူး၊ ရှိသမျှ စည်းစိမ်ဥစ္စာပုံပေးလို့လည်း မတုန်လှုပ်ဘူး၊ မင်းအလှတွေပေးလို့လည်း မလှုပ်ရှားခဲ့ဘူး၊ မင်းမှတ်ထားဖို့က မင်းတို့သားအဖ ငါ့ကိုပညာတွေ သင်ပေးခဲ့တဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ် ... ဒီအတွက်လည်း ငါ့ဘဝကိုပေးဆပ်ခဲ့ပြီးပြီ၊ အခု ငါ့ဘဝကို တစ်ကပြန်စတော့မယ် ... မနက်ဖြန်နိုင်ငံခြားကိုထွက်တော့မှာမို့ မင်းကိုနှုတ်ဆက်ခဲ့တယ်၊ ငါ့ဘဝ ငါရပ်တည်နိုင်တော့မှ ပြန်လာခဲ့မယ်မိုး ... ဒါပေမဲ့ မင်းအနားကိုတော့ မဟုတ်ဘူး ... "

သူ့မ ငိုင်တွေတွေလေးဖြစ်နေရင်းမှ သတိဝင်လာသည်။

"ဘယ်လိုပြောလိုက်တယ် မာန် ... "

"မင်း ကြားတဲ့အတိုင်းပဲ ... "

သူ့မ မျက်နှာလေး တင်းခနဲဖြစ်သွားကာ နှုတ်ခမ်းတွေကို ဖိကိုက်ပစ်လိုက်မိ၏။ ဒီလောက်တောင်လုပ်ဖို့ လိုနေလို့လား။ ပြီးမှ ကိုယ့်ရင်ထဲက ဒေါသတွေကို ပြန်လျော့ချရင်း ...

"မာန် ... ရှင် ဒီလိုမလုပ်ပါနဲ့၊ ဒက်ဒီက ရှင့်စက်ရုံကို တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ယူဖို့ပြောသွားခဲ့တာပဲ၊ ဒါတွေဟာ မိုးတစ်ယောက်တည်း ပိုင်တာ မဟုတ်ဘူး ... ရှင်လည်းပိုင်တယ် ... ”

“မလိုပါဘူး ... ငါ့ဘဝတစ်ခုလုံးအတွက် လျော်ကြေးဆိုရင် တော့ ဆောရီးပဲ ... ဒါတွေ မင်းတစ်ယောက်တည်း ဦးစီးလိုက်ပေါ့”

“ရှင် သဘောထားသေးသိမ်လှချည်လား မာန်၊ ရှင့်ကိုချစ် တတ်မယ်ထင်ထားခဲ့တာ မပြောင်းလဲပါလား”

“ဟုတ်တယ် ... မပြောင်းလဲဘူး၊ ဘယ်တော့မှလည်း ပြောင်းလဲလာမှာ မဟုတ်ဘူး”

သူမက တိုးတိုးဖွဖွလေး ရယ်လိုက်သည်။

“အဟင်း ... ဟင်း ... ရတယ်လေ၊ ရှင့်စိတ်တိုင်းကျနေလို့ ရတယ်၊ ဒါပေမဲ့ ... ဒက်ဒီမျက်နှာကိုတော့ ပြန်မြင်ပြီး ဒက်ဒီ စီစဉ် ပေးခဲ့တဲ့အတိုင်း ဒီစက်ရုံကိုတော့ ရှင်ဦးစီးပါ ... မိုးတစ်ယောက် တည်း ဒီစက်ရုံကြီးတစ်ရုံလုံးကို ဦးစီးပြီး မလုပ်နိုင်ဘူး ... မိုးက ကုမ္ပဏီကိစ္စတွေနဲ့ လုံးပမ်းနေရတာ မိုးမနိုင်ဝန်မထမ်းနိုင်ဘူး”

မိုးက မာဆတ်ဆတ်လေး ပြောလိုက်တာကြောင့် မာန်က မိုးဘက်လှည့်ကြည့်ရင်း မဲ့ပြုံး ပြုံးလိုက်၏။ မျက်ဝန်းများကလည်း ရှုးစိုက်ကြည့်နေသည်။

“မာန် ... ”

“ဟင် ... ”





ခေါသံနှင့်အတူ ဦးမောင်က မာန်၏အနားသို့ ရောက်လာ သည်။

“မာန် ... မင်းလုပ်ရပ်တွေ မပြင်နိုင်တော့ဘူးလား”

“ဦးမောင်ကို ကျွန်တော်ပြောဖူးပါတယ်၊ ကြိုးဆွဲရာကနေတဲ့ အရုပ်ကလေးတစ်ရုပ်လို သက်ဝင်လှုပ်ရှားပေးခဲ့ပြီးပြီပဲ ... သူ့ အတွက် လိုချင်တာလည်း ယူခဲ့ပြီးပြီ၊ ဒီနေ့ကစပြီး ကျွန်တော့်ကို လွတ်လပ်ခွင့်ပေးပါတော့ ဦးမောင် ... ”

ဦးမောင်ကား တူဖြစ်သူ မာန်၏ပခုံးကို လှမ်းဖက်ရင်း သူ၏ လက်ဖြင့် ဆတ်ကာဆတ်ကာပုတ်၍ စကားတွေပြောနေသည်။

“မာန် ... လူတိုင်းဟာ စိတ်တိုင်းကျစရာဆိုလို့ အကုန်လုံး မပြည့်စုံနိုင်ဘူး ... တစ်ခုခုတော့ လိုအပ်နေတဲ့ လူတွေချည်းပဲ ... သားကာစတော့ မချစ်ခဲ့ပေမယ့် အနေကြာလာတာနှင့်အမျှ သံ ယောဇဉ်ဖြစ်ပြီး ချစ်သွားတတ်ပါတယ် မာန် ... ”

“တော်ပါတော့ ဦးမောင်ရယ် ... တော်ပါတော့ ... ဒါဆိုရင် ဦးမောင်ကရော ဒီအချိန်ထိ ဘာဖြစ်လို့ အချစ်ကိုမရှာခဲ့တာလဲ၊ ဘာလဲ ဦးမောင်က ချစ်တဲ့သူကို မတွေ့သေးလို့မလား”

မာန်၏အမေးကို ဦးမောင်မဖြေနိုင်ဘဲ တွေဝေစွာ ခေါင်း ငိုက်စိုက်နေခဲ့၏။ မာန်မေးသလို သူ့ဘဝမှာလည်း အချစ်ဆိုသည်ကို ဘာမှန်းပင် မသိသေးပါ။ အများအားဖြင့် သူ့ကိုဦးတပ်ခေါ်ရလောက်



www.burmeseclassic.com

www.burmeseclassic.com



အောင်လည်း ဦးဥက္ကာမောင်ကား ထင်သလောက် အသက်မကြီးသေးပါ။ မာန်နှင့်ဦးမောင်သည် အသက်အားဖြင့် ငါးနှစ်လောက်ပဲ ခြားခဲ့သည်။ မာန်၏အဖေနှင့်ဦးမောင်သည် ညီအစ်ကိုတစ်ဝမ်းကွဲ ဖြစ်ခဲ့ပြီး ဦးမောင်သည် အငယ်ဆုံး သားတစ်ယောက်ဖြစ်ခဲ့တာကြောင့် မာန်၏အဖေနှင့်ညီအစ်ကိုဆိုပေမယ့် အသက်အရမ်းကွာပြီး မာန်နှင့်မှ မတိမ်းမယိမ်းဖြစ်နေ၏။ ယခုလက်ရှိနေရာကိုလည်း သူတို့ရောက်လာပြီးမှ မာန်ဝင်လာခဲ့ရတာ ဖြစ်ပေသည်။

"ဦးမောင် ... "

"ဟင် ... "

"ကျွန်တော် သွားနေတဲ့ကာလတွေအတွင်းမှာ ဒီစက်ရုံကို ဦးမောင်တာဝန်ယူပေးပါ ... ကျွန်တော် ပြန်လာတဲ့ တစ်နေ့မှလွှဲပြောင်းယူပါ့မယ်"

စိတ်မကောင်းသလို ဦးမောင်ကြည့်တော့ သူ့မျက်နှာညှိုးသွားရသည်။ လွန်ခဲ့သည့် လတွေတည်းက ထိုအစီအစဉ်ကို သူဆွေးချာဆွဲထားခဲ့၏။ ဒီရက်မှ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေတာမလို့ သူ့ပို၍ ကျေနပ်မိသည်။ မိုးကတော့ ဆိုဖာပေါ်မှာထိုင်နေတုန်း သူ့မျက်ဝန်းတွေကို တစိမ့်စိမ့်ကြည့်နေသည်။ မျက်ဝန်းတွေက အရောင်ပြောင်းသလို တလက်လက်ဖြာထွက်နေသည်။ ထိုမျက်ဝန်းအကြည့်တွေကိုတော့ သူနားမလည်နိုင်ခဲ့ပေ။



လွဲဖယ်လိုက်သော မျက်ဝန်းတို့မှ မျက်နှာတစ်ခြမ်းစောင်းလျက် ...

"ဘယ်လိုလဲ မိုး ... ဦးမောင်ကို ခဏလွှဲထားမယ်ဆို ဖြစ်ရဲ့လား"

ထိုအခါ မိုး၏မျက်ဝန်းတို့သည် လှုပ်ရှားသွားခဲ့သည်။ သူမကိုယ်လေး ပြန်လည်အသက်ဝင်လာသလို ထင်ရ၏။ မျက်ဝန်းတွေမှိုးသွားကာ ...

"မာန် အဆင်ပြေသလိုလုပ်ပါ"

သူ အပြီးအပိုင်ထွက်မသွားတာဘဲ မိုးကျေနပ်မိ၏။ တစ်ချက်ကလေးမှ ပြန်စောင်းငဲ့မကြည့်သော မာန်သည် ခရီးဆောင်သေတ္တာလေးကို ဆွဲကိုင်ပြီး ကားပေါ်သို့ တက်လိုက်သည်အထိ မိုးငေးကြည့်နေမိသည်။ ကားပေါ်ရောက်မှ ဦးမောင်ကို လှမ်းခေါ်နေသည်။

"ဦးမောင် ကျွန်တော်နဲ့လိုက်ခဲ့ပြီး ဒီကားကို ဦးမောင်ပြန်လာပို့ပေးပါ"

"အေး ... အေး ... "

သည်အရိပ်မှလွတ်လျှင် ပြီးရောဆိုသည့်အတွေးနှင့် ဒီတစ်ညတောင်မှ မာန်ကမနေတော့။ မနက်ဖြန်ဆိုပေမယ့် ဒီကနေသွားသည်းရသည်ပဲ။ မာန်လုပ်ရပ်တွေ အကျည်းတန်နေသော်လည်း သူ့ရင်ထဲမှာ ဝေဒနာတွေအပြည့်မို့ ထပ်ပြီး မညည်းဆဲချင်တော့။ နား



www.burmeseclassic.com

www.burmeseclassic.com



လည်မှုဖြင့်သာ နေပေးလိုက်သည်။

မိုးဘက်က ကြည့်တော့လည်း အရမ်းခံစားနေရမည်ဆိုတာကို သိ၏။ သနားသော်လည်း ရပ်တည်မပေးနိုင်ခဲ့တာ ကိုယ့်ဘက်က တာဝန်မကျေ ဖြစ်ရသည်။ ရင်ထဲမှာသာ အခါခါသက်ပြင်းတွေချမိနေသည်။ ဦးမောင်က ကားပေါ်တက်ကာ စက်နှိုးလိုက်၏။ မောင်းထွက်ရန် ပြင်လိုက်စဉ်မှာပဲ ...

"ဦးမောင် ... ခဏနေပါဦး"

မိုးကပြေးလာရင်း တားလိုက်တာကြောင့် ဦးမောင်က ကားမထွက်သေးဘဲ စောင့်နေလိုက်သည်။

"မာန် ... ရှင့်ကိုပြောဖို့ ကျန်နေသေးတယ်"

မာန်က လှည့်မကြည့်ဘဲ သူမနှင့်ဆန့်ကျင်ဘက်ကိုသာ ငေးမောနေသည်။

"မိုးကိုမကြည့်လဲရတယ် ... ရှင် နားထောင်ဖို့သက်သက်ပါပဲ မာန် ... ရှင်ဘယ်ကိုသွားသွား ဘယ်နေရာရောက်ရောက် မိုးမြင့်သဇင်ဆိုတဲ့ မိန်းမတစ်ယောက်က ရှင့်ကိုပိုင်ဆိုင်ထားတယ်ဆိုတာ ရှင့်ရင်ထဲ နှလုံးသားထဲထိတိုင် မှတ်သားထားဖို့ ရှင် ဘယ်တော့မှ မမေ့ပါနဲ့"

သူက စိတ်မရှည်သလိုဖြင့် လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။





"ဦးမောင် ... မောင်းတော့ဗျာ"

မာန့်စကားကြောင့် ဦးမောင်ကလည်း မောင်းထွက်လိုက်သည်။ သူများတွေအမြင်မှာတော့ မိုးမြင့်သဇင် အရမ်းကံကောင်းပြီး ပျော်နေမှာပဲဟု ထင်ကြပေမည်။ သူမ၏မျက်ဝန်းများသည် မာန်၏ ကားလေး မြင်ကွင်းမှ ပျောက်ကွယ်သည်အထိ စိုက်ကြည့်နေမိ၏။ သို့သော် ... မျက်ဝန်းမှ မျက်ရည်များက တစ်စက်ကလေးမှ မကျခဲ့ရဘဲ ရင်ထဲမှာသာ တအိအိတလိမ့်လိမ့်ဖြင့် လှုပ်ရှားနေမိသည်။ မင်္ဂလာဝတ်စုံလေးနှင့် လှပနေသော မိုးမြင့်သဇင်၏ ခန္ဓာကိုယ်လေးမှာ ထိုနေရာတွင်ပဲ ပျော့ခွေကျသွားတော့သည်။

မိုးကို မချစ်လျှင်နေ ဘယ်မိန်းမကိုမှ ချစ်ခွင့်မရှိ။ အခုလည်း မရှိစေရ နောင်လည်း မရှိစေရ။ မိုးမြင့်သဇင်ဟူသော မိန်းမတစ်ယောက် ရပ်တည်နေသရွေ့ မည်သူ့ကိုမျှ မချစ်ရပါ။

သူမရဲ့ မာန်သာလျှင် ထာဝရ ဖြစ်စေရမည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၃ )

ကျောင်းကအပြန် နှစ်ယောက်သားစကားတပြောပြောနှင့် လာခဲ့ကြပြီး အိမ်နားရောက်ကာနီးမှပင် ပို၍ဗိုက်ကဆာလာသည်။

"တာရာ ... ငါတို့အိမ်မှာ စားမယ်မလား"

"ဘာချက်လဲ ... ကြည့်ဦးမယ်လေဟာ"

"အံမယ် ... ဟင်းမကောင်းရင် မစားဘူးပေါ့"

"အေး"

တာရာ၏အပြောကြောင့်. မုခြာက နှုတ်ခမ်းလေးမဲ့လိုက်သည်။

"ငါတို့အိမ်မှာ ဘယ်တုန်းကများ ဟင်းကောင်းဖူးလို့လဲ တာရာရယ် ..."

မုခြာ၏အပြောကြောင့် တာရာမှာ သူပြောတာ မှားသွားမိမှန်းသိလိုက်သည်။ တကယ်ဆို မပြည့်စုံတာသိရဲ့သားနဲ့ အမှတ်တမဲ့





ထွက်သွားမိတဲ့ ကိုယ့်ပါးစပ်ကို ဆုံးမလိုက်ချင်သည်။ အချိုသာဆုံး မျက်နှာဖြင့် မုခြာဘက်လှည့်ကာ ပြန်၍အားပေးစကားဖြေလိုက်သည်။

"မဟုတ်ပါဘူး မုခြာရယ် ... ငါက တမင်နောက်တာပါ"

မုခြာက မျက်တောင်လေးပုတ်ခတ် ပုတ်ခတ်ဖြင့် တာရာကို မော့ကြည့်လိုက်သည်။

"မုခြာ ... ငါပြောတာ စိတ်ဆိုးသွားလား"

တာရာက ရှေ့တည့်တည့်ရပ်နေရာမှ ကိုယ်လေးလှည့်၍ မုခြာပခုံးကိုလှမ်းကိုင်ကာ မေးလိုက်၏။

"မဆိုးပါဘူး တာရာရယ် ... ဒါ စိတ်ဆိုးစရာမှ မဟုတ်တာ၊ ကိုယ့်ဘဝကိုယ်တွေးပြီးတော့ပဲ စိတ်မကောင်းဖြစ်မိလို့ပါ"

အိမ်ရှေ့ရောက်တော့ လေ့ကားနှစ်ထစ်လောက်တက်မိသည်နှင့် အထဲမှ လွင့်ထွက်လာသော စကားသံများကြောင့် တာရာနှင့်မုခြာတို့ ခြေလှမ်းများ တုန့်ခနဲ ရပ်သွားမိသည်။

"ရှင်က အိမ်မှာထိုင်ပြီး အရက်ကလေးတမြမြနဲ့ အလုပ်မလုပ်ချင်လည်း ငြိမ်ငြိမ်သက်သက်ထိုင်စားပေါ့ ... ရိသွဲ့သွဲ့စကားမျိုးတွေကို ရှင်ပြောစရာမလိုဘူး"

"တစ်နေ့ တစ်နေ့ ဒီကန်စွန်းရွက်ကြော်ချည်းပဲ"

"ရှင့်လုပ်စာ ဘာမှမရှိဘဲနဲ့ ရှင် ချေးမများပါနဲ့ ... ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဈေးရောင်းရတာလေးနဲ့ လောက်အောင်စားရတာ၊ ရှင်မစားနိုင်ရင် မစားနဲ့"

"မင်းရဲ့ သမီးကြီးလစာကျ ဘယ်သွားထားလဲ ... ပေးစမ်း အဲဒီထဲက ငါ့အရက်ဖိုး ..."

"ရှင် တော်တော်ဒုက္ခပေးပါလား ... သမီးကြီး အကြွင်းနာ ရတဲ့လစာက တစ်လ တစ်လ အတိုးပေးရတာနဲ့ ကျွေးဆပ်ရတာနဲ့ ဘယ်မှာလောက်ခဲ့လို့လဲ၊ ရှင် ... ဒါတွေဘာမှမသိဘူးမလား၊ ရှင့်ကို အားကိုးပြီး ကျွန်မယူခဲ့မိတာ အမှားကြီးမှားတာပဲ၊ အခုတော့ ရှင်က ရှာမကျွေးတဲ့အပြင် တစ်နေ့ တစ်နေ့ ဒီအရက်ပဲသောက်နေတာ မလား"

"ဟာ ... ဒီမိန်းမ တော်တော်စကားများပါလား၊ ငါ ထက်နဲ့ လိုက်မယ် ... သွားကာ ... ငါ့ရှေ့က ထွက်သွားစမ်း ... အေး ... မင်းမသွားရင် ငါဘာသာ အရက်ဆိုင်သွားမယ်"

အိမ်ရှေ့သို့ ထွက်လာသော ဦးမင်းမောင်မှာ တာရာနှင့်မုဒြာ ကိုတွေ့လိုက်တာကြောင့် အံ့သြသွားခဲ့သည်။

"ဩော် ... မင်းတို့က အိမ်ထဲမဝင်ဘဲ စကားပြောတာ နား ထောင်နေတာပေါ့ ဟုတ်လား ... အေး ... အငယ်မ နင်လည်း ကြုပ်ကြုပ်သတိထား"

ဦးမင်းမောင်က မုဒြာ၏ရှေ့တည့်တည့်သို့ လက်ညှိုးထိုး၍





ကြိမ်းဝါးသွားခဲ့သည်။

"မုဒြာ ငါ ဒီမှာထမင်းလာစားမယ် ... ကန်စွန်းရွက်ကြော် လည်းကြိုက်တယ် ... အခု ပြန်လာခဲ့မယ်နော်၊ လွယ်အိတ်သွားထား လိုက်ဦးမယ်"

တာရာက ပြောလိုက်ပြီးသည်နှင့် ခြေတံရှည်အိမ်ကလေး၏ လှေကားထစ်တွေကို အထစ်ကျော်နင်းရင်း အပြေးထွက်သွားခဲ့ သည်။

"အင်း ... ဒီကလေး သံယောဇဉ်ကလည်း ကြီးပါလားနော်"

အမေက အိပ်ရာထဲဝင်လှဲရင်း ညည်းညည်းညူညူလေး ပြောလိုက်သည်။ ကံဆိုးရှာသော အမေ့ကိုကြည့်ပြီး သူမ မျက်ရည် လည်မိရ၏။ သူမတို့ ငယ်ငယ်လေးတည်းက ပန်းရံအလုပ်ကိုလုပ်ခဲ့ ရသော အဖေသည် တိုက်ပေါ်ကပြုတ်ကျရင်း သေဆုံးခဲ့ရ၏။ အဖေ မရှိသည့်နောက် မိသားစုတာဝန်က အမေ့ပေါ်သာ ပုံကျခဲ့သည်။ သမီးနှစ်ယောက် ကျောင်းစရိတ်ကို တစ်လမ်းဝင် တစ်လမ်းထွက် ဖြင့် ဈေးရောင်းရင်း ကြိုးစားရှာဖွေကာ ရုန်းကန်ခဲ့ရသည်။

သမီးနှစ်ယောက်အမေ တစ်ခုလပ် မုဆိုးမဖြစ်သောအမေ့ကို သူဌေးလိုလို၊ ပွဲစားလိုလိုပုံစံနှင့် ဦးမင်းမောင်ကတွေ့ပြီး သဘော ကျခဲ့ရာ ဒီတာဝန်တွေ သူယူပါရစေဟု ခွင့်ပန်ပြီး အမေ့ကိုလက်ထပ် ခွင့် တောင်းခဲ့တာဖြစ်သည်။ သူ့အကြောင်း ရေရေရာရာမသိတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ အားကိုးရမယ်ဆိုသောအသိနှင့် လက်ထပ်ခဲ့ပေမယ့် နောက်ဆုံးမှာတော့ အမေသာခေါင်းပေါ်က ဈေးတောင်းကို မချခဲ့ရဘဲ အရက်သမားဦးမင်းမောင်ကို ရှာကျွေးခဲ့ရသည်မှာ ခုချိန်ထိပင်ဖြစ်သည်။ သည်ကြားထဲ မမအကြောင်နာကိုလည်း ရိုသွဲ့သွဲ့လုပ်ချင်သေးသည်။

အမေဈေးရောင်းထွက်ပြီးပြန်လာလျှင် ထမင်းမစားနိုင်ဘာမှမလုပ်နိုင်ဘဲ လှဲအိပ်နေတော့၏။ ကြာတော့ မုဒြာစိုးရိမ်မိပြီး တာရာကိုပြောမိလိုက်ရာ တာရာကရှိသမျှ ပိုက်ဆံလေးနှင့် အမေ့ကိုဆေးခန်းလိုက်ပို့ပေးရှာသည်။ ထိုအခါ အမေ့မှာ နှလုံးရောဂါရှိနေပြီဆိုတာ သိလိုက်ရသည်။ အရင်တုန်းက ရင်ကျပ်ပန်းနာရှိခဲ့တာ ခုချိန်ထိမပျောက်။ ဆေးမြီးတိုလေးနှင့် ကုသသော်လည်း မထူးခြား။ နှလုံးရောဂါပါ နောက်ဆက်တွဲရလာပြီဆိုတော့ သူမ အမေ့ကို မကြည့်ရက်နိုင်။

"အမေ တစ်ရက် နှစ်ရက်လောက် နားလိုက်ပါလားအမေရယ် ... ဒါဆိုရင်လည်း မုဒြာရောင်းပေးမယ်လေ"

"အမလေး ... မလုပ်ပါနဲ့ သမီးလေးရယ်၊ အမေ ဘာမှမဖြစ်ပါဘူး ... အမေ့ကို စိတ်မပူပါနဲ့ ... ရပါတယ်သမီးရယ် ... "

အမေက ဘယ်လိုပဲပြောပြော ဇွတ်တရွတ်နိုင်လှသည်။ မောမောပန်းပန်းနှင့်ရောက်လာလျှင်လည်း အရက်သမား၏ ဆူညံသံကို





ကြားနေရပြန်၏။ အမေ အရမ်းပိန်ကျသွားတာကို မုဒြာသိသည်။ အခုလည်း ဦးမင်းမောင်နှင့်စကားများပြီး အမေအိပ်ရာထဲ လဲနေပြန်သည်။

"မုဒြာ"

"ဟင်"

ပခုံးကိုပုတ်ပြီး ခေါ်လိုက်တော့မှ မုဒြာအတွေးတို့ ပြတ်သွားသည်။

"မုဒြာ ဘာတွေတွေးနေတာလဲ ... ငါရောက်နေတာ ကြာပြီ၊ နင် ဘာဖြစ်နေတာလဲလို့ သေချာကြည့်နေတာ"

"အေး ... ဟုတ်တယ် တာရာ ... ငါအတွေးတွေ လွန်သွားလို့ပါ"

"ဟွန်း ... မဟုတ်တာတွေတော့ လျှောက်တွေးမနေနဲ့နော်၊ ရော့ ... "

တာရာက ပြောရင်းဖြင့် ဆွဲလာသော အထုပ်လေးတွေကို လှမ်းပေးလိုက်သည်။

"တာရာ ... ဘာတွေလဲဟင်"

"အဒေါ် ရှောက်သီးသုပ်ကြိုက်တတ်လို့ ရှောက်သီးသုပ်လေး ဝယ်လာတယ် ... နင်ကြိုက်တဲ့ ငါးသလောက်ပေါင်းရယ်"

"ဟယ် ... တာရာ နင်ဘယ်ကပိုက်ဆံနဲ့ဝယ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ငါ့ပိုက်ဆံပေါ့ မုဒြာရဲ့ … အဖေပေးထားတဲ့ပိုက်ဆံတွေ ငါ့မှာအများကြီးရှိပါတယ်"

တာရာက ပျာပျာသလဲ ရှင်းပြ၏။

"ဟုတ်သားပဲ သမီးလေးရယ် … တာရာက လူလိမ္မာလေးပါ"

လှဲနေလျက်က ကြားတာကြောင့် တာရာဘက်ကနေ အမေဝင်ပြောလိုက်၏။ တာရာ ကျေနပ်သွား၍ မုဒြာဘက်လှည့်ကာ လက်မလေးထောင်၏။ တွေ့လားလို့ မေးဆတ်ပြလိုက်သည်။

"အဒေါ် … ထမင်းစားရအောင်နော်"

အိပ်ရာထက်မှ ခွေခွေလေးလှဲနေသော ဒေါ်အေးမေကို တာရာပွေ့ထူပေးလိုက်သည်။ စောစောတည်းက မုဒြာဗိုက်ထဲမှာ တဂွီဂွီမြည်နေတာကြောင့် တာရာဝယ်ပေးသော ငါးသားလောက်ပေါင်းနှင့် အားရပါးရ စားနေတော့သည်။

တာရာကလည်း ကန်စွန်းရွက်ကြော်ကို မြိန်ရေယှက်ရေ စားနေ၏။ ထိုအခါ မုဒြာက တာရာပန်းကန်ထဲသို့ ငါးသားလောက်ပေါင်း ထည့်ပေးလိုက်သည်။

"နင်က ကြိုက်တာ နင်စားပါ"

"ဟင့်အင်းဟာ … ငါတစ်ယောက်တည်း မစားရက်ဘူး"

တစ်ယောက်ပန်းကန်ဆီ တစ်ယောက်ပြန်ထည့်ရင်း ရှ





ယှက်ခတ်နေသည်။

"ကဲ … ကဲ … နှစ်ယောက်အတူတူ မျှစားလိုက်၊ သူစား၊ ငါစားလုပ်မနေနဲ့တော့ … အမေက မတည့်လို့ နို့မို့ဆို အမေစားပစ်လိုက်တယ်"

ထိုအခါမှ နှစ်ယောက်စလုံး ပြုံးနေကြပြီး ငြိမ်သွားတော့သည်။ တာရာ ထမင်းလာစားသည့်နေ့ဆို အမေကလည်း ပျော်ရွှင်နေတတ်သည်။ တာရာနှင့်မုဒြာသည် ဟိုးငယ်ငယ်ကလေးဘဝတည်းက အတူတူကြီးပြင်းလာကြသူများ ဖြစ်သည်။ အိမ်ချင်းကတော့ အနည်းငယ်လှမ်းခဲ့၏။ ဒါပေမဲ့ … တာရာဟာ ဘယ်လိုကိစ္စတွေပဲရှိရှိ မုဒြာအတွက်ဆို အပြေးရောက်လာခဲ့တတ်သည်။ ဆင်းရဲနိမ့်ပါးသော မုဒြာကို တချို့က အထင်သေးရှုတ်ချချင်ကြ၏။ ဒါကိုလည်း တာရာကဘေးမှ မားမားကြီး ရပ်တည်ပေးခဲ့တတ်ပြန်သည်။

တာရာ အဖေ အလုပ်ကိစ္စနှင့် ခရီးသွားပြီး ပြန်လာခဲ့လျှင်လည်း စားစရာကောင်းကောင်းလေးတွေ စုံနေအောင်ပါတတ်၏။ ထိုအခါ တာရာသည် တစ်ယောက်တည်း မစားရက်ရှာ။ မုဒြာနှင့်တွေ့မှ နှစ်ယောက်အတူတူ တစ်ယောက်တစ်ဝက် စားတတ်သည်။ ပြီးတော့လည်း တစ်ယောက်ကွယ်ရာမှာ တစ်ယောက်အကြောင်း ပြောနေလျှင်လည်း ဆတ်ဆတ်ထိမခံနိုင်ခဲ့။

ငယ်သူငယ်ချင်း သံယောဇဉ်များကို မည်သူတစ်ဦးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်မျှ ဖျောက်ဖျက်လို့မရအောင် စစ်မှန်သောသစ္စာများဖြင့် တည်ရှိခဲ့ကြသည်။

ငယ်သူငယ်ချင်း သံယောဇဉ်များနှင့်သာ။

ဿဿဿ

အခန်း ( ၄ )

အိမ်ထဲသို့ဝင်လာခဲ့သော သူ၏ခြေလှမ်းများက မေမေ့ကို တွေ့လိုက်သည်နှင့် တုံ့ခနဲရပ်နေမိလိုက်သည်။

"သား တာရာ ... ကျောင်းဆင်းတယ်ဆို ပျောက်သွားတာပဲ ... ဘယ်လိုပြန်ထွက်သွားတာလဲ သားရဲ့ ..."

"ဒီနားတင်ပါ မေမေ ..."

မေမေက တာရာ၏လိမ်ပုံလိမ်နည်းလေးကို အချိုသတ်စွာ မေးလိုက်သည်။

"သား ကုမုဒြာကို တော်တော် သံယောဇဉ်တွယ်နေပြီလား"

"မေမေက ဘာလို့ပြောတာလဲ ... မုဒြာနဲ့သားဟာ ဟိုးငယ်ငယ်လေးကတည်းက အတူတူကြီးပြင်းခဲ့ရတဲ့သူပါ မေမေ ..."

"သားအပြောပဲ နားထောင်ရမှာပေါ့ ... စေတနာတွေ ရေစီး



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပြိုသိပ်မလိုက်ချင်နဲ့ ... ”

မေမေ့စကားကြောင့် တာရာမျက်နှာ ကွက်ခနဲ ပျက်သွားမိ၏။ တာရာနှင့်မုဒြာ ငယ်ငယ်လေးတည်းက တွဲနေခဲ့သည်ကို မေမေက သိပ်မကြိုက်ချင်။ မကြိုက်ပေမယ့်လည်း နှိမ့်ပါးလှသော မုဒြာဘဝလေးကို သနားသည်။ ရိုးသားဖြူစင်သလို စာလည်းတော်သည်။ အနေအေး၍ ဘဝမပြည့်စုံသူလေးမို့ တာရာခင်သလို မုဒြာကလည်း ခင်တွယ်သည်။

“သား ... မေမေပြောတာ ကြားတယ်မလား”

“ဟုတ်ကဲ့” လို့သာပြောရင်း စိတ်ထဲသိပ်မကြည်ချင်။ ဖေဖေဆိုလျှင် ဘယ်တော့မှ သည်လိုမပြောခဲ့။ မေမေကလည်း ဖေဖေ့ရှေ့မှာဆို သူများအကြောင်းပြောတာ မကြိုက်၍ မပြော။ ဒါပေမဲ့ ဖေဖေ့ ကွယ်ရာကျလျှင်တော့ မနားတမ်းပြောတော့သည်။ သုံးယောက်ထဲသာရှိသော မိသားစုဘဝမှာ အပူအပင်အကြောင်းအကျ မရှိဘဲ နေနိုင်ခဲ့၏။ ဖေဖေက အစိုးရဘဏ်တစ်ခုမှာ မန်နေဂျာရာထူးဖြင့် အလုပ်လုပ်နေရင်း ခပ်အေးအေးသမားဖြစ်တာကြောင့် အထူးတလည် ဘာမှဝင်မပြောခဲ့ပေ။ တာရာနှင့်ပတ်သက်၍ မုဒြာတို့မိသားစုလေးကိုတော့ မေးတတ်သည်။ ထိုအခါမျိုးတွင် တာရာက ရေပက်မဝင်အောင် ပြောပြတော့၏။ ဒါဆိုလျှင် မေမေက မကြိုက်ပြန်။





မုဒြာကလည်း ငယ်ငယ်လေးတည်းက မေမေမကြိုက်မှန်းသိ၍ သိပ်ပြီးမလာခဲ့ပါ။ မေမေက မုဒြာအပေါ် ထိုသို့ဆက်ဆံခဲ့လျှင်လည်း တာရာ ရင်ထဲမှာစိတ်မကောင်း ဖြစ်ရ၏။ အားငယ်သူကို မညှာတတ်သော မေမေ့ကို သူဘယ်လိုနားလည်ရမှန်း မသိပေ။ မုဒြာအပေါ်ထားတဲ့ သူ့ရဲ့သံယောဇဉ်ကို အလွယ်တကူ မပြတ်သားခဲ့တာကြောင့် ကြည့်နေပုံရသည်။

မင်းကအရွယ်ရောက်နေပြီဖြစ်တဲ့ ယောကျ်ားလေး တစ်ယောက်ပဲ ... ဒီလိုတပူးပူးတတွဲတွဲ သွားနေတာ မေမေ မကြိုက်ဘူး”

“မေမေ မုဒြာတို့ဟာဆင်းရဲပေမယ့် ရိုးသားတဲ့မိသားစုဆိုတာ မေမေလည်း သိပါတယ်”

“အေး ... အဲဒီလို ဆင်းရဲနေလို့လည်း မင်းကို ဒီလိုဘဝမျိုးထဲ ရောက်သွားမှာစိုးလို့ ပြောနေတာ”

ဩော် ... မေမေ့စိတ်ထားက ဒီလိုပါလားဟု တာရာ သဘောပေါက်လိုက်မိသည်။ မေမေ့ကို စိတ်မသက်သာစွာကြည့်ရင်း ...

“မေမေ ဆင်းရဲတာလည်း လူပါပဲ ... ”

“ဘာ ... ”

တာရာပြောပြီး ချာခနဲ လှည့်ထွက်လာခဲ့၏။ မေမေ ဒေါသဖြစ်လျက် ကျန်နေခဲ့တာကိုတွေးပြီး စိတ်ပျက်လက်ပျက် အပြင်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့သည်။ လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး အချိန်ဖြုန်းနေလိုက်တော့သည်။ ဘယ်တော့မဆို မေမေတစ်ယောက်ဟာ မုဒြာအပေါ် အမြဲတမ်း မျက်မုန်းကျိုးနေတာလားမသိ။ ပြောလိုက်ပြီဆို မုဒြာမကောင်းကြောင်း သူ့ရှေ့မှာလည်း ပြောတတ်သလို ကွယ်ရာမှာလည်း ပြောတတ်သည်။ အိမ်ကို လည်တဲ့သူမှန်သမျှကိုလည်း မုဒြာမကောင်းကြောင်းတွေပဲ ပြောတတ်၏။ မုဒြာကို ဒီလိုအပြောတွေပြောခံရတိုင်း ပို၍သနားရပြန်သည်။

ထိုအတောအတွင်း သူသွားလာခဲ့သော နေရာတိုင်းမှာ သူနှင့်မုဒြာကိုကြည့်ပြီး မကြားတကြားပြောသူကပြော၊ မေးငေါ့ပြီးဆိုသူကဆိုနှင့် ကြာလာတော့ သူ မုဒြာကို အားနာမိရသည်။

"ဂရုစိုက်မနေပါနဲ့ တာရာရယ် ... လူတွေက ဒီလိုပဲ"

မုဒြာက ထိုသို့ပြောလျှင် သူမျက်နှာ ပိုပူရ၏။ မုဒြာနှင့်သူငယ်ဘဝတည်းက ခင်တွယ်ခဲ့ရတာကြောင့် မုဒြာကို သူ အရိပ်တကြည့်ကြည့်နေခဲ့ရင်း မုဒြာမျက်နှာမကောင်းဖြစ်လျှင် သူ့မှာပျာပျာသလဲ ဖြစ်ရ၏။ မုဒြာကို စိတ်မဆင်းရဲစေချင်၊ မေမေ ဘယ်လိုပဲ မုဒြာဆီမသွားရန် အကြောင်းအမျိုးမျိုးပြခဲ့ပေမယ့် သူကတော့ မရောက်ရောက်အောင် သွားတတ်သည်။ အရွယ်လေးတွေ ရောက်လာတာနှင့်အမျှ ငယ်ငယ်တုန်းက ထားခဲ့တဲ့ သံယောဇဉ်ကလည်း အရောင်ပြောင်းလာခဲ့၏။ ရင်ထဲမှာခံစားမိရင်း သူ့ကိုယ်သူ သိခဲ့တာကြောင့် ပတ်ဝန်းကျင်၏ ကဲ့ရဲ့မှုတွေကို ရင်မဆိုင်ရဲတော့သလို ဖြစ်





ခဲ့မိသည်။

မေမေအပါအဝင် ရပ်ကွက်ထဲမှပြောလာကြသော စကားတွေကြောင့် နောက်ပိုင်းမှာ မုဒြာနဲ့အသွားအလာ၊ အနေအထိုင်ဆင်ခြင်ဖို့ သူလည်း စဉ်းစားမိခဲ့၏။

သို့သော် မုဒြာနှင့်အမြဲတမ်း မြင်တွေ့နေရတဲ့အခါမှာတော့ သူဘယ်လိုမှ မခေါ်မပြောဘဲ တိမ်းရှောင်မနေနိုင်။ တစ်နေ့တစ်ခြားလှပလာသော မုဒြာကိုလည်း စိတ်မချနိုင်ခဲ့။ တကယ်လည်း ဝင်းဝင်းပပလေးနှင့်လှသော မုဒြာကြောင့် သူ့မျက်ဝန်းတွေထဲက ဘယ်လိုမှလွှဲဖယ်လို့မရနိုင်တာဖြစ်သည်။ ထိုအကြောင်းတွေကို သိကြသော သူငယ်ချင်းတွေက သူ့ကိုတွေ့တာနှင့် ပခုံးပုတ်ပြီး စနောက်လာကြတတ်၏။

"ကုမုဒြာက တစ်နေ့တခြား ပိုလှလာတယ်နော်"

"တာရာ ... ကုမုဒြာက မင်းနဲ့ဘယ်လိုလဲ"

"တာရာ ဒီနှစ်ဆယ်တန်းအောင်ရင် တက္ကသိုလ်တက်ရမှာနော် ... တော်ကြာ ကုမုဒြာကို လိုက်မမီဘဲဖြစ်နေဦးမယ် ... မင်းခုကတည်းက ဖွင့်ပြောထားနော်"

ထိုစကားတွေကို ကြားနေရတိုင်း တာရာ ရင်မှာစိတ်လှုပ်ရှားခဲ့ရ၏။ သူ ဆယ်တန်းအောင်ပြီးသည်နှင့် အစေးသင်တက်ရင်း အလုပ်လုပ်မယ် စိတ်ကူးထားခဲ့ပေမယ့် ဖေဖေနှင့်မေမေက ဘာပြောမလဲမသိ။



www.burmeseclassic.com

မုဒြာကတော့ ဘယ်လိုနည်းနဲ့မှ ကျောင်းမတက်နိုင်တာ သူ အသိဆုံးဖြစ်၏။ စာပေးစာယူ ဖြေလျှင်တောင်မှ အနည်းအကျဉ်း တော့ ကုန်မှာပဲဆိုတာသိသည်။ စားဖို့တောင် မလုံလောက်တာ သူမ ဘယ်လိုဖြေနိုင်မှာလဲ။ ကူညီချင်ပေမယ့်လည်း ရင်ထဲမှာသာ ရှိသည်။ ပြန်စဉ်းစားမိတော့ စာမေးပွဲတောင် မဖြေရသေး။ အတွေး ဖြင့် စဉ်းစားရင်း ပြုံးမိလိုက်သည်။ ဒါပေမဲ့လည်း ရင်ထဲမှာ ခံစားနေ ရတာတွေက မပျောက်ချင်သေး။ ဘာတွေခံစားနေရတာလည်းဆို တော့ ခံစားမှုက ထုတ်ဖော်မပြောနိုင်အောင် ဘာမှန်းတောင်မသိ ဖြစ်နိုင်လျှင်တော့ ခုလောလောဆယ်မှာ အိမ်ကိုလည်း မပြန်ချင် သေး။ မုဒြာနှင့်ပတ်သက်ပြီး မေမေကလည်း မကြည်လင်ဘဲရှိတာ ကြောင့် အိမ်မှာနေရတာလည်း စိတ်ညစ်လှ၏။

သူ့စိတ်တွေ ဘာဖြစ်နေမှန်းမသိအောင် အဖြေရှာမရပါ။ စဉ်း စားမိနေတာ တစ်ခုတော့ရှိ၏။ ကိုယ် ကိုယ်တိုင်သာ သိနေခဲ့သော ရင်ထဲကအကြောင်းများကတော့ မပြည့်စုံရှာသော ကုမုဒြာဘ လေးအတွက် သူကိုယ်တိုင်ကူညီဖေးမပေးခဲ့ချင်တာပဲ ဖြစ်သည်။ မင်းအတွက် ရပ်တည်ပေးပါရစေ ကုမုဒြာရယ်။

❀❀❀

အခန်း ( ၅ )

အလုပ်ကပြန်လာတိုင်း မြင်နေရတဲ့မမမျက်နှာ ဒီနေ့ပို၍ ရွှင် လန်းနေသည်။ မမ တစ်ခုခုကို ကျေနပ်နှစ်သိမ့်နေတာပဲဟု မုဒြာ တွေးရင်း မမအခန်းထဲတန်းဝင်သွားသည့်နောက်သို့ လိုက်ခဲ့လိုက် ၏။ ဒီနေ့ မမလခထုတ်ရက် ဖြစ်တာကြောင့်လား။

အခန်းထဲဝင်လာသော မုဒြာကို မမက တစ်ချက်ငဲ့ကြည့်ပြီး

"မုဒြာ ... အမေနေကောင်းရဲ့လား ..."

"ဒီလိုပါပဲမမရယ် ... မမ ဒီနေ့ပျော်လာပုံရတယ်၊ လခထုတ် ရက်မို့လားဟင်"

မုဒြာ၏အမေးကို မမက ဘာမှမဖြေသေးဘဲ အင်္ကျီအပါး လေးတစ်ထည်ကို လဲဝတ်နေသည်။ ခါတိုင်း လခထုတ်ရက်ဆိုလျှင် ပိုက်ဆံက အကြွေးပေးရတာနှင့်ပဲ ကုန်လုလုဖြစ်ခဲ့ရ၏။ မမ အလုပ်သွားဖို့ ကားခတောင် လောက်ငအောင်မကျန်ခဲ့ပေ။ လ



www.burmeseclassic.com

www.burmeseclassic.com



မကုန်ခင် ဟိုကလှည့် ဒီကလှည့်နှင့် လခထုတ်တော့လည်း ဟိုဆပ်၊ ဒီဆပ်နှင့် သံသရာလည်နေရ၏။ ဒါတွေကိုသိနေလျက်နှင့် မမဒီနေ့ ရွှင်ပျနေတာမြင်တော့ မုဒြာ အံ့ဩရသည်။ မနေနိုင်သည့်အဆုံး မမ မျက်နှာလေးကိုကြည့်ပြီး မေးလိုက်သည်။

"ခါတိုင်း လခထုတ်ရက်ဆို မမဘယ်မှာစိတ်ချမ်းသာခဲ့လို့လဲ လာ ... ညီမလေးမုဒြာ အမေ့နားသွားရအောင်"

အိပ်ခန်းကျဉ်းကျဉ်းလေးထဲမှာ လဲနေသော အမေသည် တစ်နေ့ထက်တစ်နေ့ ပိန်ချုံးလာခဲ့၏။ အမေ့ကိုကြည့်လျက် အကြင်နာနှင့်မုဒြာတို့၏ ရင်ထဲဝယ် စိတ်မကောင်းဖြစ်ရပြီး မျက်ရည်များပင် ဝဲတက်လာရသည်။ ဈေးတောင်းခေါင်းပေါ်ရွက်ရင်း တစ်လမ်းဝင် တစ်လမ်းထွက်နှင့် နေပူမိုးရွာမရှောင် ရောင်းခဲ့သည်။ အမေရယ် မရောင်းပါနဲ့ပြောတော့လည်း လက်သင့်မခံ။

"သမီးရယ် အမေဈေးမရောင်းရင် ဘယ်လိုစားမလဲ၊ သမီးကြီးရဲ့လစာခလည်း အကြွေးလေးတွေ ဆပ်နေရတာနှင့်ပဲ သူ့မှာ ကျန်တော့တာမဟုတ်ဘူး ... ဒီကြားထဲ ဟိုအရက်သမားကိုပေးရသေးတယ်လေ၊ မပေးရင်လည်း အော်ဟစ်သောင်းကျန်းနေတာ သမီးသိတယ်မလား ... ရပ်ကွက်ထဲမှာ ဘယ်လောက်ရှက်ဖို့ကောင်းလဲ သမီးရယ် ..."

အမေပြောတဲ့စကားက နားထဲက မထွက်ခဲ့ပါ။





"အမေ"

အမေက မမအကြင်နာအသံကြားလိုက်တာနှင့် ချက်ချင်းပင် ထထိုင်လိုက်သည်။

"မထပါနဲ့အမေ ... အမေ နေသာသလိုနေပါ"

"အမေ ဘာမှမဖြစ်ပါဘူးကွယ် ... သမီးကြီး ဒီနေ့ပြန်လာတာ စောသားပဲ"

"ဟုတ်တယ်အမေ ... အမေ့ကို ပြောစရာရှိလို့ ..."

ပြောစရာရှိတယ်ဆိုသည့်အတွက်ကြောင့် အမေက ကြားချင်လှစွာ အကြင်နာရှေ့နားသို့ တိုးလိုက်သည်။ မုဒြာကလည်း မမဘက်သို့ လှည့်ထိုင်လိုက်သည်။

အကြင်နာက ပြုံးလျက် ...

"အမေ ... အမေ မနက်ဖြန်ကစပြီး ဈေးမရောင်းနဲ့တော့"

"ဟင်"

"တကယ် ... တကယ်လား မမ ... ဘာဖြစ်လို့လဲဟင်"

"မမ လစာတိုးတယ် ... ဟုတ်တယ်အမေ သမီးဒီလကစပြီး လစာတိုးတယ် ... မန်နေဂျာက လစာတစ်ဝက်တိတိကို တိုးပေးတာအမေရဲ့"

"ဝမ်းသာလိုက်တာ မမရယ် ..."

"မမ ဒီနေ့လစာတိုးပေးလို့ ဝမ်းသာလာတာ၊ အမေ့ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းပြလို့ရပြီ ... အမေ စိတ်မပူနဲ့နော်၊ အမေ့ကို သမီးဆေးခန်းပြပေးမယ်"

အကြင်နာစကားကြောင့် အမေသည်ပြုံးရင်း မျက်ရည်များပင် ကျခဲ့ရသည်။ သူ့ကိုယ်သူလည်း ဦးမင်းမောင်ကို ယူမိသည့်အတွက် အပြစ်တင်၍မဆုံး။ ဖွတ်ထွက်မှ တောင်ပို့မှန်း သိလိုက်ရတဲ့အချိန်မှာ အရမ်းပင် နောက်ကျခဲ့ရသည်။ သူ့ရောဂါအခြေအနေကိုလည်း သူသိနေခဲ့၏။ တစ်ခါတစ်ခါ ရင်ထဲမှာ ကျပ်တက်လာပြီဆိုလျှင် အသက်ရှူမဝ ဖြစ်ရသည်။ သမီးတွေကိုပြောပြလျှင် အရမ်းစိတ်ပူမှာစိုးတာကြောင့် ဆေးခန်းသွားဖို့ကလည်း လက်ထဲမှာ ပိုက်ဆံမရှိ။ ဒါကြောင့်ပင် ... သူမမှာ ရေငုံနှုတ်ပိတ်နေခဲ့ရသည်။

"အမေ"

မုဒြာ၏အသံကြောင့် အမေက မျက်ရည်တွေကို သုတ်လိုက်ပြီး ...

"ဘာလဲ သမီးလေး ... "

"မငိုပါနဲ့တော့ အမေရယ် ... အမေ ဈေးရောင်းထွက်စရာမလိုတော့ဘူး၊ နောက်ပြီး ဆေးခန်းသွားပြလိုက်ရင် အမေ နေကောင်းသွားမှာပါ"

မုဒြာက အမေ၏လက်ကလေးကို ဆုပ်ကိုင်ရင်း အားပေးနေရှာသည်။





"မုဒြာ အမေ့အတွက် ဘာဟင်းရှိလဲဟင်"

"မမရယ် ... ဘာမှမရှိတော့ ထုံးစံအတိုင်း ကန်စွန်းရွက်ပဲပေါ့"

"ညီမလေး အချိန်စောသေးတာပဲ ... အမေ့အတွက် ဆန်ပြုတ်လေး ပြုတ်ပေးရအောင်"

"မမ ... ဒါဆို မုဒြာ သွားဝယ်လိုက်မယ်နော်"

အကြင်နာပေးသော ထောင်တန်လေးတစ်ရွက်ကိုင်၍ ပြေးထွက်သွားသည်။ ဖျတ်လတ်သွက်လက်နေသော ညီမလေး၏နောက်ကျောကိုကြည့်နေရင်း အကြင်နာမျက်ဝန်းမှ မျက်ရည်တွေဝေ့တက်လာရ၏။ အမေ့ကိုကြည့်လိုက်တော့ မျက်လုံးတွေမှိတ်ကာမှိန်းနေသည်။ သက်သာသလို ငြိမ်နေသော အမေ့ကို အကြင်နာနောက်ထပ်စကားတွေ မဆက်သေးဘဲ တစ်ယောက်တည်း စဉ်းစားနေမိ၏။ ဦးဥက္ကာမောင် ပြောခဲ့သော စကားတွေကို သူမနားထဲမှာ ပြန်လည်ကြားယောင်နေမိသည်။

"အကြင်နာ ဒီလကစပြီး မင်းကို လစာတိုးပေးလိုက်မယ်"

"ရှင်"

"မအံ့ဩပါနဲ့ အကြင်နာ ... ပေးသင့်ပေးထိုက်လို့ပါ၊ ဘာအတွက်ကိုမှ ရည်ရွယ်ပြီးပေးတာမဟုတ်ပါဘူး ... မင်းက အလုပ်ကြိုးစားတယ်၊ အချိန်တိကျတယ်၊ သစ္စာရှိသလို လောဘလည်း



www.burmeseclassic.com

www.burmeseclassic.com



မကြီးတတ်ဘူး ... ဒါကြောင့် ရိုးသားကြိုးစားတဲ့မင်းကို တိုးမြှင့်ပေးတာပါ"

အကြင်နာ၏ မျက်ဝန်းလေးတွေသည် မျက်တောင်ကော့ကော့လေးတွေကြားမှ ပို၍ဝိုင်းစက်သွားရ၏။ မျက်ဝန်းများမှလည်း မျက်ရည်တွေက ဝေ့လည်နေပြီဖြစ်တော့သည်။

"အကြင်နာ ညနေရုံးဆင်းရင် ကျွန်တော်လိုက်ပို့ပေးပါရစေ"

မန်နေဂျာ ဦးဥက္ကာမောင်၏စကားကြောင့် အကြင်နာခေါင်းလေးရမ်းကာ ...

"ဟို ... ရပါတယ် ဦးဥက္ကာမောင်၊ ကျေးဇူးတင်ပါတယ်"

"မငြင်းပါနဲ့ အကြင်နာ ... ကျွန်တော် လိုက်ပို့ပေးချင်လို့ပါ"

"ရှင်"

"ညနေ ကျွန်တော် စောင့်နေမယ်၊ ကဲ ... အကြင်နာ သွားနိုင်ပါပြီ"

သူမ ဘာထပ်ပြောရမှန်းမသိ နောက်ထပ်ငြင်းဆန်လျှင်လည်း လက်လျှော့ဖို့မမြင်၊ ရင်တွေတုန်နေရင်းမှ နောက်ထပ်စကားဆက်ဖို့အားယူလိုက်သည်။ ထိုအချိန်မှာပဲ ရုံးဝန်ထမ်းတစ်ယောက်ပြီးတစ်ယောက်က လစာလာထုတ်ကြသည်။ ထို့ကြောင့် သူမလက်လျှော့ကာ ပြန်လှည့်ခဲ့လိုက်သည်။

ဦးဥက္ကာမောင် သူမကို အရမ်းအရေးပေးနေတာတွေ သိသာ





လွန်းနေ၏။ စက်ရုံတွင်းမှာရှိသော လူတွေကလည်း မကြားတကြား ပြောနေကြသည်မှာ အကြင်နာကြားခဲ့၏။ ဒီလိုမျိုးတွေအတွက် အစကတော့ အကြင်နာရှက်လည်းရှက် ကြောက်လည်းကြောက်ခဲ့ရ၍ တကယ်တမ်းတွေးကြည့်တော့ ဦးဥက္ကာမောင်လို ရုပ်ရည်ချောမောပြီး ရိုးသားကြိုးစားတဲ့ မန်နေဂျာတစ်ယောက်ကသူမကို အရေးပေးနေသည်မှာ အကြင်နာအတွက် ဘယ်လိုမှ သိက္ခာမကျနိုင်ပေ။ ညနေရုံးဆင်းကာနီးအချိန်တွင် အကြင်နာနားသို့ ဦးဥက္ကာမောင် ရောက်လာပြီး ...

"အကြင်နာ ပြန်တော့မယ်မလား ... လာလေ ... "

စလင်းဘတ်အိတ်အကြည်လေးကိုလွယ်ကာ တစ်ဖက်က ထီးနှင့်ထမင်းချိုင့်ထည့်ထားသော အိတ်ကလေးကိုင်ထား၏။ စက်ရုံအပြင်ဘက် ကားနားရောက်တော့ ဦးဥက္ကာမောင်က ကားတံခါးဖွင့်ပေးလိုက်သည်။ အကြင်နာ တားပေါ်ရောက်သွားသည်နှင့် မျက်လုံးပေါင်းများစွာတို့၏ အကြည့်က အကြင်နာ့ထံရောက်ခဲ့ပေမယ့် အကြင်နာ လစ်လျူရှုခဲ့၏။ ခံနိုင်ရည်ရှိအောင် ကြိုးစားခဲ့သည်။

"အကြင်နာ"

"ဟင်"

ဦးဥက္ကာမောင် ခေါ်လိုက်တာကြောင့် အကြင်နာ လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အကြင်နာ ကျွန်တော့်အကြောင်းကို ဘာတွေသိထားလဲ ဟင်"

"ရှင် ... "

"ဪ ... အကြင်နာသိသ၍ ပြောပါ"

"ဟင့်အင်း ... အကြင်နာ ဘာမှမသိဘူး"

"ဒါဆိုရင် ကျွန်တော့်အကြောင်းလေးတွေ အကြင်နာကို ပြောပြချင်တယ် ... အကြင်နာ နားထောင်ပေးမယ်မလား"

ဦးဥက္ကာမောင်က သူ့အကြောင်းပြောပြချင်နေတာကြောင့် အားနာစွာဖြင့် သူမ ခေါင်းညိတ်လိုက်သည်။

"အကြင်နာ နားထောင်ပေးမယ်ဆိုတဲ့အတွက် ကျွန်တော် ဝမ်းသာပါတယ် ... စ,စဦးဆုံးပြောရရင်တော့ ကျွန်တော်က မိန်းမ မရှိသေးတဲ့ လူလွတ်တစ်ယောက်ပါပဲ"

ဟင် ... ဘယ်လိုလူလည်းမသိဘူး၊ သူ့မိန်းမ မရှိတာများ လာပြောနေရသေးတယ်။

အကြင်နာ တိုးတိုးလေး ရေရွတ်လိုက်မိပါ၏။ ထိုအခါ သူက စကားကို ဆက်ပြန်သည်။

"ကျွန်တော့်မှာ အမေပဲရှိတော့တယ်၊ အဖေကတော့ ကျွန်တော်ငယ်ငယ်လေးတည်းက ဆုံးသွားပြီ ... အမေကလည်း စစ်ကိုင်းချောင်မှာ တရားအားထုတ်နေတာ ကြာခဲ့ပြီလေ၊ နောက်





ကျွန်တော်စီးနေတဲ့ကားကလည်း သူဌေးရဲ့ကားပါ ... ဒါပေမဲ့ လိုသလို ယူသုံးခွင့်ရှိတယ်၊ ကျွန်တော်က မန်နေဂျာတစ်ယောက်ဆို ပေမယ့် ကိုယ်ပိုင်ကားဆိုတာ မရှိသေးပါဘူး ... အခုလောလော ဆယ်မှာ ကျွန်တော်ပိုင်တာကတော့ ကိုယ့်ကိုယ်ကိုနဲ့ တိုက်ခန်း လေးတစ်ခန်းရယ်ပဲ ရှိတယ်"

အကြင်နာသည် ဦးဥက္ကာမောင် ဘာကိုရည်ရွယ်ပြီး ပြောမှန်း မသိပေ။ သူမ၏မျက်ဝန်းများက ရှေ့သို့သာစူးစိုက်ကြည့်နေရင်း မျက်တောင်လေးတွေက ပုတ်ခတ် ပုတ်ခတ် ဖြစ်နေရသည်။

"အကြင်နာ"

"ရှင်"

"ကျွန်တော် အကြင်နာကို လက်ထပ်ပါရစေ"

"ရှင်"

ပြောမယ့်ပြောတော့ ချက်ချင်းကြီး ပြောချလိုက်တဲ့စကား ကြောင့် အကြင်နာပါးလေးနှစ်ဖက် ရဲသွားရ၏။

ဦးဥက္ကာမောင်က ကားလေးကို လမ်းဘေးသို့ထိုးရပ်လိုက် သည်။ အကြင်နာလက်ကလေးကို လှမ်းကိုင်လိုက်တာကြောင့် အကြင်နာက လန့်ဖျတ်ပြီး လက်ကိုဆတ်ခနဲ ရုတ်လိုက်မိသည်။ ဒါကို ဦးဥက္ကာမောင်က သဘောကျစွာပြုံးရင်း ...

"ကိုယ့်ကို မကြောက်ပါနဲ့အကြင်နာ၊ ကိုယ် ... မင်းကိုချစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



မိသွားလို့ ကိုယ့်ကိုလက်ထပ်ခွင့်ပေးနိုင်မလား"

အကြင်နာ မျက်ဝန်းတွေ တစ်နေရာတည်းသို့ ငေးစိုက်ကြည့်နေမိ၏။ ထိုအခါ ဦးဥက္ကာမောင်က အကြင်နာကိုကြည့်လျက် ဆိုသည်။

"အကြင်နာ ကိုယ့်ကိုနားလည်မပေးနိုင်ဘူးလား"

အကြင်နာက ပြုံးလိုက်၏။ ထိုအပြုံးသည် သက်ဝင်လှုပ်ရှားနေခဲ့သည်။

"ဦးဥက္ကာမောင် အကြင်နာဘဝကိုရော သိလို့လား"

"ကိုယ် အားလုံးသိပါတယ် အကြင်နာ ... မင်းမိသားစုလေးဟာ ကိုယ့်မိသားစုလေးပဲ ဖြစ်ရမှာပေါ့ ... ဆင်းရဲတယ်ဆိုတာ အပြစ်တစ်ခုမှ မဟုတ်တာ၊ ဘဝပေးကုသိုလ်ကံကြောင့်ပါ"

ဦးဥက္ကာမောင်က ကားလေးကိုမောင်းနေရင်း အကြင်နာကို အားပေးစကားတွေ ဆိုခဲ့သည်။ ကားလေးက သူမတို့လမ်းထိပ်ရောက်တော့ အကြင်နာက ဦးဥက္ကာမောင်ကို ရပ်ခိုင်းလိုက်သည်။

"ဦးဥက္ကာမောင် ကားကို ဒီထိပ်မှာပဲရပ်ပေးပါနော်"

အကြင်နာပြောတဲ့အတိုင်း သူရပ်ပေးလိုက်သည်။

"ကိုယ့်ကို အိမ်အထိတောင် မခေါ်တော့ဘူးလား"

"အကြင်နာလည်း ခေါ်ဖို့စဉ်းစားထားပါတယ် ... ခုနေမှာတော့ မလိုက်ပါနဲ့ဦး"





"ကောင်းပါပြီဗျာ ... အကြင်နာ သဘောပါ"

ရိုးသားသော အကြင်နာမျက်နှာလေးသည် အပြစ်ပြောစရာမရှိအောင် ဆေးမကူဘဲ လှနေသည်။ လှပသော အသားအရည်လေးတွေက ဝင်းပစိုပြေနေသည်။ ပို၍လှသည်က မဲနက်ဖြောင့်စင်းကျသော ဆံကေသာတွေပင် ဖြစ်သည်။ ထူထဲသော မျက်တောင်ရှည်ကော့ကော့ကြီးတွေက သူမမျက်ဝန်းတွေကို ချိုလွှာတစ်ခုကဲ့သို့ဝန်းရံထား၏။ ပြုံးပြနေသော အကြင်နာကို သူတခဏမျှ ငေးမိသွားသည်။ ကားပေါ်ကဆင်းပြီးသည်နှင့် အကြင်နာက သူ့ကိုလှမ်းနှုတ်ဆက်သည်။

"အကြင်နာ သွားတော့မယ် ... ကျေးဇူးလည်းတင်ပါတယ် ဦးဥက္ကာမောင်"

"အကြင်နာ ... ကိုယ်ဘယ်တော့သိရမှာလဲ"

"ဟင်း ... အကြင်နာ စဉ်းစားပါရစေဦး ဦးဥက္ကာမောင် ... အကြင်နာအမေနဲ့ညီမလေးကို တိုင်ပင်လိုက်ပါဦးမယ်"

ဦးဥက္ကာမောင် ကျေနပ်စွာဖြင့် ခေါင်းညိတ်သည်။

"ကျေးဇူးပါပဲ အကြင်နာ၊ ကိုယ့်ဘဝနဲ့ အကြင်နာဘဝ တစ်ထပ်တည်း အတူတူကျချင်တယ်"

အကြင်နာက မျက်လွှာလေးချ ခေါင်းလေးငုံ့နေ၏။ သူ့ကားလေးထွက်သွားမှ စုန်နေသော သူမ၏ရင်အစုံကို ငြိမ်အောင်ထိန်း



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ရင်း ကြည်နူးမှုလေးဖြင့် ပြန်ခဲ့တော့သည်။

"မမ"

ဘေးနားမှ ညီမလေး၏ ခေါင်းနှင့်အတူ ပါးပြင်မှလိမ့်ကျလာသော မျက်ရည်တို့ကို ညီမလေးက တယုတယ သုတ်ပေးနေ၏။

"မမ ဘာဖြစ်လို့လဲဟင် … မျက်ရည်တွေကျပြီး မမမျက်နှာက ပြုံးနေတယ်"

မုဒြာက မျက်ရည်လေးတွေ သုတ်ပေးနေပေမယ့် သူမကိုယ်တိုင်ကလည်း မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့လည်နေပြီဖြစ်သည်။

"မမ အမေ့အတွက် ဆန်ပြုလေးရပြီ"

မုဒြာ ယူလာသော ဆန်ပြုတ်ပန်းကန်လေးက အငွေ့ တထောင်းထောင်းထနေ၏။ အကြင်နာက လူမမာအမေ့ကို ပွေ့ထူလိုက်သည်။

"အမေ … ဆန်ပြုတ်သောက်ရအောင်နော်"

အမေက ညည်းညူနေရင်းမှ အားယူပြီး ထရှာ၏။ ဘယ်တော့မဆို နေမကောင်းဖြစ်လျှင်တောင် အိပ်ရာထဲမှာမလှဲ၊ ဆေးမြီးတိုလေးသောက်လိုက်ရင်း တောက်တိုမယ်ရ လျှောက်လုပ်တတ်သည်။ အခုကတော့ တော်တော်လေးမဟန်နိုင်၍သာ လဲနေတာဖြစ်မည်။ အကြင်နာတိုက်သော ဆန်ပြုတ်ကို အမေတော်တော်





လေး သောက်လိုက်၏။

"အမေ … တော်ကြာ ဆေးခန်းသွားရအောင်"

အမေ့ကို ဆန်ပြုတ်ပူပူလေးတိုက်ပြီး ဆေးခန်းသွားပြဖို့အတွက် ဦးဥက္ကာမောင်ကို ကျေးဇူးတွေတင်နေမိသည်။ ညီမလေး မုဒြာမှာလည်း အမေ့ကိုဆေးခန်းသွားပြရမည့်အတွက် အရမ်းပျော်နေခဲ့သည်။

အကြင်နာမှာ အမေနှင့်ညီမလေးမုဒြာကို ထိုစကားအား ပြောသင့်မပြောသင့် ချင့်ချိန်နေမိ၏။ တကယ်ပြောသင့်တဲ့စကား ကလည်း ကိုယ့်ကိုယ်ကိုယုံကြည်သည်။ ရိုးရိုးသားသား လက်ထပ်ခွင့်တောင်းတဲ့ ဦးဥက္ကာမောင်ကို သူမကိုယ်တိုင်ကလည်း ရိုးသား ချစ်ခင်စွာနှင့် အားကိုးမိလေသည်။ သူ့ပိုင်ဆိုင်မှုတွေကိုလည်း အမှန်အတိုင်းဖွင့်ပြောပြခဲ့တာကြောင့် ရိုးသား၍ပွင့်လင်းမှုရှိ၏။ တကယ်တမ်း ဦးဥက္ကာမောင်ကို ဦးတပ်ခေါ်နေပေမယ့်လည်း ဦးဥက္ကာမောင်၏အသက်သည် သုံးဆယ်ကျော်လေးသာဖြစ်ပြီး ရုပ်ကလည်း …ာသည်။ အသက်အရွယ်နှင့်မလိုက်အောင် ဝတ်စားထားသည်က စတိုင်လ်ကျပြီး ကြည့်ကောင်းလှသည်။

အမေ့ကို ဆေးခန်းလိုက်ပြပေးပြီး အိမ်ရောက်တော့မှ အကြင်နာ ထိုစကားကို အစချီလိုက်ရ၏။

"အမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောမလို့လဲ သမီး"

"အမေနဲ့ညီမလေးကို တိုင်ပင်စရာရှိလို့ ပြောသင့်မပြောသင့် စဉ်းစားနေတာ"

"ဘာပြောမှာလဲ သမီး ပြောလေ ... အမေတို့မှာ ဒီသုံးယောက်ထဲရှိတာ ဘယ်ကိစ္စမဆို တိုင်ပင်ရမှာပေါ့"

"ဟုတ်တယ်လေ မမရဲ့ ... မမ ဘာပြောမှာလဲဟင်"

မုဒြာက ရင်ဘတ်လေးဖိပြီးပြောလိုက်တော့ အကြင်နာရင်ထဲ နင့်ခနဲ ဖြစ်သွားရသည်။

ကိုယ့်ဘာသာလည်း ပြောချင်သည့်စကားကို မနည်းအားယူပြီးမှ ...

"အမေ၊ ညီမလေး ... သမီးကို မန်နေဂျာက လက်ထပ်ခွင့်တောင်းနေတယ်"

အမေက ပြုံးလိုက်ပေမယ့် ညီမလေးမုဒြာက မျက်နှာလေးညှိုးကျသွားသည်။

"ဟုတ်လား သမီး ... ကောင်းတာပေါ့ သမီးရယ်၊ အမေလည်း သမီးကို တင့်တောင်းတင့်တယ်ဖြစ်စေချင်တာပါ။ ဒါနဲ့ မန်နေဂျာက လူလွတ်လားသမီး ..."

"ဟုတ်တယ် အမေ ... သမီးကို သူ့အကြောင်းတွေ အကုန်ပြောပြခဲ့တယ်၊ သူကလည်း သမီးအကြောင်းတွေကို အကုန်သိထား





တယ်"

"ကောင်းပါတယ် သမီးရယ် ... တစ်ယောက်အကြောင်း တစ်ယောက်သိထားတော့ ပိုကောင်းတာပေါ့ ... သမီးငယ်လေးအတွက်ပဲ စိတ်ပူရတော့မှာ"

ညီမလေးမုဒြာက ခေါင်းလေးငုံ့ပြီး မျက်ရည်တွေကျနေသည်။ အကြင်နာက ညီမလေး၏ ပခုံးလေးကို လှမ်းဖက်ရင်း ...

"ညီမလေး မုဒြာ ... "

အကြင်နာက မုဒြာ၏မေးဖျားလေးကိုဆွဲမော့ကာ မျက်ရည်တွေ သုတ်ပေးနေ၏။ ပြီးတော့ ကြင်နာသော စကားလေးတွေဖြင့် ဖြေသိမ့်ပေးရသည်။

"ညီမလေး မမတို့ဘဝတွေ အရမ်းပင်ပန်းခဲ့ရတယ်နော်၊ အဲဒီဘဝတွေက လွတ်မြောက်ဖို့ မမအမျိုးမျိုးစိတ်ကူးယဉ်မိတယ်၊ စိတ်ကူးယဉ်သက်သက်ပဲရှိပြီး တကယ်လက်တွေ့မှာ ဖြစ်ချင်သလိုဖြစ်လာခဲ့ပါဘူး"

အကြင်နာက ပြောရင်းဖြင့် သက်ပျင်းလေးကို မသိမသာချလိုက်သည်။

"အခု မမျှော်လင့်ဘဲနဲ့ ဦးဥက္ကာမောင်က မမကိုလက်ထပ်ခွင့်တောင်းခဲ့တယ် ... ဒီတာဝန်တွေအားလုံး သူယူပါရစေတဲ့၊ မမအရမ်းအံ့ဩသွားတယ်၊ အမေနဲ့ညီမလေး မျက်နှာကိုလည်းပြေးပြီး



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်မိတယ် ... တကယ်တမ်းတော့ ညီမလေးရယ် အချစ်ဆိုတာ ကိုယ်မသိလိုက်ဘဲ ရောက်လာခဲ့တာပါ ... မမလေ ဦးဥက္ကာမောင်ကို တကယ်ချစ်မိသွားတယ် ညီမလေးရယ် ... မမကိုခွင့်လွှတ်ပါနော်၊ ဦးဥက္ကာမောင်ကို မမချစ်မိသွားပေမယ့် ညီမလေးကို မမရဲ့ အချစ်တွေ လျော့မသွားပါဘူးကွယ်၊ ညီမလေးဘဝအတွက်လည်း မမက အမြဲတမ်းရှိနေပေးမှာပါ ... ”

အကြင်နာက မုဒြာ၏ နဖူးပြင်လေးကိုနမ်းရင်း မျက်ရည်တွေက ကျလာရပြန်သည်။ အမေက အကြင်နာနှင့်မုဒြာကို ငေးကြည့်နေရင်းဖြင့်လည်း မျက်ရည်တွေကျနေရပြန်သည်။

ဝမ်းသာခြင်းလား၊ ဝမ်းနည်းခြင်းလား၊ ရင်ထဲမှ သောကအပူတို့သည် သုံးယောက်စလုံး ရင်မှာရှိခဲ့ကြပေမယ့် အကြင်နာအတွက်ကြောင့် မျက်ရည်ကျခဲ့ရတယ်ဆိုလျှင် ...

ခွင့်လွှတ်ပါ အမေနှင့်ညီမလေးရယ် ... ။

၏၏၏

အခန်း ( ၆ )

အိမ်ရှေ့သို့ ကားလေးထိုးရပ်လိုက်တာကြောင့် မုဒြာ အိမ်အပြင်သို့ ထွက်ကြည့်လိုက်မိ၏။ မမ အကြင်နာကို ဦးဥက္ကာမောင်ဆိုတဲ့သူက လိုက်ပို့ပေးသည်။ ဦးဥက္ကာမောင်ကို ခုမှမြင်ဖူးလိုက်ပေမယ့် မုဒြာ မမအတွက် စိတ်ချသွားရ၏။ ချောမောခန့်ညားလှသော ဦးဥက္ကာမောင်သည် မမနှင့်လိုက်ဖက်လှသည်။ မုဒြာက လှေကားထစ်လေးတွေကို ဆင်းလိုက်ရင်း မမနှင့်တွဲလာခဲ့သော ဦးဥက္ကာမောင်ကို ပြုံးပြလိုက်မိ၏။

“အကြင်နာ ဒါ ကုမုဒြာလား ... ”

“ဟုတ်ကဲ့ ... ”

ရှပ်အင်္ကျီအကွက် ကြည်ပြာလေးနှင့် ဒူးဖုံးရုံ ဂျင်းဘောင်းဘီအပြာလေးကို တွဲဝတ်ထားသည်။ သစ်လွင်မှုမရှိသော သူမအဝတ်အစားလေးတွေထက် မျက်နှာလေးနှင့် အသားအရည်လေးတွေက



www.burmeseclassic.com

www.burmeseclassic.com



ပို၍ဝင်းလက်တောက်ပနေသည်။ အိမ်ပေါ်သို့ လှမ်းတက်လိုက်သော ခြေလှမ်းများနှင့်အတူ ...

"ကုမုဒြာက အစ်မလို အချောလေးပဲ ... ဒါပေမဲ့ အကြင်နာကို မမီဘူးနော်"

သူက ရယ်သွမ်းလျက်ပြော၏။ အကြင်နာကတော့ မျက်နှာလေးရဲနေသည်။ မုဒြာက ဦးဥက္ကာမောင်ထိုင်ရန် ဖျာကို ကမန်းကတန်း ခင်းလိုက်သည်။

"ကုမုဒြာက ဘယ်နှစ်တန်းတက်နေလဲ"

"ဆယ်တန်းပါ"

"စာမေးပွဲ နီးနေပြီနော်"

"ဟုတ်ကဲ့ ... "

"စာတွေ လိုက်နိုင်ရဲ့လား"

"ဟုတ်ကဲ့ ... "

"ဒေါ်ဒေါ်ရော ဘယ်မှာလဲ ... နေကောင်းရဲ့လား"

"ဟုတ်ကဲ့ ကောင်းပါတယ် ... အမေ အခန်းထဲမှာအိပ်နေတယ်"

"ဟုတ်လား ... နေပါစေ အားနာနေဦးမယ်"

မမ အကြင်နာက အဝတ်အစားလဲပြီး ထွက်လာသည်။

"ဦးဥက္ကာမောင် တစ်ခုခုသုံးဆောင်ပါဦး"





"အဲဒါဆို မမ မုဒြာ ဘာလုပ်ပေးရမလဲဟင်"

"ရတယ် ကုမုဒြာ ဘာမှမလုပ်နဲ့ ... ဩော် ... အကြင်နာ အမေက အိပ်နေတယ်ထင်တယ်၊ အိပ်နေရင်တော့ မနိုးပါနဲ့ ... "

"မုဒြာ သွားကြည့်လိုက်ဦးမယ် မမ ... "

မုဒြာ အခန်းထဲဝင်သွားတော့ အကြင်နာပါ လိုက်ဝင်သွားလိုက်သည်။

ထိုအခါ အမေက မျက်လုံးတွေ ဖွင့်ကြည့်သည်။

"ဧည့်သည်ပါလာလား သမီး ... "

"ဟုတ်ကဲ့ အမေ ... ရပါတယ် အမေ့ဘာသာ နေသာသလို နေပါ"

"ဘယ်ကောင်းပါ့မလဲ သမီးရယ် ... မြင်လည်းမြင်ဖူးအောင် အမေ ထွက်တွေ့လိုက်ပါ့မယ်"

မမနှင့်မုဒြာ အမေ့ကိုတွဲပြီးထွက်လာတော့ ဦးဥက္ကာမောင်က အတင်းပင် မတ်တပ်ထရပ်သည်။

"ရပါတယ်သား ... ထိုင် ... ထိုင် ... "

"အမေ အဲဒါ ဦးဥက္ကာမောင်လေ ... "

အမေက ယိုင်နဲ့နဲ့အပြုံးတို့ဖြင့် ဦးဥက္ကာမောင်ကိုကြည့်ကာ ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"ဩော် ... သားက ငယ်ငယ်လေးရှိသေးတာပဲ၊ ဦးတစ်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လို့ တော်တော်များ အသက်ကြီးနေပြီလားလို့"

အဖေ၏အပြောကြောင့် ဦးဥက္ကာမောင်က ပြုံးသလို အကြင်နာနှင့်မုဒြာကလည်း သဘောကျနေသည်။

"ဒေါ်ဒေါ် နေကောင်းတယ်မလား"

"ကောင်းပါတယ်ကွယ် ... ရင်ထဲမှာ ကျပ်တာကတော့ မပျောက်ချင်ဘူး"

"တဖြည်းဖြည်းနဲ့ကောင်းသွားမှာပါ ဒေါ်ဒေါ်ရယ် ... ဆေးခန်းသာ မှန်မှန်လေး သွားပြပေးနော် အကြင်နာ ... "

"ဟုတ်ကဲ့"

"ဒေါ်ဒေါ် ဘာစားချင်တာရှိလဲ ... စားချင်တာရှိရင် အကြင်နာကို ပြောလိုက်လေ ... ကျွန်တော့်ကို ဘာမှအားနာစရာမလိုဘူး"

"ကျေးဇူးတင်ပါတယ် သားရယ် ... ဒါနဲ့ သားတို့ကိစ္စကို ဘယ်လိုစီစဉ်ထားကြလဲ"

"အကြင်နာကတော့ ဒီအိမ်လေးမှာပဲ မင်္ဂလာဆွမ်းကျွေးချင်တယ်ပြောတယ် ... ကျွန်တော့်အနေနဲ့ကတော့ ခမ်းခမ်းနားနားလေး လုပ်ချင်တယ်၊ အဲဒါ ... ဒေါ်ဒေါ် အကြင်နာကိုပြောပေးပါဦး အကြင်နာက ကျွန်တော်ပြောတာ ဘယ်လိုမှလက်မခံဘူး"

"ဟုတ်ပါတယ်သားရယ် ... သမီးကြီးက ဝုဏ်ပကာသနတွေနှင့် မလုပ်ချင်ဘူး၊ မင်္ဂလာပွဲဖြစ်မြောက်ဖို့က အဓိကပါသားရယ်"





"ဟုတ်ကဲ့ပါ ... ဒါဆိုလည်း အကြင်နာသဘောပါပဲ ဒေါ်ဒေါ်ရယ် ... အကြင်နာစိတ်ချမ်းသာသလို လုပ်ဖို့ပဲ ကျွန်တော် စိတ်ကူးထားပါတယ်"

ဦးဥက္ကာမောင်သည် မမစိတ်တိုင်းကျသာလုပ်ဖို့ အမေ့ကို ပြောခဲ့၏။ စကားတွေအကြာကြီး ပြောပြီးသည်နှင့် ဦးဥက္ကာမောင်က ပြန်ရန် အမေ့ကို နှုတ်ဆက်နေသည်။

"ဟော့ ... မအေးမေ ဌါကိုလာတွဲဦး ... မင်းယောက်ျားမူးလာတယ်။ မင်းသမီး အလိမ္မာတွေ ပြန်ရောက်ပြီလား"

အိမ်ထဲသို့ တိုက်ရိုက်ဝင်လာသော အသံကြီးကြောင့် ဦးဥက္ကာမောင်က အိမ်ရှေ့သို့ လှည့်ကြည့်လိုက်သည်။ မမအကြင်နာက မျက်ခုံးလေးနှစ်ဖက်တွန့်ရင်း စိတ်ညစ်ဟန်ရှိနေသည်။ ဦးမင်းမောင်သည် အရက်ဆိုင်ထိုင်ပြီးပြန်လာခဲ့ရာ ပါးစပ်ကလည်း အမူးသမားတို့ထုံးစံအတိုင်း အာလေးလျှာလေးနှင့် ဆဲဆိုနေသည်။ အမေက အိမ်ရှေ့သို့ထွက်ရန် ပြင်လိုက်စဉ် မဟန်နိုင်ဘဲ ယိမ်းထိုးသွားသည်။

"အမေ ကိုယ်မှနေမကောင်းတာ သွားပြောမနေနဲ့"

"ဘယ်ဖြစ်မှာလဲ သမီးလေးရယ် ... ဧည့်သည်ကိုအားနာစရာ"

"ကျွန်တော် နားလည်ပါတယ် ဒေါ်ဒေါ်ရယ် ... ကိုယ့်ဘာ



www.burmeseclassic.com

သာ သက်သာသလိုနေပါ"

အမေက ခေါင်းခါလိုက်ရင်း ...

"သမီးလေး အမေ့ကိုတွဲစမ်းပါကွယ်"

မုဒြာ သွားတွဲလိုက်၏။ အကြင်နာ တားမယ်လုပ်တော့ ဦးဥက္ကာမောင်က လက်ကာပြလိုက်သည်။

"နေပါစေ အကြင်နာ၊ ဒေါ်ဒေါ် သူ့ရင်ထဲမှာ ပြောချင်တာတွေ ပြောပါစေ"

ဘယ်သူ့ကိုမှ ဂရုမစိုက်သော ဦးမင်းမောင်၏အသံကျယ်ကြီးကို ထပ်ကြားနေရပြန်သည်။

"ဟော့ ... ဘယ်သူမှမရှိဘူးလား၊ အံမယ် ဒီကားကရော ဘယ်ကကားလဲ ... နင်တို့က တယ်ဟုတ်နေကြပါလား"

"ကိုမင်းမောင် လူကြားမကောင်း သူကြားမကောင်းတွေ အော်မနေပါနဲ့ရှင် ... ဒီမှာ ဧည့်သည်ကိုလည်း အားနာဖို့ကောင်းပါတယ်၊ ကျွန်မမှာလည်း သမီးမိန်းကလေးတွေနဲ့ ... "

အမေထွက်ပြောတာကိုပင် ဦးမင်းမောင်က အရေးမလုပ်ဘဲ အော်ဟစ်နေပြန်သည်။

"ဘာဖြစ်လဲကွ ... ငါ့ဘာသာပြောတာ ဘယ်သူ့ဂရုစိုက်ရမှာလဲ ... သွား ... မနေချင်ရင် ဆင်းသွားကြ"

အကြင်နာမှာ ဦးမင်းမောင် အော်ဟစ်နေတာကြောင့်





ဦးဥက္ကာမောင်ကို အားနာနေမိ၏။

"အားနာလိုက်တာ ဦးဥက္ကာမောင်ရယ်"

"ရပါတယ် အကြင်နာ ... မိသားစုတစ်စုမှာ ဖြစ်လေ့ဖြစ်ထရှိတတ်တာတွေပါပဲ ... ကိုယ်တကယ်ပဲ မင်းတို့မိသားစုလေးကို သနားနေမိတယ်"

"အကြင်နာတို့အတွက် နှစ်နဲ့ချီနေပါပြီ ဦးဥက္ကာမောင်ရယ်"

"ရင်ထဲမှာ သိပ်ခံစားမနေပါနဲ့ အကြင်နာ၊ လက်ထပ်ပြီးရင် အမေနဲ့ကုမုဒြာလေးကိုပါ ကိုယ်တို့နဲ့အတူ ခေါ်ထားလိုက်မယ်"

အမြဲတမ်း နားလည်မေးတတ်ရှာသော ဦးဥက္ကာမောင်ကို သူမပို၍ အားကိုးမိရှာသည်။

"ကဲ ... အကြင်နာ ကိုယ်သွားမယ်နော်"

"ဟုတ်ကဲ့"

အမေနှင့် မုဒြာကိုပါ နှုတ်ဆက်တော့ ဦးမင်းမောင်က မကြည့်သလို လှမ်းကြည့်ပြီး ထွက်သွားတော့သည်။ မုဒြာ အမေ့ကို အခန်းထဲတွဲပို့ရင်း အပြင်ပြန်ထွက်လာတော့ မမကလည်း ဦးဥက္ကာမောင်ကားလည်း ထွက်သွားသည်နှင့် ပြန်ဝင်လာခဲ့သည်။ မကျေနပ်စိတ်က ဦးမင်းမောင်ကိုပဲ ဖြစ်၏။ အမေ့ကို သနားတာနှင့်ဘာမှ မပြောဖြစ်တော့ဘဲ စိတ်ညစ်ညစ်နှင့် လှေကားအောက်ဆင့်လေးမှာ ရပ်နေလိုက်မိ၏။

www.burmeseclassic.com



"မုဒြာ"

"ဟင် ... တာရာ"

တာရာ အနားရောက်လာသည်။

"စောစောက ကားနဲ့ထွက်သွားတာ ဘယ်သူလဲ"

"မမနဲ့လက်ထပ်မဲ့သူလေ"

"ဟင်"

တာရာက အံ့ဩသွားသလို ကြည့်သည်။

တာရာ ဘာမှမပြောရသေးမီ မုဒြာကပြောပြီး အိမ်ပေါ်တက်သွားသဖြင့် နောက်ကလိုက်တက်လာရင်း အိမ်ရှေ့ကဖျဉ်လေးမှာ အတူတူထိုင်မိကြသည်။

"မုဒြာ မမအကြင်နာနဲ့ အဲဒီလူက ဘယ်တုန်းက ကြိုက်သွားတာလဲ"

"အဲဒါ ... မမတို့စက်ရုံက မန်နေဂျာလေ၊ သူက မမကိုစိတ်ဝင်စားနေတာကြာပြီ ... မမက စိတ်မဝင်စားဘူး၊ နောက်မှချစ်သွားတာ"

တာရာက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

"အေးပေါ့နော် ... အချစ်က မျက်စိလည်လမ်းမှားရင်း နောက်မှမမနဲ့ တွေ့သွားတာနေမှာပေါ့"

"နေပါဦး ... နင်က ဘာဖြစ်လို့ မှလာတာလဲ"





"လာချင်ပါတယ်ဟာ စိတ်ကတော့ အမြဲရောက်ပါတယ်၊ လူကသာ မရောက်ဖြစ်တာ"

"ကြီးကြီးကျယ်ကျယ် ... လူက ဘာဖြစ်လို့ရောက်မလာရတာလဲ"

ထိုအခါ တာရာမျက်နှာမှာ ချက်ချင်းညှိုးလျော်သွားခဲ့သည်။ ဒါကို သိလိုက်သော မုဒြာကလည်း ...

"တာရာရယ် ... လူတစ်ယောက်ရဲ့ အရိပ်အကဲကို ကြည့်လိုက်တာနဲ့ ငါလည်းသိတာပေါ့၊ ငါ့ကိုအားနာပြီး နင်ဖုံးကွယ်ပြောမနေပါနဲ့ဟယ်၊ တကယ်ဆို ... နင့်အမေက ငါ့ဆီလာတာကို မကြိုက်ဘူး မဟုတ်လား"

စိတ်မကောင်းစွာ မေးလိုက်တဲ့မုဒြာစကားကြောင့် သူ့ရင်မှာ ဒိုး၍ မကောင်းနိုင်ပါ။ နှစ်ယောက်သား ဘေးတိုက်အနေအထားဖြင့် ထိုင်နေကြရင်း တာရာက မုဒြာဘက်သို့ မျက်နှာလေးပြန်လှည့်ထိုင်လိုက်သည်။ ဘယ်လိုပဲကြည့်ကြည့် မုဒြာက သူ့မျက်စိထဲမှာ အမြဲတမ်းလှနေသည်။ ပခုံးကျော်ကျော် ဆံပင်လေးတွေက သူမမျက်နှာတစ်ခြမ်းလေးကို အုပ်ကျနေတာမို့ နားရွက်နောက်ဖက်သပ်တင်ပေးရင်း ...

"နင့်ကို ဖုံးကွယ်ပြောစရာလား မုဒြာရယ်"

"ဒါပေမဲ့ဟာ ... ဖြစ်နိုင်ရင်တော့ နင်လာမနေပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ … နင်ဘာပြောလိုက်တယ်"

"ဟုတ်တယ်လေ … နင့်အမေ မကြိုက်တဲ့ဟာ နင်ဆင်ခြင်နေပေးလိုက်ပါ"

ပြောထွက်ရက်သော မုဒြာကို သူသေချာစိုက်ကြည့်နေမိသည်။

"မုဒြာရယ် နင်ပြောရက်လိုက်တာ ငါကတော့ ခုထက်ထိ နင့်ကိုပဲ ခင်ခဲ့တာ၊ သံယောဇဉ်တွေထားခဲ့တာ နင့်မျက်နှာလေးကို တစ်နေ့မမြင်ရရင်တောင်မှ မနေနိုင်ခဲ့ဘူး၊ အဲဒါကို နင်က ငါ့ကိုမလာပါနဲ့တော့ ဟုတ်လား …"

"နင့်ကို မလာစေချင်လို့ ပြောနေတာ မဟုတ်ပါဘူး၊ နင့်အမေ မကြိုက်တာသိလို့ သတိပေးနေတာ"

"မုဒြာရယ် … ငါ့အမေ မကြိုက်ဘူးဆိုရင်တောင် နင့်ဆီကို ငါအမြဲတမ်းရောက်အောင် လာခဲ့တာပဲမလား"

"သိပါတယ် … ဒါကြောင့်ပဲ နင့်အတွက်ပြောတာပေါ့"

"ဒါဆို နောက်တစ်ခါ ငါမကြိုက်တဲ့စကားကို မပြောနဲ့၊ အကယ်၍ ပြောမိရင် နင်နဲ့ငါနဲ့ ဘယ်တော့မှ မခေါ်စတမ်း"

သူ့ကို မလာပါနဲ့တော့ဟုပြောလိုက်တာကိုပင် တာရာက စိတ်ထဲမှာ တင်းနေပုံရ၏။ ပြောချင်ခဲ့လို့တော့မဟုတ်။ တိုက်ဆိုင်လာသောကိစ္စကြောင့်သာ ပြောမိလိုက်တာဖြစ်သည်။





"တာရာရယ် … အဲဒီလိုကြီးတော့ သစ္စာမဆိုပါနဲ့"

"ဘာဖြစ်လို့လဲ … နင့်ရင်ထဲမှာ တာရာဆိုတဲ့ငါ မရှိတော့ဘူးလား"

"မဟုတ်ပါဘူးတာရာရယ် … နင့်ကို ဒါလေးပြောလိုက်မိတာ ငါအရမ်းလွန်သွားလား"

"နင်ကတော့ ဘယ်လိုမှ မခံစားရလို့နေမှာပေါ့၊ ငါ့စိတ်ထဲမှာရှိတာ နင်ပဲမုဒြာ … နင့်စိတ်ထဲမှာလဲ ငါပဲရှိနေရမယ်၊ အခု နင့်စိတ်ထဲမှာ ငါရှိရဲ့လားမုဒြာ … ပြောပါဦးဟာ နင့်စိတ်ထဲမှာ ငါရှိရဲ့လားလို့"

မုဒြာ ပခုံးလေးကိုသူ့ဘက်ဆွဲလှည့်ရင်း အားမလိုအားမရမေးလိုက်သည်။

"တာရာ နင်ဘာဖြစ်နေတာလဲ … အမေ အိပ်နေပါတယ်ဆိုမှ ဟိုမှာ မမအကြွင်နာလည်းရှိတယ်"

"အေး … ဟုတ်သားပဲ ငါ့စိတ်တွေအရမ်းဒေါသဖြစ်သွားလို့ပါ၊ တကယ်တော့ နင်က ငါခင်သလို ငါသံယောဇဉ်ရှိသလို နင့်ဘက်မှာ ဘာတစ်ခုမှ မခိုင်မြဲဘူး … အဖြူထည်သက်သက်ပဲ"

တာရာက ပြောရင်းဖြင့် ရှေ့သို့ပြန်လှည့်ထိုင်နေလိုက်သည်။

"အဲဒီ အဖြူထည်သက်သက်က သန့်ရှင်းမနေဘူးလား တာရာ … နင်ကလေ တယူသန်စိတ်သိပ်ရှိတာပဲ၊ ငါ့ရင်ထဲမှာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်ဆိုတာတွေရော နင့်စိတ်ထဲမှာ ဖတ်မိရဲ့လား"

ဒီလိုပြောတော့ တာရာက မုဒြာဘက် မျက်နှာလေးတစ်ခြမ်း လှည့်လာသည်။

"တကယ်တော့ ငါလည်းလေ ... နင့်ကို သံယောဇဉ်တွေ ဖြတ်လို့မရပါဘူး ... နင်မလာတော့ ငါအရမ်းမျှော်မိတယ်၊ ငါ့စိတ်ထဲမှာ ဝမ်းနည်းမိတယ်သိလား၊ ဘာဖြစ်မှန်းမသိဘူး၊ နေမထိ ထိုင်မထိ ဖြစ်ရတယ်၊ အဲဒါတွေ နင်မသိဘူးမလား"

ဖြူးရွှင်သွားသော တာရာ့မျက်နှာလေးက အလိုတော်ကျသွားပြီထင်၏။ သူ့ထက်သူမက ပို၍ သံယောဇဉ်ကြီးနေပါလားဟု တွေးမိသည်။

"တကယ်ပြောတာနော် မုဒြာ"

"နောက်စရာမှ မဟုတ်တာ၊ ဟွန်း ... ထစ်ခနဲဆို စိတ်ဆိုးဖို့ပဲ"

သူမက ချစ်စဖွယ်မျက်စောင်းလေးထိုးရင်း အခန်းထဲသို့ဝင်သွားတော့သည်။ ပျော်ရွှင်မှုတွေနှင့်အတူ သူ့ရင်တွေခုန်နေတာကုမုဒြာ သိမှာမဟုတ်။

အကြောင်းမဲ့တော့ မဟုတ်နိုင်ပါဘူးနော်။

❀❀❀

အခန်း ( ၇ )

အမေက မသိမသာ သက်ပြင်းချလိုက်သည်။

"ပြောပါအမေ ဘာပြောချင်လို့လဲ ... "

"သား မေမေ အလုပ်တစ်ခုခုလုပ်မှဖြစ်မယ်ထင်တယ်"

အမေ့စကားကြောင့် သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားမိ၏။ လေဖြတ်ထားသော အဖေ၏ဆေးဖိုး၊ သူတို့ တစ်နေ့တစ်နေ့ အသုံးစရိတ်ရှိသမျှ ပစ္စည်းလေးတွေ ထုခွဲရောင်းချခဲ့သည်မှာ တော်တော်လေးစ်မွန်းစပြုလာသည်။ ခုကတည်းက သူလည်း တစ်ခုခုလုပ်ဖို့ကို တွေးခဲ့မိ၏။ အသက်ကလေးရလာပြီဖြစ်သော အမေ့ကိုလည်း ဘာတစ်ခုမှ မလုပ်ခိုင်းချင်ပါ။

"မေမေ ... မေမေ ဘာလုပ်မှလုပ်စရာမလိုပါဘူး၊ သားတစ်ယောက်လုံးရှိနေတာပဲ သားရှာကျွေးမှာပေါ့ ... မေမေသာ အဖေ့ကို ဂရုစိုက်ပြီး ပြုစုပါ"



www.burmeseclassic.com

www.burmeseclassic.com



"သားက ဆယ်တန်းတောင် မဖြေရသေးဘူး"

"စိတ်မပူပါနဲ့မေမေ … စာမေးပွဲကို သားအောင်ရစေမယ်၊ ဆယ်တန်းအောင်ပြီးရင်လည်း စာပေးစာယူဖြေရင်း အလုပ်လုပ်လို့ ရတာပဲ"

မေမေလည်း စိတ်အားမငယ်ရအောင် သူတက်ကြွစွာပြော ခဲ့သည်။ ထိုအခါ မေမေက မျက်ရည်တွေကျကာ သူ၏လက်တွေကို ဆုပ်ကိုင်လိုက်သည်။

"သားရယ် … "

"စိတ်မကောင်းဖြစ်မနေပါနဲ့မေမေ … သားလည်း အလုပ် လုပ်ချင်နေတာ ခုကတည်းက အလုပ်ရတော့ ပိုကောင်းတာပေါ့"

တာရာ ဒီလိုပြောတော့ အမေတစ်ယောက်အနေနှင့် စိတ် မကောင်းနိုင်။ ဆယ်တန်းဖြေပြီးလျှင်တောင်မှ အလုပ်မလုပ်ခိုင်းချင် သေး။ အမှတ်ကောင်းကောင်းလေးနှင့်အောင်လျှင် တက္ကသိုလ် ဆက်တက်ခိုင်းပြီး သူဝါသနာပါရာ အလုပ်တစ်ခုခုကို လုပ်စေချင် သည်။ တာရာက စာတော်သည့်အတွက် လိုင်းကောင်းကောင်းရမှာ သေချာ၏။

"သား … ကုမုဒြာလေးတစ်ယောက် မင်းအဖေ အဲဒီလိုဖြစ် တာသိလား"

"သိပါတယ်မေမေ … "





"သူ ဘာဖြစ်လို့ လာမမေးတာလဲ မသိဘူးနော်"

"သူ သားကိုတော့မေးပါတယ်မေမေ၊ ဟိုမှာလည်း သူ့အမေ နေမကောင်းလို့ ပြုစုပေးနေရမှာပေါ့"

ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေပေမယ့် သူ့မျက်ဝန်း တွေကို အကဲခတ်နေပုံရသည်။

"အင်း … အမေသိပါတယ် သားရယ်၊ သူမလာတာ အမေ့ ကြောင့်ပါ"

တကယ်လည်း မေမေ့ကိုကြောက်လို့ မလာတာပါလို့ပြော ချင်ပေမယ့် စိတ်ဒုက္ခတွေရောက်နေရတဲ့ မေမေ့ကို မပြောရက်တော့ ပါ။ ဒီရက်အတွင်း သူလည်း မုဒြာဆီ မရောက်ဖြစ်တော့။ အဖေ့ဆေး ဖိုးတွေအတွက် ရှေ့လျှောက် ငွေရှာရပေဦးမည်။ စာမေးပွဲကြီးနီးနေ ပေမယ့်လည်း ခုကတည်းက အလုပ်တစ်ခုကို ကြိုတင်ပြောထားမှ ဖြစ်မည်ဟု တွေးမိသည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက် အလုပ်ပြောထားတာရပြီ တာရာ"

"ဟုတ်လား ... ဘယ်တော့လဲ"

"အခု မင်းနဲ့တွေ့ချင်တယ်ဆိုလို့လာခေါ်တာ၊ အဲဒါ မင်းလိုက်ခဲ့လေ ... "

သူ ခေါင်းညိတ်လိုက်သည်။ မရေရာ မသေချာသော အတွေးတွေဖြင့် ဝင်းနိုင်ခေါ်ရာသို့ လိုက်လာခဲ့သည်။ အလုပ်ကတော့ ကားမောင်းရမည့် အလုပ် ဖြစ်၏။

ကျယ်ဝန်းလှသော ခြံကြီးထဲသို့ ရောက်သည်နှင့် ကွန်ကရစ်လမ်းလေးအတိုင်း လှမ်းလျှောက်လာခဲ့ကြပြီး တာရာက အလွန်မြင့်မားထည်ဝါသော တိုက်အိမ်ကြီးကို မော့ကြည့်နေမိသည်။

"ဝင်းနိုင် ရောက်လာပြီလား"

"ဟုတ်ကဲ့ မမိုး ... "

လှမ်းမေးသံနှင့်အတူ လူကပါ တိုက်ထဲက ထွက်လာခဲ့ပြီမို့ တာရာလှမ်းကြည့်လိုက်၏။ တော်တော်လှသည့် အမျိုးသမီးဖြစ်သည်။ ဒါပေမဲ့ ... မာနတွေ ဖုံလွှမ်းနေသောမျက်နှာ၊ စူးရှတောက်ပသည့် မျက်ဝန်းများက တာရာ၏မျက်နှာမှ ခြေဖျား အထိ အထက်စီးဆန်စွာ စုန်ချည်ဆန်ချည် နှစ်ခေါက်မျှ ပြေးသွားခဲ့ သည်။

"ဒါနဲ့ မင်းနာမည် တာရာလင်းနော်"

"ဟုတ်ပါတယ်"





"ဆယ်တန်းက အခုမှဖြေမှာပေါ့"

"ဟုတ်ကဲ့"

မိုးမြင့်သဇင်က တာရာကိုကြည့်ပြီး ပြုံးနေသည်။

"တာရာ ကားမောင်းတတ်တာ ကြာပြီလား"

"ကျွန်တော် ကိုးတန်းနှစ်ကတည်းက သင်ထားခဲ့တာပါ"

"ကောင်းတယ် ... ကောင်းတယ် ... မင်းအကြောင်းလေးတွေ ဝင်းနိုင်ကပြောလို့လေ၊ မင်းက မိဘကိုပြုစုလုပ်ကျွေးချင်တဲ့သူဆိုတော့ မမိုးကလည်း တစ်ခါတည်းခေါ်ခိုင်းလိုက်တာ"

တာရာက မမိုးကို ကျေးဇူးတင်စွာကြည့်ပြီး ခေါင်းလေးငုံ့နေ၏။

"တာရာ ကားမောင်းအတွေ့အကြုံရော ရှိပြီးပြီလား"

"တစ်ခါ နှစ်ခါလောက်ပဲ ဖေဖေ့ရုံးက ကားကိုမောင်းဖူးပါတယ်"

"ရပါတယ်လေ ... အလေ့အကျင့်လေးလုပ်လိုက်ရင် မကြာပါဘူး၊ မင်းကိုကြည့်ရတာ သတ္တိရှိပြီး ဖျတ်လတ်ပုံရတယ်၊ မထူးပါဘူးကွာ ... အခုပဲ မင်းစမ်းမောင်းကြည့်ရအောင် ... ဪ ဝင်းနိုင်ခင်းကစက်ရုံသွားလိုက်တော့ ... တာရာက မမိုးကို ကုမ္ပဏီမောင်းပို့ပေး"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ် ... မင်းကို မမိုးယုံကြည်တယ်"

ဖြစ်နိုင်တယ်ဆိုတာတော့ ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိလို့ လာခဲ့တာပဲဖြစ်သည်။ ရုတ်တရက်ကြီး မောင်းရမယ်ထင်မထား ကြောင်း သူအံ့ဩနေမိ၏။ ဝမ်းသာစိတ်ကြောင့်လည်း ရင်ထဲမှာ ကတုန်ကရင်ဖြစ်လို့နေသည်။ ထို့ကြောင့် ချက်ချင်းခေါင်းညိတ်လိုက် မိသည်။

"ဟုတ်ကဲ့"

ဝင်းနိုင်ကလည်း အံ့ဩတကြီးနှင့် သူ့အတွက် ဝမ်းသာနေ၏။ အမေသာ သူအလုပ်ချက်ချင်းရတာသိလျှင် ဝမ်းသာမိသလို ဂရုဏာဒေါသလည်း ဖြစ်နေမှာ မြင်ယောင်မိသည်။ အမေက ဆယ်တန်းဖြေပြီးမှ အလုပ်လုပ်ခိုင်းပေမယ့် သူကြာကြာ အချိန်မစောင့်နိုင်။ ကားမောင်းနေရပေမယ့်လည်း ကျန်တဲ့အချိန်တွေမှာ စာဖတ်လို့ ရနိုင်ခဲ့တာပဲ။ ဒီကြားထဲမှာရှိတဲ့အချိန်တွေကို သူဖြုန်းမပစ်ချင် ကိုယ့်လုပ်ရပ် ကိုယ့်ဆုံးဖြတ်ချက်ကို အတည်ပြုကာ စိတ်ထဲမှပင် အဖေ့ကို တောင်းပန်လိုက်မိပါသည်။

မေမေ နားလည်နိုင်မှာပါ။

❀❀❀

အခန်း ( ၈ )

တာရာ အစောကြီးကတည်းက မှုံအြာကို တွေ့နှင့်နေသည်။ လှမ်းမခေါ်ဘဲ ငေးလို့သာကြည့်နေမိသည်။ မှုံအြာကတော့ ခေါင်းလေးကို ဟိုဘက်လှည့် ဒီဘက်လှည့်ဖြင့် သူ့ကို ရှာနေတာ ဖြစ်မည်။

စာမေးပွဲဖြေသည့်နေ့တိုင်း မှုံအြာကို တာရာတွေ့လိုက်ရပေမယ့် သွားရှုမခေါ်မိတော့။ မမိုးက အချိန်တိကျမှ ကြိုက်သည်။ မိုးအတွက် အချိန်တိကျစွာ သွားခေါ်ပေးရတာကြောင့် စာမေးပွဲ ဖြေပြီးသည်နှင့် အလျင်အမြန်ရောက်အောင် သွားရသည်။ ဒီနေ့ နောက်ဆုံးနေ့ စာမေးပွဲပြီးချိန်မှာတော့ သူ မှုံအြာကိုတွေ့ဖို့အတွက် အချိန်ပေးရမည်။ သူ့ရင်ထဲမှာ မြိုသိပ်ထားရသော ပြောစရာစကား တွေကို အရိပ်အမြွက်လေး ပြောပြချင်သည်။

ဒါပေမဲ့ ခုချိန်မှာ လူမမာဖေဖေနှင့်မေမေကို မြင်ယောင်မိခဲ့ တာကြောင့် မှုံအြာကို ဒုတိယနေရာမှာပင် ဦးစားပေးစဉ်းစားရပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မုဒြာကို အမြင်မကြည်ဖြစ်နေသော မေမေလည်း အခုဆို လျှင် မုဒြာရဲ့ အကြောင်းလေးတွေ အစဖော်ကာ ပြော၊ ပြောလာ တတ်သည်။ အရင်လို အပြစ်တင်စကားတွေ မဟုတ်တော့ဘဲ မုဒြာ ကောင်းကြောင်းလေးတွေပဲ ပြောလာ၏။ မေမေနှင့်မုဒြာကို သူ ပြေလည်စေချင်သည်။ ဖေဖေ့အတွက် မုဒြာဟာလည်း ချွေးမ ကောင်းလေးတစ်ယောက် ဖြစ်စေချင်ပြီး မုဒြာအတွက် မေမေဟာ လည်း ယောက္ခမကောင်းတစ်ယောက် ဖြစ်စေချင်တာ သူ့ရင်ထဲက ဆန္ဒတွေပင် ဖြစ်ခဲ့သည်။ ဟိုငေးဒီငေးဖြင့် လျှောက်နေသော မုဒြာ ၏နောက်ဘက်ဆီသို့ ကားလေးကို ဖြည်းညင်းစွာ မောင်းနေလိုက် သည်။

"တီ ... တီ ..."

တမင် လမ်းအကျယ်ကြီးပေးထားတာတောင်မှ နောက် ဘက်က ဟွန်းသံက အဆက်မပြတ် တီးနေသည်။ ဖြည်းဖြည်းလေး ကပ်လိမ့်လာသော ကားလေးက အနားမှာ တုံ့ခနဲရပ်သွားတာ ကြောင့် မုဒြာ လှည့်ကြည့်မိရင်းမှ တအံ့တဩ ဖြစ်သွားရသည်။

"ဟင် ..."

ထိုအခါ တာရာက ခေါင်းလေးပြူကာ ရယ်ပြရင်း ...

"မုဒြာလာ ကားပေါ်တက် ..."

"ဘယ်သူ့ကားကြီးလဲ"





"ငါ့သူဌေးရဲ့ကားလေ ..."

"ဘာ ... နင့်သူဌေးရဲ့ကား ဟုတ်လား၊ ဘယ်က နင့်သူဌေး လဲ"

"ငါ ... နင့်ကိုပြောပြမလို့ပါဟာ၊ လာပါ ... ကားပေါ်တက်"

"မတက်ဘူး"

"နင် ဘာဖြစ်နေတာလဲ ... ပေကပ်ကပ်နဲ့ ..."

မုဒြာက ဘာမှမပြောဘဲ သူ့ကိုသာ မှုန်ကုတ်ကုတ်ကြည့်နေ သည်။

"နင် အံ့သြနေတာလား မုဒြာ ... ငါ တကယ်သူဌေးကားကို မောင်းပေးနေတာ၊ အဲဒါကြောင့် ... နင့်ဆီတောင်မရောက်ဘူး။ အလုပ်ရပြီဆိုတာ နင့်ကိုငါ လာပြောပြချင်တာ ... ချက်ချင်းကြီးဆို တော့ ဘယ်လိုမှ အချိန်မရဘူးလေ"

သေချာရှင်းပြနေသော တာရာကိုကြည့်ကာ သနားသလို ဖြစ်သွားမိသည်။

"ဒါဆို နင် စာမေးပွဲမဖြေရတော့ဘူးပေါ့"

"ဟင့်အင်း ... စာမေးပွဲတော့ ဖြေဖြစ်ပါတယ်"

"ဟင် ... ငါလည်း တစ်ခါမှ မတွေ့ပါလား"

"ဟုတ်တယ် ... ငါ့ကို နင်တွေ့မှာမဟုတ်ဘူး၊ ငါကတော့ နင့်ကိုအမြဲတမ်း တွေ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် ... ငါ့ကိုအမြဲတမ်းတွေ့တယ် ဟုတ်လား"

သူ့စကားတောင် မဆုံးသေး။ မုဒြာက ရန်တွေ့သလိုပြောတော့သည်။ သူရှင်းပြရန်ပြင်တော့ မုဒြာက နှုတ်ခမ်းလေးစူကာ။

"နင် ... အခုရော သွားစရာရှိတယ်မလား ... ဒါဆိုလည်း သွားတော့ ... "

မုဒြာက ပြောလည်းပြော လှည့်ထွက်သွားတော့သည်။ ဘာဖြစ်သွားမှန်းမသိသော မုဒြာကို သူတစ်ခဏမျှ ကြောင်ကြည့်နေမိ၏။ သူ့ကိုမတွေ့တာကြာတော့ မုဒြာစကားတွေ အများကြီးပြောမှာပဲဟု ထင်ထားခဲ့သည်။ သို့သော် သူထင်သလိုမဟုတ်ဘဲ ဖြစ်နေသည်။ သူကားပေါ်ကနေပဲ မုဒြာကို လှမ်းခေါ်လိုက်သေးသည်။

"မုဒြာ ... ခဏနေပါဦး"

မုဒြာကား တစ်ချက်ကလေးမှ လှည့်မကြည့်ဘဲ ရှေ့ကိုသာ ခပ်မြန်မြန်လေး လျှောက်နေသည်။ သူကားလေးကို ဆက်မောင်းကာ မုဒြာဘေးနားမှ ကပ်မောင်းနေလိုက်၏။

"မုဒြာ ... ဘာဖြစ်လို့လဲ၊ ခဏနေပါဦး ... မုဒြာ နင်ဘာဖြစ်နေတာလဲ"

ဘေးနားမှ ထပ်ခါတလဲလဲမေးနေသော သူ့ကို မုဒြာတစ်ချက်လှည့်ကြည့်ရင်း ...

"ဘာမှမဖြစ်ဘူး ... နင်သွားစရာရှိတယ်မဟုတ်လား၊ ကိုယ့်





ဟာကိုယ်သွား၊ ငါ့နောက်လိုက်မနေနဲ့ ... တော်ကြာ နင့်အမေတွေ့သွားရင်လည်း ငါ့ကြောင့် နင်ဆူခံနေရဦးမယ်"

"အမေက နင့်ကိုနားလည်နေပါတယ်မုဒြာရယ် ... မလာလို့တောင်မှ ပြောနေသေးတယ်"

တစ်ခုခုဖြစ်သွားတာကိုတော့ သူသိ၏။ မျက်ရည်လေးတွေရစ်ဝိုင်းနေသော မုဒြာက သူ့ကိုလှည့်မကြည့်တော့ဘဲ ရှိသည်။ တာရာက ကားလေးကို လမ်းဘေးသစ်ပင်ရိပ်မှာ ထိုးရပ်ကာ ထားခဲ့လိုက်ပြီး တစ်ဘက်လမ်းသို့ကူးမည့် မုဒြာနောက်သို့ အပြေးလိုက်လာသည်။

"မုဒြာ ... "

တာရာလည်း စိတ်မရှည်တော့ မုဒြာလက်ကို ဆွဲလိုက်သည်။

"တာရာ နင်ဘယ်လိုဖြစ်နေတာလဲ"

"ခဏနေပါဦးဆိုမှ ဘာဖြစ်လို့ အတင်းသွားနေရတာလဲ"

"ငါ့ခြေထောက်နဲ့ငါသွားတာ ဘာဖြစ်လဲ ... ဖယ် ... ဟိုမှာကြည့်နေကြတယ်"

သူတို့နှစ်ယောက်ကို ကျောင်းသားတွေက အနားကဖြတ်သွားကြရင်း စနောက်သွားကြ၏။

"ကြည့်တာ ဘာဖြစ်လဲ ... ဒီလိုပဲ အမြဲတမ်းသွားနေကျဟာ"

သူကပြောပြီး မုဒြာလက်ကလေးကို လွှတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်အတွက် ငါ့လက်ဆောင်ဝယ်လာတယ်"

ပြောရင်းဖြင့် လွယ်ထားသော အိတ်လေးထဲသို့ နှိုက်ယူနေသည်။ သူမမျက်နှာလေးကတော့ ခုထိမကြည်လင်ပါ။

"မလိုချင်ပါဘူး"

မုဒြာက ပြောပြီး ကားလမ်းကို ဖြတ်ကူးလိုက်သည်။ သူမှာ မုဒြာ ဘာဖြစ်နေမှန်းမသိရဘဲ မုဒြာနောက်မှလိုက်ရင်း စိတ်မောလှ မောဖြစ်လာရ၏။ ကားလမ်းအလယ်လောက်ရောက်တော့မှ သူ မုဒြာကို မှီလာခဲ့ပြီး လက်ကိုပြန်ဖမ်းဆွဲလိုက်သည်။

"ဘယ်လိုဖြစ်နေတာလဲ တာရာ ... နင်ပြန်တော့လေ"

"မပြန်နိုင်ဘူး"

"နင် ဘာဖြစ်နေတာလဲ"

"နင်က ပြန်မေးခွန်းထုတ်နေတယ်၊ အဲဒါ ... ငါကမေးရမှာ လေ မုဒြာ ... နင် ဘာဖြစ်နေတာလဲပြော"

မုဒြာက နှုတ်ခမ်းလေးကို တင်းတင်းစေ့ကာ ...

"နင့်ကိုစိတ်ဆိုးနေတာလေ နင်မသိဘူးလား ... "

"ဟင့်အင်း ... နင်ဘာကိုစိတ်ဆိုးတာလဲ"

"နင့်ကို စကားမပြောချင်တော့လို့ ... မခေါ်ချင်တော့လို့"

သူမက လက်ကိုရုန်းဖယ်လိုက်သည်။ သူက လွှတ်မပေးဘဲ ဆုပ်ကိုင်ထားခဲ့၏။





"အကြောင်းရှိရမှာပေါ့ ... ဘာဖြစ်တာလဲပြော၊ နင်မပြောဘဲနဲ့ ငါက ဘယ်လိုသိမှာလဲ"

ပြောမလို့လုပ်ပြီးမှ ဒီစကားက သူမအနေနှင့်ဖွင့်ပြောမှသိရမယ့် စကားလား။ နေ့တိုင်းစကားပွဲလာဖြေနေတဲ့ဟာ။ သူက တွေ့ရဲ့သားနဲ့မခေါ်ဘဲနေပြီးတော့ ... သူမမှာတော့ သူ့အတွက် စိတ်တွေ အရမ်းပူနေရတာ။ သူကတော့ ကိုယ့်ကိုအဖက်မလုပ်ခဲ့ဘူး။ ရင်ထဲမှာ ကြိတ်မှိတ်မျိုသိပ်ထားသောစကားတွေကို ပြောမပြချင်တော့။ တာရာကိုသာ ဒေါသမျက်ဝန်းလေးတွေဖြင့် စူးစူးရဲရဲ မော့ကြည့်လိုက်သည်။

ထိုအခါ တာရာသည်လည်း သူမရင်ထဲကလာသော အသိတရားလေးများကို မျက်ဝန်းတွေထဲမှာ ရှာဖွေတွေ့ရှိလိုက်၏။ ချက်ချင်းပင် မုဒြာ လက်ဖဝါးလေးကို ဖျစ်ညှစ်လိုက်ရင်း ...

"မုဒြာ ... ငါ နင့်ကိုတွေ့ရဲ့သားနဲ့မခေါ်လို့ စိတ်ဆိုးနေတာ မလား၊ စိတ်မဆိုးပါနဲ့မုဒြာရယ် ... ငါလေ စာမေးပွဲမဖြေခင် နှစ်ပတ်လောက်အလိုမှာ ချက်ချင်းအလုပ်ရလိုက်လို့ ဝင်လုပ်လိုက်တာပါဟာ ... နောက်ပြီး သူဌေးရဲ့ကုမ္ပဏီမှာက နိုင်ငံခြားဧည့်သည်တွေလည်းရောက်နေတော့ အချိန်မပြန့်ရလို့ ငါ နင့်နားကို မလာဖြစ်တာ နင်နားလည်ပါ မုဒြာရယ် ... ဒီနေ့ကတော့ စာမေးပွဲနောက်ဆုံးရက်ဖြစ်လို့ သူတို့လည်း ပြောချင်ရာ ပြောပါလေစေဆိုပြီး နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေခဲ့တာ”

ထိုစကားကိုကြားတော့ နားထောင်နေသော မုဒြာမျက်နှာလေး တဖြည်းဖြည်း ညှိုးကျသွား၏။

“စိတ်ဆိုးပြေတော့နော် မုဒြာ … ပြောလေ စိတ်ဆိုးပြေပြီမလား”

တာရာက သူမပခုံးလေးတစ်ဖက်ကိုင်ကာ အတင်းမေးတော့ မုဒြာမျက်နှာလေး ပြုံးလာသည်။

“အင်း”

ခေါင်းညိတ်၍ သူမအပြုံးလေးကိုမြင်တော့မှ တာရာလည်း ပြန်ပြုံးနိုင်တော့သည်။

“ဒီမှာ ကြည့်စမ်း မုဒြာ … City Mark ရောက်တုန်းက ဝင်ဝယ်ခဲ့တာ၊ ဘယ်နေရာရောက်ရောက် နှင့်ကို ငါအမြဲတမ်း သတိရနေလို့ပဲ … အဲဒါ ယုံတယ်မလား”

“ဟွန်း … ခုမှ အပိုတွေလာဖားနေတယ်၊ ရုပ်ကြမ်းကြီးနဲ့ လာနမနေနဲ့”

“အံမာ သေသေချာချာကြည့်ဦး … ဒီရုပ်ကို ကောင်မလေးတွေဝိုင်းဝိုင်းလည်နေတာ ဘယ်သူ့ကိုမှ သံယောဇဉ်ထားတာမဟုတ်ဘူး၊ ဒီကောင်မလေးတစ်ယောက်တည်းကိုသာ … ”

သူမ ခေါင်းလေးကိုပုတ်ကာ ပြောလိုက်သော တာရာစကား





ကြောင့် မုဒြာက ချစ်စဖွယ် မျက်စောင်းလေး ထိုးလိုက်သည်။ တာရာက မုဒြာလက်ကလေးကိုဆွဲကာ ရွှေအိုရောင်ကြိုးလေးနှင့် လှပသော နာရီလေးကို ပတ်ပေးလိုက်သည်။

“မုဒြာ”

“ဟင်”

“လှတယ်နော်”

သူမက မျက်လုံးလေး လှန်ကြည့်လိုက်သည်။

“နာရီကို ပြောတာပါ”

“ငါကရော ဘာပြောလို့လဲ”

တာရာက စပ်ဖြဲဖြဲနှင့်ပြောတော့ သူမကပြန်ရန်တွေ့သည်။ နာရီပတ်ထားသော သူမလက်ကလေးကို ဟိုလှည့် ဒီလှည့်မြှောက်ကြည့်နေသည်။ ယေယေ်ကတည်းက ချစ်ဖို့ကောင်းသော သူမလေးသည် ခုထက်ထိ ကလေးတစ်ယောက်သဖွယ် ချစ်စရာကောင်းနေသေးသည်။ သဘောကျနေသော မုဒြာက သူ့ဘက်သို့လှည့်ကာ ပြုံးပြသည်။ သူ ငေးနေလျက်မှ …

“ချစ်စရာလေး”

“ဟင် … ဘာလဲဟင် တာရာ၊ ဘာကိုပြောတာလဲ”

သူမကလည်း မလုံမလဲ မေးလိုက်တော့ တာရာ ဘာပြောရမှန်းမသိ။ ချက်ချင်းပင် ကောက်ကာငင်ကာ ပြောလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဟို နာရီလေးကိုပြောတာပါ၊ ချစ်စရာလေးနော်၊ နင် ကြိုက်တယ်မလား"

"အင်း ... ကြိုက်တယ်၊ နင်လက်ဆောင်ပေးတာ ငါဘာမဆို တန်ဖိုးထားမှာပါ"

"တကယ်ပြောတာလား မုဒြာ"

"အေးပေါ့"

"မုဒြာ"

သူ မုဒြာပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်တာကြောင့် မုဒြာက သူ့ကို အံ့သြသလို မော့ကြည့်သည်။ ထိုအခါ နှစ်ယောက်သား မျက်နှာချင်းဆိုင်တည့်တည့် ယှဉ်ရပ်မိတော့မှ တာရာ၏ အရပ်ကြီးသည် မုဒြာထက်ခေါင်းတစ်လုံးစာ ပို၍မြင့်နေသည်။ ထွားကြိုင်းလှသော ခန္ဓာကိုယ်ကြီးက မုဒြာကို အုပ်မိုး၍ ကြည့်နေခဲ့၏။

"ဘာပြောမလို့လဲ တာရာ ... "

သူမ မေးလိုက်သော်လည်း သူအဖြေမပေးသေးဘဲ မုဒြာမျက်နှာလေးကို စူးစိုက်ကြည့်နေမိသည်။ တာရာ မျက်ဝန်းများနှင့် မော့ကြည့်လိုက်မိသော မုဒြာ၏မျက်ဝန်းများ ဆုံမိသွားရ၏။

"ဟုတ်တယ် ... မုဒြာ နင့်ကို ငါပြောစရာရှိတယ်"

ရင်ထဲမှာ ဒိတ်ခနဲခုန်ကာ ချက်ချင်းပင် စိတ်ထဲမှာတစ်ခုခုကို ခံစားမိလိုက်ပြီး မုဒြာမျက်နှာလေး ပန်းနုရောင်သန်းကာ မျက်လွှာ





လေးကို ချလိုက်မိသည်။

"မုဒြာ ... ငါတို့ငယ်ငယ်ကတည်းက ခင်လာခဲ့တဲ့ ဖြူစင်တဲ့ သူငယ်ချင်းသံယောဇဉ်လေးတွေကို ခုချိန်ကစပြီး ရုတ်သိမ်းလိုက်ရအောင်"

"ဘယ်လို ... နင်ဘာကိုပြောတာလည်း တာရာ၊ နင် ငါ့ကို တစ်သက်လုံး သံယောဇဉ်ဖြတ်နိုင်တယ်ပေါ့ ... နင်ပြောတော့ ငါ ထို အမြဲတမ်း သတိရနေတာဆို"

"နင်ထင်သလို မဟုတ်ဘူးမုဒြာ ... နင် နားလည်အောင် ပြောရရင် နင့်ကို ငါ ... ငါလေ သူငယ်ချင်းအဆင့်ထက်ပိုနေပြီ၊ အဲဒီအတွက် ငါ့ရင်ထဲက ရိုးသားမှုတွေကို ဟန်မဆောင်ပါရစေနဲ့တော့ မုဒြာရယ် ... "

ထိုအခါမှ မုဒြာမှာ မျက်ဝန်းလေးတွေ ရီဝေစွာဖြင့် သူ့ကို စိုက်ကြည့်နေသည်။ နှုတ်ခမ်းဖူးလေးတွေကလည်း တဆတ်ဆတ် တုန်နေခဲ့၏။

ထိုစဉ်မှာပဲ လူကူးမျဉ်းကျားမှာ နှစ်ယောက်သား အချိန်ကြာမြင့်စွာရပ်နေမိကြပြီး ကားဟွန်းသံများကလည်း အဆက်မပြတ် ထွက်ပေါ်လာခဲ့သည်။

"ငါသွားတော့မယ်နော် ... မေမေကလည်း နင့်ကို တကယ် မေးနေတာပါ၊ မေမေ့ဆီသွားလိုက်ဦးနော် ... နောက်ပြီး ငါအားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကျရင် နင့်ဆီကိုလည်း လာခဲ့မှာပေါ့"

ပြောပြီး တာရာက ချက်ချင်းလှည့်ထွက်သွားခဲ့သည်။ သူမလည်း သူ့ကိုကျောခိုင်းကာ ဆန့်ကျင်ဘက်သို့ လျှောက်လာခဲ့၏။ ကားလမ်းတစ်ဖက်သို့ ရောက်တော့မှ ပြန်လှည့်ကြည့်ရာ သူကလည်း လှမ်းကြည့်ရင်း ပြုံးပြနေသည်။

ဖြူစင်သန့်ရှင်းသော နှစ်ယောက်စလုံး၏ရင်ထဲတွင် အတိုင်းအဆမရှိအောင် ဆွဲငင်အားတွေ လှုပ်ရှားသွားခဲ့ရသည်။

ဒါဟာ အချစ်၏ သင်္ကေတလေးများလား။

❀❀❀

အခန်း ( ၉ )

ရင်ခုန်သံလေးတွေ မမှန်တော့စွာဖြင့် ရေချိုးပြီး မှန်လေးရှေ့မှာ ကြည့်နေမိသော သူမမျက်နှာလေးကို ပြန်ကြည့်နေမိ၏။ ခနေ့က တာရာပြောသွားသော စကားသည် သူမပါးလေးတွေပင် နီမြန်းသွားရပြီး ရှက်ခဲ့ရတာကြောင့် ပြုံးနေမိတာဖြစ်သည်။ ကျောက်ပြင်ပေါ်မှာ အားရအောင် သနပ်ခါးတွေသွေးပြီး မျက်နှာပေါ်မှာ လိမ်းလိုက်သည်။ ပါးပေါ်မှာ ပါးကွက်ကလေး ကွက်မိတော့လည်း စောင်းမြှောင်းပြီး မကြားတကြားဆိုတတ်သော တာရာဆိုသည့် သီချင်းလေးကို သတိရမိပြန်သည်။

ပါးပြင်မှာ သနပ်ခါးလေးနဲ့×××ချစ်စရာကောင်းလိုက်တာကွာ×××သူများတွေထက် မထင်ရှားလည်းဘဲ×××ကိုယ့်အတွက် လမင်းလေးပါ×××



www.burmeseclassic.com

www.burmeseclassic.com



အစကတော့ မသိဘဲ အမှတ်တမဲ့ပင် နေခဲ့သည်။ မနေ့က စကားကြောင့်သာ ပြန်တွေးမိတော့ သူ့မကိုဆိုတာ သိတော့သည်။ ပြန်တွေးကြည့်တော့ ရင်တွေခုန်နေပြန်၏။

တာရာပြောသလို သူ့အမေမျှော်နေတယ် သွားလိုက်ပါဆိုတာကြောင့်လည်း သူမသွားရန် ပြင်ဆင်နေမိသည်။ မုဒြာ သူ့အမေကို သွားမေးချင်နေခဲ့တာ ကြာပြီဖြစ်၏။ ဒါပေမဲ့ ... တာရာအမေကို ကြောက်၍ မသွားဖြစ်ခဲ့ပါ။ အိပ်မောကျနေသော အမေ့အတွက်လည်း ထမင်းအဆင်သင့်ပြင်ထားပေးခဲ့ပြီဖြစ်သည်။ ထိုစဉ် အိမ်ရှေ့ကပြင်ဆီမှ အရက်သမားဦးမင်းမောင်အသံကို ခါးသည်းစွာ ကြားလိုက်ရသည်။

"အေ့ ... မအေးမေ ... မအေးမေ"

ခေါ်သံနှင့်အတူ ဦးမင်းမောင်က အိပ်ခန်းထဲမှာအိပ်နေသော အမေ့ကို လှမ်းကြည့်နေ၏။

"သြော် ... မင်းက အိပ်ပျော်နေတာကိုး၊ မင်းရဲ့သမီးက အရမ်းလိမ္မာတော့ မင်းဈေးတောင်ရောင်းမထွက်ရတော့ဘူးပေါ့၊ အခုတော့ မင်းက တော်တော်ကို ဇိမ်ကျနေတာပေါ့ ဟုတ်လား"

အာလေးလျှာလေး အသံဖြင့် အမေ့ကိုလှမ်းပြောနေကာ ယိုင်တိယိုင်တိုင်ဖြင့် လျှောက်လာသော ဦးမင်းမောင်၏ မျက်လုံးတွေက သနပ်ခါးလိမ်းနေသော မုဒြာဆီသို့ အကြည့်များ ရောက်လာ





၏။ မုဒြာ ရင်တွေတုန်ကာ ရင်လျှားထားသော ကိုယ်လေးပေါ်မှ ချက်နှာသုတ်ပဝါကို လုံခြုံစွာ ဖုံးဖိထားမိလိုက်သည်။ ဦးမင်းမောင် ခြေလှမ်းတို့က မုဒြာ အခန်းဝထိ တိုးလာခဲ့၏။

"ဦးလေး ... ဒီအခန်းထဲ ဘာဝင်လုပ်မလို့လဲ၊ သွား ... ထွက်သွားပါ"

"ရှူး ... မင်းအမေ အိပ်နေတယ်၊ နိုးသွားဦးမယ်"

ရင်ထဲမှာ ဒေါသတွေ အလိပ်လိုက်၊ အလိပ်လိုက်တက်လာရင်း ပါးစပ်က အမေ့ကိုခေါ်လိုက်ပြီး လက်ကလည်း သနပ်ခါးတုံးကို ကိုင်ထားလိုက်မိတော့သည်။

"မုဒြာလေး ... မင်းက မင်းအစ်မထက်တောင် လှနေသေးတယ်"

ဦးမင်းမောင်က အရက်သမားလေသံဖြင့် အခန်းဝမှ ရပ်ကာ လှမ်းပြောနေပြီး ခြေလှမ်းတို့ကလည်း ရှေ့သို့ဆက်တိုးလာသည်။

"ကိုမင်းမောင် ... ကျွန်မသမီးအခန်းထဲကို တစ်လှမ်းတိုးတာနဲ့ ရှင်သေဖို့သာပြင် ... ကျွန်မက ရောဂါသည် သေရမှာ မကြောက်သလို ထောင်ထဲဝင်ရမှာလည်း မကြောက်ဘူး"

နောက်ဘက်ဆီမှ အမေ့အသံကြောင့် မုဒြာ အားတက်သွားမိသည်။ စိတ်ထဲမှာလည်း ပြောမိလိုက်၏။ တော်ပါသေးရဲ့ ... အမေ အိပ်မောကျမနေလို့။



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... မအေးမေ မဟုတ်ပါဘူးကွာ၊ ဒီမှာ မင်းသမီးကို အနေအထိုင်ဆင်ခြင်ဖို့ ပြောနေတာပါ"

"အဲဒါ ရှင်နဲ့မဆိုင်ပါဘူး ... ကျွန်မသမီးက အနေအထိုင် ဘယ်တော့မှ မပက်စက်ဘူး၊ နောက် ... ရှင်သိထားဖို့က ကျွန်မ သမီးလေးတွေနားမှာ ဝေ့လည်ကြောင်ပတ်မလုပ်ပါနဲ့၊ ကျွန်မသမီး တွေထိရင် ကျွန်မအသက်ချင်းလဲရ ... လဲရ လဲပစ်မယ်"

"ဟာ ... ဒီမိန်းမ ... အရှက်မရှိ အော်ကြီးဟစ်ကျယ်နဲ့၊ မင်းတို့ကို မင်းတို့ သိပ်အထင်ကြီးမနေနဲ့ ... ငါလည်း ဖအေတစ် ယောက်အနေနဲ့ ဆုံးမပိုင်ခွင့်ရှိတယ်"

ဦးမင်းမောင်၏ ကျယ်လောင်စွာ ပြောလိုက်သောစကားသံ က ပတ်ဝန်းကျင်ကို ပို၍ကြားစေရ၏။ တမင်သက်သက်အရွဲ့တိုက် ပြီး ပတ်ဝန်းကျင်ကြားအောင် ပြောလိုက်တာကို အမေရော မုဒြာ ပါ သိနေသည်။ ထပ်ပြောနေလျှင် ပို၍ဆိုးတော့မည်ဖြစ်တာကြောင့် အမေက ဦးမင်းမောင်ကို အရက်ဖိုးပေးလိုက်သည်။ ဦးမင်းမောင် တဟားဟား အော်ရယ်ရင်း ပြန်ထွက်သွားတော့သည်။

အမေက ကတုန်ကရင်လေးနှင့် မုဒြာအခန်းလေးထဲ ဝင်လာ သည်။

"သမီးလေး တော်သေးတယ် ... အမေရှိနေလို့"

"စိတ်မပူပါနဲ့ အမေရယ် ... သမီးလည်း ကိုယ့်ကိုကိုယ် ကာ





ကွယ်နိုင်ပါတယ်"

"ဒါပေမဲ့လည်း စိတ်ပူတာပေါ့ သမီးရယ် ... သမီးအစ်မ အိမ် ထောင်ကျသွားပြီး အမေမရှိတော့ရင် သမီးလေးဘဝကို အမေ တွေး မိတယ်"

စိုးရိမ်မှုတွေ လွှမ်းကဲနေသော အမေသည် ရင်ဘတ်ပေါ် ဆက်ကလေးဖိကာ တတွတ်တွတ်ပြောနေရှာသည်။

"အမေ မမက အိမ်ထောင်ကျပြီးရင် ဒီမှာလာနေမှာပဲဟာ၊ အမေကလည်း နေကောင်းနေပြီပဲလေ ... အမေ ဘယ်ကိုသွားမှာ ...လို့ မရှိရမှာလဲ ... ဘာလဲ အမေက ရိပ်သာဝင်ချင်လို့လား"

ဘာမှမသိရှာသော မုဒြာက သွမ်မစိတ်ထင်ရာ ပြောနေသည်။

"မဟုတ်ပါဘူး သမီးရယ် ... ဒါပေမဲ့လည်းလေ ... "

ဒေါ်အေးမေ ပြောမည့်စကားက ထပ်ထွက်မလာခဲ့ပေ။ ...ဒြာ၏ ကိုယ်လေးကိုသာ လှမ်းဖက်ရင်း တသိမ့်သိမ့် ရှိုက်ငိုနေ သည်။

"အမေ မငိုပါနဲ့အမေရယ် ... သမီးတို့ မိသားစုလေး ပျော် ...မှာပါ"

"သမီး မသိပါဘူး ... သမီးလေးရယ်" ဒေါ်အေးမေ စိတ်ထဲမှ ပြောနေတာကိုတော့ မုဒြာသိမှာမဟုတ်ပါ။ ကိုယ့်ရောဂါ အခြေ အနေ ကိုယ်တာအသိဆုံးဖြစ်သည်။ မိမိရောဂါသည် အဆုံးစွန်သို့ပင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေခဲ့ရ၏။ သမီးလေးမသိပေမယ့် ဆရာဝန်နှင့် သမီးကြီး အကြင်နာတို့ ပြောခဲ့တာကို နားနှင့်ဆတ်ဆတ်ကြားခဲ့ရသည်။

"သမီးအမေကို စိတ်ချမ်းချမ်းသာသာဖြစ်အောင် ထားပါ၊ သမီးအမေရောဂါက အလွန်ဆုံး နှစ်လ၊ သုံးလပဲနေရတော့မယ်"

"ရှင်"

"ဟုတ်တယ်ကွယ် ... ဒေါက်တာလည်း အစွမ်းကုန်ကုသပေးပါတယ်၊ ဒါပေမဲ့ ... ရောဂါက ကျွမ်းနေပြီ၊ ဒီတော့ ညည်းညီမလေးလည်း ပြောမနေနဲ့၊ အမေလည်းမသိစေနဲ့၊ လောလောဆယ်မှာတော့ စိတ်ချမ်းသာအောင်ထားပါ ... စိတ်ထိခိုက်စရာတွေ မဖြစ်စေနဲ့၊ အကယ်၍များ စိတ်ထိခိုက်စရာတစ်ခုခုကြုံတွေ့မိတတ်ရင် ချက်ချင်းကြီး ဖြစ်သွားတတ်တာမလို့ပါ"

"ဟုတ်ကဲ့ ဒေါက်တာ ... ကျေးဇူးတင်ပါတယ်၊ ကျွန်မကို သွားခွင့်ပြုပါဦး"

ထိုစဉ်က ခေါင်းလေးငိုက်စိုက်ထွက်လာလျက် တစ်ယောက်တည်း ကြိတ်မှတ်ခံစားနေရသော သမီးကြီး အကြင်နာကို ကြည့်ကာ ဒေါ်အေးမေ ရင်ထဲမှ အောင့်သက်လာမိသည်။ ထိုဝေဒနာကို ကြိတ်မှတ်ခံစားရင်း သမီးကြီးမတွေ့အောင် တံခါးနားမှာကွယ်နေလိုက်ရသေးသည်။ ထိုအကြောင်းတွေကို သမီးလေးမုဒြာက ဘာမှမသိရှာ။ ပြောလည်းမပြောရက်ခဲ့။ ထို့ကြောင့်လည်း ရင်ထဲ





မှာသာ မျိုသိပ်ထားခဲ့ရသည်။ သနပ်ခါးတောင် သေချာမလိမ်းနိုင်တော့ဘဲ ကြောက်လန့်နေသော မုဒြာမျက်နှာလေးက သိသာလှသည်။ အင်္ကျီအဝါနုလေးနှင့် စကတ်နက်ပြာကွက်လေးကို ဝတ်ထားသော မုဒြာသည် ဘယ်လိုနေနေ ဘယ်အချိန်ကြည့်ကြည့် လှနေတဲ့ သမီးလေးကို ဒေါ်အေးမေ ပို၍ စိတ်မချဖြစ်ခဲ့ရသည်။

"သမီးလေး"

"ရှင် ... အမေ"

"သမီးလေးတာရာနဲ့ ချစ်နေကြလား"

ချက်ချင်းကြီးမေးလိုက်သော အမေ့စကားကြောင့် မုဒြာမျက်လုံးလေးတွေ ဝိုင်းစက်သွားရသည်။ ထို့ကြောင့် သူမမှာ ပျာပျာသလဲ ငြင်းလိုက်မိသည်။

"မဟုတ်ပါဘူးအမေ ... အမေဘာတွေကြားလို့လဲဟင်"

"မကြားပါဘူး သမီးရယ် ... တာရာလေးနဲ့ဆို အမေစိတ်ချချင်လို့ပါ"

ထိုအခါမှ သူမ သက်ပြင်းချမိရင်း ညည်းညူလိုက်မိသည်။

ဩော် ... အမေရယ် တာရာနဲ့ဆို တကယ်စိတ်ချတယ်တဲ့လား။ ဒါပေမဲ့ ... တာရာက သမီးကိုချစ်တယ်လို့ တပ်အပ်မပြောသေးပေမယ့် ချစ်နေတဲ့အရိပ်အမြွက်တွေတော့ သမီးနားလည်ခဲ့တယ်။ တာရာက သမီးကို ချစ်တယ်လို့ပြောရင်တောင် သမီးဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုပြောရမလဲ မသိတော့ဘူးအမေရယ်။

"အမေ"

"သြော် ... သမီးကြီးတောင်ပြန်လာပြီ"

အကြင်နာက အမေ့ မျက်ဝန်းမှမျက်ရည်တွေကို တွေ့လိုက်တာကြောင့် ...

"အမေ ... အမေ ဘာဖြစ်လို့လဲ"

"အမေ ဘာမှမဖြစ်ပါဘူး သမီးကြီးရယ် ... သမီးညီမလေးအတွက် စိတ်မချရလို့ ပြောနေတာ"

"ညီမလေး ဘာဖြစ်လို့လဲအမေ၊ ညီမလေးမုဒြာ ညီမလေး ဘာဖြစ်လို့လဲ"

မုဒြာက နှုတ်ခမ်းလေးတွေတုန်ရင်နေရင်း ဒေါ်အေးမေဆီ လှမ်းကြည့်လိုက်သည်။ ထိုအခါ ဒေါ်အေးမေကပင် အကြောင်းစုံ ပြောပြလိုက်၏။ အကြင်နာ ရင်တစ်ခုလုံး ဆွဲနှုတ်ပစ်လိုက်သလို ဟာခနဲ ဖြစ်သွားရပြီး ခေါင်းထဲမှာလည်း မိုက်ခနဲဖြစ်ကာ ရှေ့သို့ ယိုင်သွားရ၏။

"မမ ... မမ ... ဘာဖြစ်လို့လဲ"

မုဒြာအမေးကို ပြန်မဖြေနိုင်သေးဘဲ လက်ကလေးဖြင့်ကာ ပြလိုက်သည်။ တစ်ခဏကြာတော့မှ ...

"အမေ ... ညီမလေးအတွက် စိတ်မပူပါနဲ့၊ သမီးလက်ထပ်





ပြီးရင် အမေနဲ့ညီမလေးကိုပါ ခေါ်သွားမယ်၊ ဒီအိမ်ကို ရောင်းပစ်လိုက်ပြီး ဦးမင်းမောင်ကိုလည်း ထိုက်သင့်သလို ပေးလိုက်မှာပေါ့။ ညီမလေးအတွက်လည်း စိတ်ချရပါတယ် ... ဦးဥက္ကာမောင်ကလည်း မုဒြာကို ညီမလေးအရင်းတစ်ယောက်လို သဘောထားမယ့်သူပါ"

အမေကပြုံးရင်း ခေါင်းတညိတ်ညိတ်ဖြင့် ကြည့်နေရှာသည်။ အမေနှင့်မုဒြာကို သူမလက်ထပ်ပြီးလျှင် ခေါ်ထားဖို့ရာ အစောကြီးကတည်းက ဦးဥက္ကာမောင်ကလည်း ပြောထားခဲ့သည်။

ထို့ကြောင့် အားလုံးကိစ္စတွေပြီးလျှင်တော့ ဦးဥက္ကာမောင်နှင့် တစ်နေရာရာမှာ အနားယူအပန်းဖြေချင်သည်။ လူရောစိတ်ရော အရမ်းနားချင်နေမိ၏။ အခုတစ်လော အကြင်နာ့ရင်ထဲမှာ စူးခနဲ စူးခနဲ အောင့်နေသည်မှာ တော်တော်ကြာနေခဲ့သည်။ အမေနှင့် ညီမလေးသိလျှင်လည်း စိတ်ပူမှာစိုးတာကြောင့် ကြိတ်မှတ်လို့ခံစားနေမိသည်။ လက်ထပ်ပြီးမှ အရာရာကို စိတ်တွေလျှော့ချကာ အပန်းဖြေမည်ဟုပင် စဉ်းစားထားခဲ့သည်။

အခုနေအချိန်မှာ အကြင်နာဘဝအတွက် ဦးဥက္ကာမောင်သည် အင်အားတစ်ခုဖြစ်နေသလို အမေနှင့်ညီမလေးအတွက်လည်း အကြင်နာသည် အားအကိုးရဆုံး မေတ္တာပန်းတိုင်ပင် ဖြစ်နေမိသည်။

ၜၜၜ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

မြန်မာပြည်ကို စတင်ခြေချလိုက်ပြီဆိုကတည်းက ရရှိလာသော နွေးထွေးမှုသည် ဘာနဲ့မှကို မတူ။ ငါးနှစ်ဆိုသောအချိန်ကာလက သူ့ဘဝအတွက် ပြောင်းလဲမှုတစ်ခုပင်။ မိုးမြင့်သဇင်ဆိုသော မိန်းမတစ်ယောက်ကို သူ့ရင်ထဲမှာအမှန်တကယ် မရှိခဲ့တာ ငါးနှစ်ဆိုသော အချိန်ကာလအတွင်းမှာလည်း ပို၍သိခွင့်ရခဲ့သည်။

"မာန် ... ဦးမောင် ဒီမှာ ..."

လူအုပ်ကြားထဲမှ အပြင်ကိုတိုးထွက်လိုက်လျှင် သူ့ရဲ့အရင်းနှီးဆုံး ဦးလေးတော်သူ ဦးမောင်ကို ထင်းခနဲ တွေ့မြင်လိုက်ရလေသည်။

"ဦးမောင် နေကောင်းတယ်နော်"

"ကောင်းပါတယ် မာန်ရယ် ... မင်းနဲ့အတူ ဘဝကိုပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းသွားဖို့ဆိုတာ ဦးမောင် ကျန်းမာနေမှဖြစ်မှာ





ပေါ့"

ဦးမောင်က မာန်၏ပခုံးကို တင်းတင်းဖက်ထားလိုက်ရင်း

"ကဲ ... မာန် အိမ်ရောက်မှ စကားတွေ တစ်ဝကြီးပြောရအောင်"

သူက ဦးမောင်နှင့်အတူ ကားပေါ်ဝင်ထိုင်လိုက်သည်။ ငါးနှစ်မျှ ကွဲကွာခဲ့ရသော မြင်ကွင်းများသည် သူ့မျက်လုံးထဲမှာ ဆန်းသစ်လှပလို့နေ၏။

"ကဲ ... မာန် မင်းရဲ့သီးသန့်အိမ်ဂေဟာကိုပဲ သွားမှာလား"

"ဟုတ်တယ် ဦးမောင် ... ကျွန်တော် အဲဒီမှာပဲ သပ်သပ်နေသွားမှာ"

မာန်က ငါးနှစ်တာကာလအတွင်း သူ၏ပညာဉာဏ်ဖြင့် ကြိုးစားအားထုတ်ကာ အေးဆေးတည်ငြိမ်သော ဆိတ်ငြိမ်ရပ်ကွက်လေး၏ ကျယ်ဝန်းလှသော ခြံနှင့်တိုက်ကို ဦးမောင်အားဝယ်ယူခိုင်းထားခဲ့သည်။

"ခြံနှင့်တိုက်ကိုတွေ့ရင် မင်းစိတ်တိုင်းကျသွားမယ်မာန်"

"ကျွန်တော်ဝယ်တာ မိုးရောသိလား ဦးမောင်"

"သိတယ် မာန်"

မာန်က ပြုံးလိုက်သည်။

ကျယ်ဝန်းလှသော ခြံကြီးနှင့်တိုက်ကြီးကိုကြည့်ရင်း မာန်



www.burmeseclassic.com

www.burmeseclassic.com



သဘောကျမိသည်။ မိုးမြင့်သဇင်နှင့် ဝေးဝေးနေရမှာကိုလည်း နှစ်မြို့က်မိ၏။ သူ့ဘဝကို မိုးမြင့်သဇင် လျှောင်ချိုင့်စံထဲ ပြန်မဝင်နိုင်သလို ဘယ်တော့မှလည်း ပြန်ဝင်ဖို့စိတ်မကူးတာကြောင့် ကိုယ့်ဘာသာစိတ်တိုင်းကျ ခြံနှင့်တိုက်ကို ဝယ်ယူလိုက်သည်။

"မာန် ခြံဝက ကြည့်ရင်တောင် အိမ်ထဲကို မမြင်ရဘူး"

"အဲဒါ ကောင်းတယ် ဦးမောင် ... ကျွန်တော် သဘောကျတယ်၊ ဒါနဲ့ ဦးမောင်ကိုရှာခိုင်းထားတဲ့ ဦးလူလေးတစ်ယောက်ရောသတင်းရလား"

"ဟာ ... ဟုတ်သားပဲ၊ တွေ့တယ်မာန်ရေ ... ဦးလူလေးကတော့ မင်းအကြောင်း အမြဲတမ်းမေးနေတာ၊ သူ ဒီရက်အတွင်းလာလိမ့်မယ်"

ဦးလူလေးဆိုသည်မှာ အရင်က မိုးမြင့်သဇင်၏ ခြံစောင့်ဖြစ်ပြီး တစ်နေ့ မိုးမြင့်သဇင် အပြင်ကနေ စိတ်ရှုပ်စရာတစ်ခုဖြင့် ပြန်လာရင်း ဦးလူလေး အမှတ်မထင် အိပ်နေမိတာကြောင့် ခြံတံခါးလာမဖွင့်ပေး၍ ထုတ်ပစ်လိုက်သည်။ ဦးလူလေးကလည်း ကျေကျေနပ်နပ်ကြီး ထွက်သွားခဲ့၏။ မာန်မရှိတော့တဲ့အတွက် ဦးလူလေးလည်း မနေချင်တော့ပါ။ အိပ်ချင်လို့ ခဏနားချင်ပေမယ့်လည်း မိုးမြင့်သဇင်က အလုပ်နားတာ လုံးဝမကြိုက်။ အရင်ကဆို မာန်က ဦးလူလေးဘက်မှ ကာကွယ်ပြောခဲ့လျှင် မိုးမြင့်သဇင်က ဦးလူလေး





ကို မာန့်ကွယ်ရာမှာ ပို၍အပြစ်တင်တော့သည်။ အခုလည်း ဦးလူလေးကို အလုပ်ထုတ်ပစ်သည့်ကိစ္စ ဦးဥက္ကာမောင်က မာန့်ကို အကြောင်းကြား၍ ဖြစ်သည်။ မာန်ပြန်ရောက်သည်နှင့် အလုပ်ပြန်ပေးမယ်ဆိုတာကြောင့် ဦးလူလေးတစ်ယောက် ကျေးဇူးတွေတင်နေမိတော့သည်။ ဦးလူလေးမှာ တစ်ကိုယ်တည်းသမား ဖြစ်တာကြောင့်လည်း နေစရာမရှိ၍ ဘုန်းကြီးကျောင်းမှာပင် နေရသည်။

တိုက်ကြီးက ကြီးမားသလောက် အထဲမှာလည်း ဦးမောင်က မာန်စိတ်တိုင်းကျ မွမ်းမံထားခဲ့၏။ ဒီနေ့အဖို့တော့ မာန်တစ်နေကုန် နားတော့မည်။ မနက်ဖြန်မှ စက်ရုံသို့သွားမယ်ဟုလည်း ဦးမောင်ကို ပြောထားလိုက်သည်။

"ဦးမောင် မိုးမေးရင် ကျွန်တော်ပင်ပန်းလာလို့ ဘယ်သူနဲ့မှ မတွေ့နိုင်ပါဘူး ပြောလိုက်ပါ ... ဒီခြံထဲကိုလည်း ကျွန်တော့်အမိန့်မရမချင်း ဝင်လာစရာမလိုဘူးလို့ ပြောပေးပါ"

"အေးပါ မာန် ... ငါပြောလိုက်ပါ့မယ်၊ ဒီလောက် ငါးနှစ်ကာလအတွင်းမှာ မင်းရဲ့စိတ်တွေ မိုးအပေါ် ပြောင်းလဲမှုမရှိသေးတာ အံ့ဩဖို့ကောင်းတယ်နော်"

"အနေဝေးရင် သွေးအေးအောင်လို့ပေါ့ ဦးမောင်၊ အချစ်ဆိုတာ သူ့အလိုလိုဖြစ်ပေါ်လာတာပါ ... ကျွန်တော့်ဘက်က ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောင်းလဲတာ ရှင်းရှင်းလေးပါပဲ ... သူ့အပေါ် ဘယ်လိုမှ သံသယ ဖဥ်မရှိနိုင်လို့ပေါ့"

"ဦးမောင် နားလည်ပါတယ်မာန် ... ဒါနဲ့ ဦးမောင် မင်းကို ပြောစရာတစ်ခုရှိသေးတယ် ... မင်းသိပ်အံ့သြသွားမယ် မာန်"

မာန်က "ဟက်"ခနဲ တစ်ချက် ရယ်လိုက်သည်။

"ဟုတ်လား ... ဘာများလဲ"

"မာန် ... မင်းပြောတဲ့အချစ်ဆိုတာ ဦးမောင် ရှာတွေ့ခဲ့ပြီ"

"ဗျာ"

"ဟုတ်တယ်မာန် ... မင်းမရှိတဲ့ အတောအတွင်း ကောင်မလေးတစ်ယောက်ကို တကယ်ချစ်မိသွားတယ်၊ မင်းပြောသလိုပဲ အချစ်ဆိုတာ မထင်မှတ်ဘဲ ရောက်လာတတ်လို့ပဲ"

မာန်က သဘောကျစွာ ပြုံးလိုက်သည်။

"အဲဒီ မိန်းကလေးက ..."

"ဦးမောင်စက်ရုံက စာရေးမလေးလေ၊ အခု မင်းစက်ရုံပေါ့။ နာမည်က အကြင်နာတဲ့ ... နာမည်နဲ့လိုက်အောင် သိမ်မွေ့နူးညံ့ပြီး ကျက်သရေရှိတယ်၊ အရမ်းချစ်ဖို့လည်းကောင်းတယ်"

မာန်က ဦးမောင်ကိုပြုံးရင်း ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"ဘယ်လိုလဲ ဦးမောင် ... ကိုယ်ချစ်ရတဲ့သူနဲ့တွေ့ရတော့ ပျော်ရွှင်မှုတွေ ဖြစ်ရတယ်မလား"

"ဒါကြောင့် မာန်ရဲ့စကားကို ယုံသွားတာပေါ့ ... အင်း အချစ်ရဲ့ သဘောသဘာဝတွေပဲ ထင်ပါရဲ့ကွာ"

"ဝမ်းသာပါတယ် ဦးမောင် ... ဂုဏ်ယူပါတယ်"

"ကဲ ... ဒါဆို ဦးမောင်ပြန်မယ်၊ စက်ရုံကို ဝင်ရဦးမယ် ... သြော် ဦးလူလေး ဒီနေ့ရောက်မလာရင် မနက်ဖြန်လောက်တော့ ရောက်လာလိမ့်မယ် မာန် ..."

"ဟုတ်ကဲ့ ဦးမောင် ... မနက်ဖြန်မှတွေ့ကြတာပေါ့ ... ဦးမောင် ဇာတ်လမ်းလေးလည်း ဆက်ပြီးနားထောင်ရင်းပေါ့"

"ဒါပေါ့ ... အကြင်နာကို မင်းတွေ့လိုက်ရရင် ဦးမောင် ဘယ်လွဲပါလားလို့တောင် ထင်သွားဦးမယ်"

"ဟား ... ဟား ... ဟား ..."

မာန်က သဘောကျစွာရယ်လိုက်၏။ ဦးမောင်က ထိုသို့ ရယ်တာကြာနေပြီဖြစ်သော မာန်ကိုကြည့်ကာ ကြည်နူးဝမ်းမြောက်ကာ ပီတိတွေ ဖြစ်မိနေသည်။

ꩩꩩꩩ

စက်ရုံထဲရှိ ရုံးခန်းသို့ဝင်လိုက်သည်နှင့် ပြုံးမာန်ဘွဲ့ ဟူသော သူ့ဌေး၏နေရာတွင် မိုးမြင့်သဇင်က နေရာယူထိုင်နေခဲ့သည်။ ဝင်လာသော မာန့်ကိုကြည့်ကာ ဘာတစ်ခုမှ မပြောင်းလဲသော မိုးမြင့်






www.burmeseclassic.com

www.burmeseclassic.com



သခင်က စူးရှသောမျက်ဝန်းတို့ဖြင့် စိုက်ကြည့်ရင်း ...

"ဘယ်လိုလဲ မာန် ... မိုးနဲ့ဝေးကွာနေရလို့ ပျော်နေမှာပေါ့"

"ကိုယ့်ဘဝကို မင်းဘာမှ ဝေဖန်နေစရာမလိုဘူးမိုး၊ ငါးနှစ်တာ ကာလအတွင်းမှာ ကိုယ့်ဘဝကိုယ်သီးခြားနေခဲ့သလို နောင်လာမယ့်အနာဂတ်အတွက်လည်း ဒီလိုပဲရပ်တည်နေမယ် ... မင်းလည်း မင်းဘဝကို မင်းဆက်လျှောက်ပါ"

"ဘာလဲ မာန် ... ရှင်ပြောတာက မိုးတို့အိမ်မှာ မနေတော့ဘူးဆိုတာလား"

"ကိုယ် အိမ်ဝယ်ထားတာ မင်းသိနေတဲ့ဟာပဲ၊ ရှင်းပြစရာတောင် မလိုပါဘူး ... ဒါနဲ့ မင်း ဒီမှာဘာလာလုပ်တာလဲ"

မိုးမြင့်သခင်က အပြုံးမဲ့မဲ့နှင့် စိုက်ကြည့်၏။ မာန်က သိသည်။ ထိုအခါ မိုးက ခနဲ့တဲ့တဲ့ရယ်ကာ ...

"ဟင်း ... ဟင်း ... ငါးနှစ်တာ ခွဲခွာနေရတဲ့ မိုးရဲ့ယောကျ်ားကို လာကြည့်တာလေ"

မာန်က မျက်မှောင်ကုတ်၍ကြည့်ကာ ခေါင်းကိုခါလိုက်သည်။ ပြီးတော့ မဲ့လိုက်၏။

"တော်ပါတော့ ဒီစကားတွေကို ငါမကြားချင်ဘူးမိုး ... နောက်စကားပြောရင် မင်းနဲ့ငါ ပတ်သက်တာတွေကို ထည့်မပြောပါနဲ့၊ ဒီစက်ရုံကိုလည်း ငါအုပ်ချုပ်မှာဖြစ်တဲ့အတွက် မင်းလာစရာမလိုဘူး ... အကယ်၍ မင်းလာပြီး စီမံချင်နေတယ်ဆိုရင် အကုန်လုံး မင်းပဲတာဝန်ယူလိုက်တော့"

"ဒီမှာ မာန် ... မိုးတို့ ကြီးကြီးကျယ်ကျယ်ခမ်းခမ်းနားနားနဲ့ လူသိရှင်ကြား မင်္ဂလာဆောင်ခဲ့တာဟာ ဘယ်လိုမှပျောက်ပျက်သွားနိုင်ဘူးနော်"

"ဒါတွေဟာ အပေါ်ယံတွေပါ ဒေါ်မိုးမြင့်သခင် ... မင်းနဲ့ငါနဲ့အဆင်မပြေလို့ အတူတူမနေတာ အကုန်လုံးသိနေတာပဲ"

"အဲဒါ ရှင့်ဘက်က အယူအဆလေ၊ အဆင်မပြေတာလည်း ရှင့်ဘသောဖန်တီးတာပဲ ... မိုးဘက်က ဘာတစ်ခုမှ အဆင်မပြေစရာ မရှိပါဘူး"

"မင်း ငါ့ကိုစိတ်အနှောက်အယှက်ဖြစ်အောင် လာမလုပ်ပါနဲ့မိုး ... နောင်လည်း ဒီကိုလာစရာအကြောင်း မရှိတာမို့ မလာစေချင်ဘူး ... ဦးမောင်နဲ့ပြောလည်းရတယ် ... မင်းရင်ထဲမှာ ငါ့အတွက်နေရာမထားပါနဲ့"

"ငြိုးမာန်ဘွဲ့"

မိုးမြင့်သခင်၏ ဒေါသသံကို အပြင်ကနေ ကြားနေရသဖြင့် တာရာ ကိုယ်ရပ်နေမိသော နေရာမှ ကားရှိရာဘက်သို့ လျှောက်လာခဲ့မိသည်။ သူများလင်မယားစကားများနေတာကို နားထောင်သလိုများ ဖြစ်နေမလား။ ကားထဲရောက်သည်အထိ ဆက်တိုက်







www.burmeseclassic.com

www.burmeseclassic.com



ကြားနေရသည့်အသံတို့ကြောင့် တရောပင့်သက်ရှိုက်မိလေသည်။

"မာန် ... ရှင့်မာနတွေ ဒီထက်မပိုသင့်တော့ဘူး ... မိုး ရှင့်အပေါ် သည်းခံနိုင်တဲ့ အတိုင်းအတာ ဒီထက်ပိုလို့ရမှာ မဟုတ်တော့ဘူး။ ရှင့်ရဲ့ မာနတွေ အမုန်းတွေကို ခဝါချဖို့ ကောင်းပြီ၊ မိုး ရှင့်အပေါ် ဘာအတွက်ပဲ မကျေနပ်တာရှိရှိ အိမ်ထောင်ဦးစီးဆိုတဲ့ နေရာမှာပဲ ထားခဲ့တာ"

"မလိုပါဘူး ... အဲဒီအယူအဆတွေ မင်းရင်ထဲမှာပဲ ထားလိုက်ပါ"

"ယောက်ျားတစ်ယောက်ဖြစ်ပြီး အသည်းမာလှချည်လား မာန်"

"အဲဒီလို အသည်းမာလာအောင် မင်းလုပ်ပေးလိုက်တာ မလား"

"ဒါတွေက ရှင့်ကိုအရမ်းချစ်ခဲ့လို့လေ ... ဒါပေမဲ့ မိုးထင်တာထက် ရှင့်အသည်းနှလုံးက အရမ်းမာကျောနေတယ်"

"ဟုတ်တယ် မင်းအတွက် ဘယ်တော့မှ နူးညံ့လာမှာ မဟုတ်ဘူး ... အခု မင်းပြန်လို့ရပြီမိုး၊ မင်းနောက်ထပ်ပြောစရာ ရှိရင် ဦးမောင်ကို ပြောခိုင်းလို့ရတယ်"

"ဒီမှာ မာန် ... မိုးမြင့်သဇင်ဆိုတဲ့ မိန်းမတစ်ယောက်ဟာ လိုချင်တာကို မရရအောင် ယူတတ်တယ်ဆိုတာ မမေ့သေးပါဘူး



နော်"

"အဲဒီအတွက် ငါ့ရဲ့ပေးဆပ်မှုတွေက မပြီးဆုံးသေးဘူးလား"

"ရှင့်ရင်ထဲမှာ အမြဲတမ်းမှတ်ထားဖို့ပဲမာန်၊ မိုးအတွ ဘယ်လောက်ကြီးတယ်ဆိုတာ ရှင်သိပါတယ်၊ ရှင့်ကို မိုးပိုင်ဆိုင်ထားတာကိုတော့ ဘယ်တော့မှမမေ့ပါနဲ့ မိုးပိုင်ဆိုင်ထားတဲ့ ပစ္စည်းတစ်ခုကို ဘယ်သူ့လက်ထဲမှ အရောက်မခံနိုင်တာ ရှင်သိသလို ရှင့်ခြေလှမ်းတွေ မမှားစေနဲ့ပေါ့"

"ကိုယ့်ကို မချစ်တဲ့သူတစ်ယောက်ကို ဘာဖြစ်လို့များ မျှော်လင့်တောင့်တနေရတာလဲမိုး၊ ကိုယ့်ဘဝကို လွတ်လပ်ခွင့်ပေးလိုက်ပါ"

"ဘယ်လို ... လွတ်လပ်ခွင့်ပေးရမယ် ဟုတ်လားမာန်၊ မိုးငယ်ငယ်လေးကတည်းက မြတ်နိုးခဲ့တာ၊ စွန့်လွှတ်ဖို့မှမဟုတ်ဘဲ မချစ်ဘူးဆိုတာ သိပေမယ့်လည်း အဲဒီအမုန်းတွေကိုပဲ ရင်ထဲမှာ ဆက်လက်ရှင်သန်နေချင်တာ"

တလက်လက်တောက်ပနေသော မိုးမျက်ဝန်းတွေကိုသာသူ ငေးကြည့်နေမိတော့သည်။

❀❀❀

www.burmeseclassic.com

## အခန်း ( ၁၁ )

"သူကတော့ ကျွန်တော့်ကို အမြဲတမ်း စောင့်ကြည့်နေမှာပဲ ဦးမောင်"

"ဟုတ်တယ်မာန်၊ သူ့အနေနဲ့လည်း အိမ်ထောင်သက် ငါးနှစ်ကြာခဲ့ပေမယ့် မင်းသူ့အပေါ် ဘယ်လိုမှ မပြောင်းလဲဘဲ ရှိခဲ့တော့ သူ့ရင်ထဲမှာ အရမ်းခံစားနေရမှာပေါ့ ... မင်းဘက်က မိုးကိုဘယ်တော့မှ ချစ်လာမှာမဟုတ်ဘူးဆိုတာ သူသိသင့်နေပြီ ... ဒါပေမဲ့ နှစ်ချိန်ထိ သူ့နှလုံးသားထဲမှာ မင်းချစ်လာလိမ့်မယ်လို့ပဲ ခံယူထားတယ်၊ မင်းရဲ့ ကြင်နာမှု၊ ချစ်ခင်မှုတွေကို မရမချင်း သူကတော့ မင်းကို မျက်ခြေမပြတ် ကြည့်နေမှာပဲ မာန်"

"ကျွန်တော်က ဘာတွေလုပ်မှာမလို့ လိုက်ကြည့်နေမှာလဲ"

"မဟုတ်ဘူးလေကွာ၊ သူ့ဘက်က မင်းခံထားလောက် ခံစားကြည့်ပေးလိုက်စမ်းပါ ... မင်းအပေါ် သူအချစ်ကြီးချစ်သလောက်





မင်းက အစိမ်းသက်သက်ကြီးဆိုတော့ သူခံစားရမှာပေါ့၊ နောက်ပြီး မင်းကို ငယ်ငယ်လေးကတည်းက သံယောဇဉ်ရှိခဲ့တာလေ"

မာန်က သောက်လက်စ စီးကရက်ကို ဆေးလိပ်ခွက်ပြာလေးထဲ ထိုးထည့်ချေပစ်လိုက်သည်။

"ကျွန်တော် မြန်မာပြည်ကို ပြန်လာတော့မယ်ပြောခဲ့ပေမယ့် လာကာနီးမှာ တော်တော်လေးစဉ်းစားခဲ့သေးတယ် ဦးမောင်၊ ကျွန်တော် သူနဲ့တရားဝင် ကွာရှင်းချင်တယ်၊ ဒါမှ ဒီကိစ္စတွေပြတ်မှာ"

"မာန် ဒီလိုအလျင်စလို မလုပ်ပါနဲ့၊ မင်း မိုးကိုမနှစ်သက်မှန်း အရင်ထဲက သိကြပါတယ် ... ကွာရှင်းချင်တယ်ဆိုတာတော့ မိုးက လက်ခံမှာမဟုတ်ဘူး"

ဦးဥက္ကာမောင်က ပြောရင်း သက်ပြင်းချလိုက်မိ၏။

"ကဲပါ ဦးမောင်ရာ ... ကျွန်တော့်အတွက် ဦးနှောက်စားမနေပါနဲ့၊ ကျွန်တော် သူ့ကိုတော့ ပြောလိုက်တယ်၊ သူ့ဘဝကို သူ့ဘာသာဆက်လျှောက်ဖို့နဲ့ ကျွန်တော့်ဘဝကိုလည်း မဝေဖန်ဖို့ ပြောထားတယ်၊ ကဲ ... ဦးမောင်အကြောင်းလည်း ပြောပါဦး"

မာန်က သူ့အကြောင်းစကားဖြတ်လိုက်ပြီး ဦးမောင်အကြောင်း မေးလိုက်၏။

"ဒါနဲ့ ဦးမောင်တို့ ဘယ်တော့လက်ထပ်ဖြစ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ စဉ်းစားနေတာမာန် ... အကြွင်နှာအမေက အခု တလော ကျန်းမာရေးသိပ်မကောင်းဘူး ... သူ့သမီးကိုလည်း လက်ထပ်ပေးပြီး စိတ်ချစေချင်တယ်တဲ့"

"ဦးမောင်ကရော"

"ဟာ ... ဦးမောင်က မြန်လေ ကြိုက်လေပေါ့"

"ဩော် ... ကျွန်တော့်ဦးလေးက မိန်းမ မယူချင်ရှာဘဲကိုး"

မာန်၏စကားကြောင့် ဦးမောင်က သဘောကျစွာ ပြုံးနေသည်။

"မန်နေဂျာ"

အခန်းဝမှ အသံကြောင့် ဦးမောင် လှည့်ကြည့်လိုက်၏။

"ပြော ... ဘာကိစ္စလဲ"

"မမအကြွင်နှာက ဒီနေ့ခွင့်တင်ခိုင်းလို့ပါ"

"ဘာဖြစ်လို့တဲ့လဲ"

"ဒေါ်အေးမေ တော်တော်နေမကောင်းဖြစ်နေလို့"

ကောင်လေးကပြောပြီး ခေါင်းလေးငုံ့ကာ ထွက်သွားသည်။ ဦးမောင်က မာန်ဘက်လှည့်ကြည့်ရင်း ...

"ညနေ လိုက်ခဲ့မလား မာန် ... "

"မလိုက်တော့ပါဘူး ဦးမောင်ရယ် ... အေးအေးဆေးဆေး သာသွားပါ၊ တော်ကြာ ကျွန်တော့်ကို မျက်ခြေမပြတ်ကြည့်နေတဲ့





မိုးက ဦးမောင်နဲ့တစ်ခုခုကြံစည်နေတယ် ထင်ပါဦးမယ်၊ ကြောက်လို့တော့ မဟုတ်ဘူး ... ပြဿနာမဖြစ်ချင်ဘူး၊ အဲ ... ဦးမောင်ကိစ္စရော မိုးသိလား"

"သိသင့်သလောက်တော့ သိတယ်မာန် ... မင်္ဂလာဆွမ်းကျွေးတဲ့ရက်မှပဲ မိုးကိုဖိတ်လိုက်တော့မယ်"

"ဒေါ်လေးရော နေကောင်းရဲ့လား ဦးမောင်"

"အသက်ကြီးလာတာနဲ့ လူကြီးရောဂါတော့ ရလာပြီပေါ့ မာန်ရာ ... ဒါပေမဲ့ အမေကမင်းသိတဲ့အတိုင်း ဒီမှာခေါ်ထားလို့ကို မရဘူး"

မာန်က သူသိချင်သမျှ ဦးမောင်ကိုမေးနေရာ ဦးမောင်ကလည်း စိတ်ရှည်လက်ရှည် ပြပေးသည်။

❁❁❁

အိမ်ရှေ့ဆီမှ ကားသံကြားလိုက်ရကတည်းက ဦးဉက္ကာမောင်ဆိုတာ အကြွင်နှာချက်ချင်းသိလိုက်၏။ သူမကို အရိပ်လို ကြည့်နေသော ဦးဉက္ကာမောင်သည် သူမ မလာနိုင်တာနှင့်ရောက်လာခဲ့သည်။

"အကြွင်နှာ အဒေါ် ဘယ်လိုနေသေးလဲ"

"အခုလေးတင်ပဲ အကြွင်နှာဆေးတိုက်ပေးပြီး အိပ်ပျော်

www.burmeseclassic.com



သွားတယ်”

“ကုမုဒြာရော”

“မုဒြာ စောစောကတင် တာရာတို့အိမ်ဘက်သွားတယ်”

ဒီရက်အတွင်း အကြင်နာ ပင်ပန်းလို့ထင်၏။ မျက်ကွင်းလေးတွေတောင် ချောင်နေသည်။

“ဦးဥက္ကာမောင်”

“ပြောလေ အကြင်နာ ...”

“အမေကတော့ အကြင်နာတို့ကို ဒီတစ်ပတ်အတွင်းမှာ မင်္ဂလာဆွမ်းကျွေးလုပ်ခိုင်းတယ်၊ ဦးဥက္ကာမောင် သဘောကရော ဟင်”

“ကိုယ့်ဘက်က ဘာမှပြောစရာမလိုပါဘူး၊ ဒါပေမဲ့ ... အဒေါ်က နေကောင်းရဲ့လားအကြင်နာ၊ အဒေါ် နေကောင်းမှလုပ်ရင်မကောင်းဘူးလား”

“အမေကိုယ်တိုင်က ဒီတစ်ပတ်အတွင်းဖြစ်စေချင်နေတာ၊ အကြင်နာပြောပါတယ် ... အမေထူထူထောင်ထောင်ရှိမှ လုပ်မယ်လို့ ပြောတာ မရဘူး၊ ဒါကြောင့် ... အမေ့ဆန္ဒကို အကြင်နာ လိုက်လျောချင်တယ်”

“ကောင်းပါတယ် အကြင်နာ၊ ဒါဆို ကိုယ်တို့ရက်ရွေးကြမယ်လေ”





“ဦးဥက္ကာမောင်ပဲ အဆင်ပြေမယ့်ရက်ကို ရွေးလိုက်ပါ၊ အကြင်နာက ဘာမှ ကန့်ကွက်စရာမရှိပါဘူး”

အလိုက်တသိဖြင့် အကြင်နာက သူ့စိတ်တိုင်းကျစီစဉ်ဖို့ ပြောလိုက်သည်။ ထိုအခါ ဦးဥက္ကာမောင်ကား အပျော်ကြီးပျော်နေတော့သည်။ ထိုစဉ်မှာပဲ မုဒြာ ပြန်ရောက်လာ၏။

“မမ တာရာလာပြီလားဟင်”

“မလာသေးဘူး ညီမလေးရဲ့ ... တာရာက ဒီကိုလာတယ်တဲ့လား”

“ဟုတ်တယ် ... သူ့အမေကပြောတာ တာရာ မုဒြာတို့အိမ်သွားဦးမယ်ဆိုပြီး ကားနဲ့ထွက်သွားတယ်တဲ့ ... ဟွန်း ... ဒီတာရာ လာပါလေ့စေဦး”

မုဒြာ မကျေမနပ်ဖြစ်နေပုံလေးကိုကြည့်ပြီး ဦးဥက္ကာမောင်နှင့်အကြင်နာက ပြုံးလို့နေ၏။

“ညီမလေး ဒီမှာ ဦးဥက္ကာမောင်က မေးနေတယ်”

“ဩော် ... ဟုတ်သားပဲ၊ ဦးဥက္ကာမောင်ရောက်နေတာ ညီမလေးကားတွေ့ကတည်းက သိလိုက်တယ်၊ စိတ်က တာရာဆီရောက်သွားလို့”

“ရပါတယ်ဗျာ၊ ကဲ ... အကြင်နာ ကိုယ်ပြန်တော့မယ်၊ အဒေါ် နိုးလာရင်လည်း ကိုယ်လာသွားတာပြောလိုက်ပါဦး၊ မုဒြာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်တော့မယ်နော်"

"ဟုတ်ကဲ့"

နှုတ်ဆက်ပြီး ဦးဥက္ကာမောင် ကားပေါ်တက် ထွက်သွားတော့မှ တစ်ဖက်မှ တာရာက ကားလေးကွေ့ဝင်လာသည်။

"မုဒြာရော မမအကြင်နာ"

"ရှိတယ် တာရာ ... ခုလေးတင် မုဒြာ မင်းတို့အိမ်ကပြန်လာတာ၊ မင်းအမေက ဒီကိုလာတယ်ပြောလို့တဲ့"

တာရာ အသံကြား၍ မုဒြာ အိမ်ရှေ့သို့ ထွက်လာလိုက်သည်။

"ပြောပါဦး ... အဲဒါက ဘယ်ကိုသွားနေတာလဲ၊ ပြောတော့ဖြင့် မုဒြာတို့အိမ်တဲ့"

"တွေ့လိုက်ရင် နင်က အပြစ်ပြောဖို့ပဲ"

"မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ဒီမှာ အဒေါ်အတွက် ကွေကာအုပ်သွားဝယ်တာ"

ဒီတော့မှ မုဒြာက မျက်နှာလေး ပြုံးစိစိလုပ်ရင်း ...

"အဟီး ... မသိဘူးလေဟာ၊ နင်က ဒီလာမယ်ပြောပြီး ဒီမှာ မရှိတော့ ဘယ်များသွားနေလဲလို့"

သူ့အတွက် မုဒြာ ဒီလိုအရေးတယူရှိတာကို သူကျေနပ်မိ





သည်။

"ဘာဖြစ်လို့ သွားဝယ်လာရတာလဲ တာရာရာ ရပါတယ်"

"ဘယ်ဟုတ်မလဲ ... ငါလည်းအလုပ်ရနေပြီဆိုတော့ နောက်ပြီး မရောက်တာလည်း ကြာပြီလေ"

"တာရာ ... မင်းအဖေ ဘယ်လိုနေသေးလဲ"

"ဒီလိုပါပဲ မမအကြင်နာရယ် ... လေသမားဆိုတော့ စိတ်ကလည်းတိုတယ်လေ"

"ဂရုစိုက်ပေါ့ မောင်လေးရယ် ... အရင်တုန်းက ကိုယ့်အဖေက ရှာကျွေးခဲ့တာမလား"

"ဟုတ်ကဲ့ မမအကြင်နာ ... အခု ကျွန်တော့်လုပ်အားခမှန်သမျှ အမေ့ကို အကုန်အပ်ပါတယ်"

"ကောင်းတာပေါ့ကွယ် ... မင်းမိဘကို သိတတ်ရင် ကြီးပွားမှာပါ၊ ကဲ ... မုဒြာနဲ့စကားပြောဦးနော်၊ မမ အမေ့ကိုကြည့်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ... မမအကြင်နာ၊ ဒါနဲ့ မုဒြာ ဟိုဦးမင်းမောင်တစ်ယောက် မတွေ့ပါလား"

"ထုံးစံအတိုင်းပေါ့ဟယ်၊ နင်ကလည်း အရက်သမားက အရက်ဆိုင်မှာပဲပေါ့ ... ဘာလဲ နင် ဒီနေ့အားနေတာလား"

"အင်း ... အားတယ်လို့တော့ မဟုတ်ပါဘူးဟာ၊ ဒီရက်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာတော့ ငါခရီးသွားစရာရှိတယ်ဟ … ဘယ်လောက်ကြာမယ်ဆိုတာမသိဘူး၊ အဲဒါ အခုအချိန်ရတာနဲ့ နင့်ဆီဝင်လာတာ”

“ဟင် … ဒီရက်အတွင်းသွားမှာဆိုရင် နင် မမရဲ့ မင်္ဂလာဆွမ်းကျွေးမှာ မရှိဘူးပေါ့”

“ဘယ်တော့လုပ်မှာမလို့လဲ”

“လာမယ့်အပတ်ထဲမှာ”

“ဒါဆို မမီတော့ဘူးဟ၊ ငါက ဘယ်လောက်ကြာမှန်းမသိဘူး ပြန်လာမှပဲ မမအကြင်နာအတွက် လက်ဖွဲ့ပေးတော့မယ်”

“အင်းပေါ့လေ”

“ဘာဖြစ်လို့လဲ”

“ဘာမှမဖြစ်ပါဘူး … နင်က အလုပ်လုပ်နေပြီဆိုတော့ အရင်လို ငါ့ဆီ ခဏခဏ လာလို့ဘယ်ရတော့မလဲ”

တာရာက ဘာမှမပြောဘဲ မုဒြာကို ငေးကြည့်နေသည်။

“နင်မလာတာကြာတော့ ငါအရမ်းပျင်းတာပဲ”

“သတိရနေတာမလား” မေးတော့ မျက်စောင်းလေးထိုးသည်။

“ဟိုအရင်ကလို ကျောင်းတက်နေတုန်းက ပျော်ဖို့ကောင်းတယ်နော် တာရာ …”

“အင်း”

“အဲဒီတုန်းကမှ ကျောင်းဆင်းရင် နင်နဲ့အမြဲတမ်းပြန်ရတယ်၊





အိမ်မှာလည်း ထမင်းလာစားတယ်၊ ခဏခဏရောက်တယ်၊ အခုတော့ အဲဒီရဲ့ဆန့်ကျင်ဘက်တွေ ဖြစ်သွားပြီနော်”

သူမက ကြေကွဲစွာရေရွတ်လိုက်တော့ တာရာ စိတ်မကောင်းဖြစ်သွားမိ၏။ မုဒြာရဲ့ ပခုံးလေးတစ်ဖက်ကို ဆုပ်ကိုင်ရင်း

“စိတ်မကောင်းဖြစ်နေတာလား မုဒြာ … ဘဝဆိုတာ ဒီလိုပဲ အမျိုးမျိုးပြောင်းလဲတတ်တယ် … ငါ့ကိုပဲကြည့်ပါလား၊ တစ်သက်လုံး ဒီလိုနေရမယ်ပဲထင်ခဲ့တာ၊ ကံအကြောင်းမလှတော့ ရှာဘဝမှာပဲ တင်းတိမ်ရောင့်ရဲရတာပေါ့”

မုဒြာက တာရာကိုကြည့်ရင်း မျက်ဝန်းမှ မျက်ရည်လေးများက ဝဲတက်လာ၏။

“နင်ကလည်း စိတ်မကောင်းဖြစ်မနေပါနဲ့ဟာ … ရောက်တဲ့အခါ ငါခဏ ခဏလာမှာပေါ့”

ခေါင်းလေးညိတ်ပြရင်း ပြုံးလိုက်သည်။ နှစ်ယောက်သားမတွေ့ရတာကြာလို့ စကားတွေပြောကြရင်း မှောင်မှန်းမသိ မှောင်လာခဲ့တော့၏။ သို့သော် … အပြင်ဘက်တွင်တော့ ဖိုးလမင်းကြီးက ထိန်ထိန်သာနေခဲ့ပါသည်။

“တာရာ ဟိုမှာကြည့်စမ်း … လမင်းကြီးက ဝင်းပနေတာပဲနော်”

“အင်း … နင့်မျက်နှာလေးကိုပဲ ဝင်းပနေတာပဲ”

သူမက ရှက်ရိပ်ကလေးသန်းကာ ခေါင်းလေးငုံ့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



တာရာက ရှေ့သို့အနည်းငယ်တိုးကာ မုဒြာ၏ မေးဖျားလေးကို မော့ယူ၍ မျက်နှာချင်းနီးအောင် တိုးကပ်လိုက်သည်။

"မုဒြာ"

မုဒြာ မျက်ဝန်းလေးတွေကိုကြည့်ပြီး သူ့ရင်ထဲကစကားတွေက ထွက်မလာခဲ့။ မုဒြာ မျက်ဝန်းလေးတွေကလည်း တစ်ခုခုကို မျှော်လင့်နေသလိုလို နှစ်ယောက်စလုံး၏ မျက်ဝန်းတို့သည် တစ်ဦးကိုယ်တစ်ဦး နားလည်လိုက်ကြသည်။

"မုဒြာ ... ငါလေ နင့်ကို ... "

"တာရာ"

သူမ လက်ညှိုးလေးက တာရာနှုတ်ခမ်းအစုံကို လာထိလိုက်သည်။

"ငါ ... နင့်ကို ဘာမှမပြောသေးပါဘူး မုဒြာရယ် ... နင့်ရင်ထဲမှာရော သိနေတယ်မလားဟင်"

သူမခေါင်းလေးညိတ်တော့ သူ့မျက်နှာလေးပြုံးကာ သူမ၏ နဖူးလေးကို သူ့နဖူးလေးနှင့်လာထိပြီး ...

"နင့်အပေါ် ငါ့အခွင့်အရေးယူတယ်လို့တော့ မထင်ပါနဲ့ မုဒြာ နင့်ရင်ထဲမှာ သိထားစေချင်လို့ပါ၊ ငါတို့နှစ်ယောက်က ဟိုအရင်လို ခဏခဏ ဆုံဖြစ်မှာမဟုတ်တော့ ခုချိန်မှာ ပြောထားချင်တာ၊ ငါလေ နင့်ကို ငယ်ငယ်လေးကတည်းက သံယောဇဉ်ရှိခဲ့တယ်၊ ငါ့ဘဝမှာ မိဘနှစ်ပါးကလွဲပြီး နင့်ကိုခင်တွယ်ခဲ့တာပါ၊ ဘယ်တော့ဖြစ်ဖြစ်





နင့်ကို အရိပ်လိုကြည့်နေခဲ့တာ၊ နင်ပျော်နေရင် ငါအရမ်းပျော်ခဲ့တယ်၊ နင်မျက်ရည်ကျတာမြင်ရင် ငါ့ကိုယ်ငါ ဒေါသဖြစ်မိတယ်၊ နင် စိတ်ချမ်းသာတာပဲ ငါအမြဲတမ်းမြင်ချင်တာ၊ ငါအခု အလုပ်တွေကြိုးစားနေတာ နင့်အတွက်လည်းပါတယ် ... ပိုက်ဆံတွေလည်းစုနေပြီ၊ မေမေကလည်း နင့်ကို သမီးလေးတစ်ယောက်လို ချစ်နေပြီ၊ အဲဒီတော့ ပြည့်စုံအေးချမ်းမှုတွေနဲ့ ဘဝတစ်ခုရရင် နင်နဲ့ငါ နှစ်ယောက် တစ်ဘဝ ဖြစ်အောင် တည်ဆောက်ကြမယ်နော်"

နဖူးချင်းသာ ကပ်ထားပေမယ့် တစ်ချက်မှ မျက်လုံးလေး လှန်မကြည့်သော မုဒြာကို သူအသည်းယားလာသည်။ သို့သော် ထိန်းချုပ်ထားရမည့်အသိတွေနှင့်အတူ မုဒြာလက်မောင်းလေးတွေပေါ်မှ သူ့လက်တွေကို ဖြည်းချကာ လက်ဖဝါးလေးတွေကို အုပ်ကိုင်ထားလိုက်သည်။

"မုဒြာ ... ငါ့ရင်ထဲမှာ နင်အမြဲတမ်းရှိနေသလို နင့်ရင်ထဲမှာလည်း ငါအမြဲတမ်းရှိနေရမယ်နော် ... ငါကလွဲပြီး နင့်ရင်ထဲမှာ ဘယ်သူ့ကိုမှ နေရာမထားရဘူး"

အမြဲတမ်း သတိရနေမှာပါ တာရာရယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

အင်္ဂါနေ့ကို မင်္ဂလာဆွမ်းကျွေးမည်ဟု ဦးမောင်က ပြောလိုက်၏။ ခုထိ မာန်မှာ အကြင်နာဆိုသော မိန်းကလေးကို မမြင်ဘူးခဲ့ချေ။ မာန်အလုပ်ကိစ္စနှင့် အပြင်သွားတဲ့နေ့ဆို အကြင်နာရောက်လာသည်။ တစ်ခါတရံ စက်ရုံထဲသို့ မာန်လှည့်ပတ်ကြည့်နေပေမယ့် အကြင်နာက အလုပ်ကိုခေါင်းမဖော်တမ်းလုပ်ရင်း အခန်းထဲကမထွက်။ မာန်အလုပ်ဆင်းပြီး တော်တော်ကြာမှ အကြင်နာက စာရင်းတွေပြီး၏။ ဦးမောင်ကလည်း သူ့အလုပ်နှင့်သူမပြတ်တာကြောင့် သုံးဦးစလုံး မဆုံမိကြချေ။

မိုးလည်း အလုပ်ကိစ္စတစ်ခုဖြင့် ခရီးသွားရမှာကြောင့် ဦးမောင်၏ မင်္ဂလာဆွမ်းကျွေးကို မလာနိုင်ကြောင်း အသိပေးခဲ့သည်။ မင်္ဂလာဆွမ်းကျွေးကိုလည်း ကြီးကြီးကျယ်ကျယ်မလုပ်တော့ဘဲ အနီးအနားနှင့် ကိုယ့်အသိများသာ ဖိတ်စာလေးနည်းနည်းပါးပါး ရိုက်ပြီး ဝေငှခဲ့သည်။





"ဦးမောင် ... ဒေါ်လေးကိုသွားခေါ်တာ အောင်ဝင်းတစ်ယောက်တည်းလား"

"အေး ..."

"ခုထိလည်း မလာသေးပါလား၊ ဒီနေ့လာမယ်ဆိုတာ ကျိန်းသေလို့လား"

"ကျိန်းသေတယ်မာန် ... သေချာစီစဉ်ပေးလိုက်တာ"

မာန်မှာ နာရီတကြည့်ကြည့်နှင့် ဖြစ်နေသည်။ ထိုစဉ်မှာပဲ ဦးမောင်၏ ဖုန်းမြည်လာတာကြောင့် ဖုန်းဖွင့်နားထောင်လိုက်သည်။

"ဘယ်လို အောင်ဝင်း ... အမေမူးလဲလို့ ဟုတ်လား၊ အခုစက်ကိုင်းမှာပဲမလား ... အေး အေး ... ကောင်းပြီ၊ အခုချက်ချင်း ရှာနဲ့ လိုက်ခဲ့မယ်"

ဦးမောင် ဖုန်းပြောနေတာကိုကြည့်ပြီး မာန်လည်းစိုးရိမ်သွားမိ၏။ ဒေါ်လေး မူးလဲလို့ဆိုပါလား။

"ဘာဖြစ်လို့လဲ ဦးမောင် ... ဒေါ်လေး ဘာဖြစ်တာတဲ့လဲ"

"မူးလဲသွားတာ သတိမရဘူးတဲ့၊ အခုချက်ချင်းလိုက်လာခဲ့ပါပြောတယ် ... ငါ ဘယ်လိုလုပ်ရမလဲမာန်"

"ဟာ ... ဦးမောင်ကလဲ မအေတစ်ယောက်လုံးဖြစ်နေတဲ့ဟာ လိုက်သွားရမှာပေါ့ ... ဦးမောင်အတွက် လေယာဉ်လက်မှတ်ကို ကျွန်တော့်တစ်ယောက်ဆီ လှမ်းမှာပေးမယ် ... ဦးမောင်



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်နဲ့သွားနှင့် ကျွန်တော် ကားနဲ့လိုက်လာခဲ့မယ်"

"အေး ... မာန်ရာ မင်းပဲကြည့်စီစဉ်ပေးပါ၊ ငါတော့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

မျက်စိပျက် မျက်နှာပျက်ဖြစ်နေသော ဦးမောင်ကိုကြည့်ရင်းသူလည်း ဒေါ်လေးအတွက် စိတ်ပူမိသည်။ ဒီမှာခေါ်ထားတော့လည်း ဒေါ်လေးက မနေနိုင်ခဲ့။ ဒါကြောင့်သာ ဦးမောင်ရော မာန်ပါလက်လျှော့ထားလိုက်ရသည်။ ဒေါ်လေး စိတ်ချမ်းသာသလို နေပါစေဆိုပြီး နေ့ထိုင်မကောင်းလို့ အရေးအကြောင်းတစ်ခုခုဖြစ်လျှင်တော့ မယ်သီလရှင်ကျောင်းမှ ဆရာလေးနှစ်ပါးကိုလည်း ပြောထားခဲ့သေးသည်။

"မာန် ... ငါတို့ကိစ္စ ဘယ်လိုလုပ်ရမလဲ"

"ဒါက လိုပါသေးတယ် ဦးမောင်ရယ်၊ အရေးကြီးတာကဒေါ်လေးဆီ အမြန်သွားဖို့ပဲ"

မာန်ကပြောရင်း ဖုန်းခလုတ်များကိုနှိပ်ကာ အလုပ်ရှုပ်နေတော့၏။ ဦးမောင်မှာလည်း အကြင်နာဆီပြောဖို့ အချိန်မရတော့ပေ။ မာန်က ဦးမောင်အား လေဆိပ်အထိလိုက်ပို့ပေးရင်း စိတ်အေးအေးထားပြီးသွားရန် ပြောခဲ့သည်။

ဏ္ဏဏ္ဏဏ္ဏ





မာန်က ခရီးဝေးသွားဖို့အတွက် ကားဝပ်ရှော့သို့သွားကာသချာစွာ စစ်ဆေးခိုင်းလိုက်သည်။ အရေးကြီးဆုံးအချက်က စက်ရုံဆောင့်ကို အကြင်နာလာလျှင်ပြောဖို့ မှာရသည်။ ဦးမောင် အရေးကြီးကိစ္စရှိပြီး အချိန်မရလို့ မပြောဘဲ ခရီးထွက်သွားတာ ဖြစ်ကြောင်း မင်္ဂလာဆွမ်းကျွေးအမီ ပြန်လာခဲ့မည်ဟုလည်း အထပ်ထပ်အခါခါ မှာသွားခဲ့လိုက်သည်။

"သက်ဆွေ မင်း ... ငါနဲ့ စစ်ကိုင်းကိုလိုက်ခဲ့"

"ဟုတ်ကဲ့"

ကားမောင်းဖို့ပါ သက်ဆွေကို အဖော်ခေါ်ခဲ့သည်။ တစ်ဆက်တစ်လှည့် မောင်းလာရင်း တနင်္ဂနွေနေ့ နေ့လည်ဆယ့်တစ်နာရီလောက်မှ စစ်ကိုင်းသို့ မာန်တို့ရောက်လာခဲ့၏။ ဒေါ်လေးကိုတော့ ဆေးရုံတင်ထားလိုက်ရသည်။

"ဦးမောင် အခြေအနေ ဘယ်လိုတဲ့လဲ"

"မူးပြီးလဲကျတာ၊ ခေါင်းကိုထိခိုက်သွားတယ်တဲ့၊ တစ်ချက်တစ်ချက်တော့ သတိရတယ် ... မျက်လုံးဖွင့်ကြည့်ပြီး ပြန်မှိတ်သွားတယ်၊ ဘာမှလည်းမပြောဘူး ဒီအတိုင်းပဲဖြစ်နေတယ် ... ဒေါက်တာပြောတာတော့ ဦးနှောက်သွေးကြောမျှင်လေးပြတ်သွားတာ ပြောတယ်၊ ဘယ်လိုမှ မကောင်းနိုင်တော့ဘူးတဲ့"

ဒီအတိုင်း ကြည့်နေရုံမှတစ်ပါး ဘယ်လိုမှ မတတ်နိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကိုယ်တိုင်က လက်လျှော့သွားခဲ့သည်။

"ကဲ ဦးမောင် သိပ်စိတ်မကောင်းဖြစ်မနေနဲ့တော့၊ အ
တတ်နိုင်တော့မှာလဲ ... ကျွန်တော်တို့ အခုလုပ်ရမယ့်အလုပ်
ဒေါ်လေးကို ထမင်းလေး ဝင်အောင်ကျွေးရမယ် သူ့အနား
တရားခွေလေး ဖွင့်ပေးထားရမယ်၊ နောက်ပြီး ဦးမောင် ရန်က
ပြန်ပါ ... ကျွန်တော် ဒီမှာ ဒေါ်လေးကို စောင့်ရှောက်ထားမ
ဟိုမှာလည်း ဦးမောင်တို့မင်္ဂလာဆွမ်းကျွေးအတွက် ဖိတ်စာ
တောင်ဝေပြီးပြီမလား။ ဖြစ်နိုင်ရင်တော့ ဦးမောင် ဒီနေ့ပြန်လို
ဒီနေ့ရရင်တော့ ပိုကောင်းတယ် ... ဟိုမှာ တခြားလုပ်စရာလေး
ဦးမောင် ရှိဦးမှာပေါ့"

"ရက်က မလိုတော့ဘူးဆိုပေမယ့်လည်း အင်္ဂါနေ့ မင်္ဂ
ဆွမ်းကျွေးအမှီ ရောက်ရင် ဖြစ်ပါတယ်၊ လိုအပ်တာ ဒီကနေ စ
ကို ဖုန်းဆက်အကြောင်းကြားခိုင်းလိုက်မယ်"

"ဘယ်ကောင်းပါ့မလဲ ဦးမောင် ... အကြွင်နာကလ
မျှော်နေမှာပေါ့"

"ရပါတယ်မာန် ... ဦးမောင် အချိန်မီသွားမှာပါ၊ အခု
လောဆယ် အမေ့နားမှာ နေချင်သေးတယ်၊ အမေနဲ့စကား
မပြောဖြစ်တာ ကြာပြီမာန်ရဲ့ ... အမေများ သတိရလို
ဦးမောင် ခဏစောင့်ကြည့်ချင်သေးတယ်"





စိတ်မကောင်းစွာပြောသော ဦးမောင်စကားကြောင့် သူ ဘာမှမပြောရက်ရှာတော့။ တစ်ချိန်လုံး ဒေါ်လေးနားကမခွာဘဲ ဦးမောင် စောင့်နေခဲ့သည်။ တစ်ညလုံး ငုတ်တုတ်ဖြင့် မိုးလင်းခဲ့သည်။

"မာန် ... ငါတော့ မင်္ဂလာဆွမ်းကျွေးကို ရက်ရွှေ့လိုက်ရင် ကောင်းမလားလို့"

"ဟာ ... မဖြစ်နိုင်တာပဲ ဦးမောင်ရယ်၊ ဖိတ်စာတွေတောင် ဝေပြီးနေမှပဲ ... ရက်ရွှေ့လို့ ဘယ်ဖြစ်မှာလဲ၊ ဦးမောင် ဒီနေ့သွားရင် အဆင်ပြေတာပဲ ... ဦးမောင်ပြန်လာမှ ကျွန်တော်ပြန်မှာပါ၊ ဟိုမှာ အကြွင်နာကလည်း အကျိုးအကြောင်းဘာမှန်းမသိတော့ သိချင်နေမှာပေါ့"

"ဦးမောင်သွားလို့ ဖြစ်ပါ့မလားမာန် ... မအေက အသည်းအသန်ဖြစ်နေပြီး ဦးမောင်က ... "

"ဦးမောင်ရာ ... မဆိုင်တာတွေပဲဗျာ"

ဦးမောင် စကားမဆုံးခင် မာန်က အတင်းဝင်ကာလိုက်၏။

"ဒါဆို ဦးမောင် ကားယူသွားလိုက်မယ်လေ"

"လေယာဉ်နဲ့ပဲ သွားလိုက်ပါ ဦးမောင်ရာ ... "

"ရတယ်မာန် ... ဦးမောင်သက်ဆွေကို ခေါ်သွားလိုက်မယ် အောင်ဝင်းကိုတော့ မာန်အဖော်ရအောင် ဒီမှာပဲထားခဲ့လိုက်မယ်"

ပျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဦးမောင် အပြန်ကျရင် အကြင်နာပါ ခေါ်လာခဲ့လိုက်ပါလား၊ ဒေါ်လေးကိုလည်း တွေ့ဖူးသွားတာပေါ့"

"ကောင်းတယ်မာန် ... ကဲ ... ဒါဆို ဦးမောင်သွားမယ်၊ သက်ဆွေရေ ဦးမောင်တို့ သွားရအောင်"

ဒေါ်လေး၏ ဆံပင်လေးများကို ဦးမောင်က တယုတယ သပ်ပေးရင်း ပါးရေတွန့်နေပြီဖြစ်သော ဒေါ်လေး၏ ပါးပြင်နှစ်ဖက်ကိုလည်း နမ်းလိုက်သည်။ ဦးမောင်၏ မျက်ရည်များက ဒေါ်လေး၏ ပါးပြင်နှစ်ဖက်ဆီသို့ ပူနွေးစိုစွတ်သွားပုံရ၏။ ဒေါ်လေးက မျက်လုံးများပွင့်လာပြီး ငေးကြည့်၍ပင်နေရှာသည်။ အရိုးပေါ် အရည်တင်ကာ အသားအရည် ပျော့တွဲတွဲဖြစ်နေတဲ့ ဒေါ်လေးရဲ့ လက်ကလေးကို ဆွဲယူပြီး ဦးမောင်က သူ့ပါးမှာကပ်ထားလိုက်၏။ ဦးမောင် မျက်ရည်တစ်ပေါက်က ဒေါ်လေး၏ နောက်လက်တစ်ဖက်ပေါ်သို့ ကျသွားခဲ့ပြန်သည်။ သို့သော် ... ဒေါ်လေးမှာ ဘာတစ်ခုမှမသိတော့သည့်အလား မျက်လုံးများက ပြန်မှိတ်သွားခဲ့ပြန်သည်။

❀❀❀





ဦးမောင်က ဖုန်းပြောချင်တယ်ဆိုတာကြောင့် အကြင်နာက လာပြောပေးသော စက်ရုံကကောင်လေးနှင့် ရုံးခန်းသို့လိုက်လာခဲ့၏။ တနင်္လာနေ့ကို အလုပ်မဆင်းတော့ဘဲ နားမည်ဟုစဉ်းစားကာမှ ထိုကောင်လေးက စက်ရုံမှာ သူဌေးရော မန်နေဂျာပါ ခရီးသွားနေတယ်ဟုလာပြောသည်။ စိတ်ထဲမှာတော့ ဦးဥက္ကာမောင် ဖုန်းလည်းမဆက် အိမ်လည်းမလာတာကြောင့် တစ်ခုခုလို့တော့ ထင်မိ၏။ သို့သော် ... ဘာကိစ္စရယ်လို့တော့မသိ။ သူမကို တနင်္လာနေ့ အလုပ်ဆင်းပေးပြီး ဦးဥက္ကာမောင်က ဖုန်းလည်းပြောချင်နေတယ်ဆိုတာကြောင့် ဖြုန်းစားကြီး ခရီးထွက်သွားသောအဖြစ်ကိုလည်း သိချင်နေမိသည်။

ဖုန်းမြည်သံကြောင့် အကြင်နာ လှမ်းကိုင်လိုက်သည်။

"ဟယ်လို"

"အကြင်နာလား"

"ဟုတ်ကဲ့ ဦးဥက္ကာမောင် ... ဘာကိစ္စများရှိလို့ အရေးတကြီး ခရီးထွက်သွားရတာလဲ ... စက်ရုံက ကောင်လေးတွေ မေးကြည့်တော့လည်း သေချာမသိကြဘူး"

"ဟုတ်တယ် အကြင်နာ၊ ကိုယ့်အမေ အသည်းအသန်ဖြစ်လို့ ချက်ချင်းကြီးလိုက်သွားရတာ၊ အကြင်နာဆီ ဘယ်လိုမှ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြားလို့ မမီတော့ဘူး”

“ရှင် … ဒါဆို အခု ဦးဥက္ကာမောင်အမေ ဘယ်လိုနေသေးလဲ ဟင်”

“ဒီလိုပါပဲ အကြင်နာ … လက်လျှော့ရမယ့် အခြေအနေပါပဲ”

“ဩော် … ဒီလောက်တောင်ပဲလား၊ စိတ်မကောင်းစရာပဲ ဒါဆို အကြင်နာတို့ မင်္ဂလာဆွမ်းကျွေးရက်ကို ပြောင်းလိုက်ရင် မကောင်းဘူးလား”

“ရတယ် အကြင်နာ … မထူးတော့ပါဘူး၊ ဖိတ်စာတွေလည်း ဝေပြီးပြီဆိုတော့ မနက်ဖြန် ကိုယ်အမီပြန်လာခဲ့မယ်၊ မင်္ဂလာရက်ကို မဖျက်ပါနဲ့၊ ပြီးရင် အကြင်နာပါ ကိုယ်နဲ့အတူ အမေ့ဆီလိုက်ခဲ့ဦးပေါ့”

“ဟုတ်ကဲ့ပါ ဦးဥက္ကာမောင်”

“အကြင်နာ တအောင့်ကြာရင် ကိုယ်တို့ကားနဲ့ထွက်လာတော့မယ်၊ မနက်ဝေလီဝေလင်းလောက်ကို ရောက်မှာပါ၊ ကဲ … ဒါပဲနော် အကြင်နာ … ”

“ဟုတ်ကဲ့”

အားလုံးအဆင်သင့်ဖြစ်သည်နှင့် သူတို့ကားကို စထွက်ခဲ့လိုက်သည်။ ဦးဥက္ကာမောင် စိတ်ပင်ပန်း လူပင်ပန်းသမျှ ကားပေါ်





မှာ တရေးမျှ အိပ်ပျော်သွားမိသည်။

ထို့နောက် သက်ဆွေက တစ်လှည့်၊ သူက တစ်လှည့်မောင်းရင်းဖြင့် ကားလေးက အမှောင်ကိုထွင်းဖောက်၍လည်း မြန်မြန်ရောက်ချင်လာသဖြင့် နားမနေတော့ဘဲ ဆက်တိုက်မောင်းနေလိုက်၏။ လေယာဉ်နှင့်သွားလျှင် မြန်မြန်ရောက်မည်ဆိုတာကို သိနေပေမယ့်လည်း ကိုယ့်စိတ်ကူးနှင့်ကိုယ်သာ ဖြစ်သည်။ တောင်ငူ ဘုန်းကြီးကျောင်းသို့ ဝင်ချင်သေး၏။ ထိုကျောင်းထိုင်ဘုန်းကြီးက အမေဟိုအရင်ကတည်းက ကိုးကွယ်သော ဘုန်းကြီးဖြစ်သည်။ ထိုဘုန်းဘုန်းကိုမြင်လျှင်ဖြင့် အမေများသတိပြန်ဝင်ကာ တခြားသို့စိတ်တွေမလည်နိုင်အောင် ဖြစ်သည်။

တရားဟောလည်းကောင်းသော ဘုန်းဘုန်းကိုလျှောက်တင်ပြီးသည်နှင့် သူတို့ကားလေး ဆက်လက်ထွက်ခွာလာခဲ့သည်။ တစ်မြို့ဝင် တစ်မြို့ထွက်နှင့် မအိပ်ချင်အောင်လည်း လက်ဖက်ရည်ဆိုင်ဝင်ပြီး မော့လိုက်ကြသေးသည်။

ဒီလိုနှင့် မနက်သုံးနာရီအချိန်လောက်မှာ လှူငယ်သုံးယောက် ရှေ့တည့်တည့်ကနေ ကားကိုတားနေသည်။

“သက်ဆွေ ခဏရပ်ပေးလိုက်ပါ”

“မန်နေဂျာ ဖြစ်ပါ့မလား”

www.burmeseclassic.com



"ခရီးသွားတွေထင်ပါတယ်၊ ဒုက္ခရောက်နေတဲ့သူကို ကူညီကောင်းပါတယ်"

"ကျို"

ကတ္တရာလမ်းမပေါ် ကားဘီးပွတ်တိုက်သံနှင့်အတူ …

"ဘာအကူအညီပေးရမလဲ မောင်ရင်တို့"

"ဪ … ကျွန်တော်တို့ ကားကြုံမရှိလို့ ဒီကားက ရန်ကုန်သွားမယ်ဆိုရင် ကျွန်တော်တို့ လိုက်ခဲ့ပါရစေ"

သဘောကောင်းပြီး ကူညီတတ်သော ဦးမောင်က လွယ်လင့်တကူ ခေါ်စေလိုက်သည်။ အခြေအနေကို ရိပ်စားမိသော သက်ဆွေက ဒီလိုနေရာမျိုးမှာ ကားကြုံမရှိလို့ဆိုတာလည်း မဖြစ်နိုင်။ နောက်ပြီး သူတို့က ဘယ်ကနေလာလို့ ရန်ကုန်ကိုသွားရမှာလဲ။ မန်နေဂျာကို လက်တို့ပြီးပြောမယ်လုပ်တော့ ငနဲသုံးကောင်က ကားထဲရောက်နှင့်နေပြီ။ မထူးတော့ပြီမို့ အခြေအနေကိုသာ အကဲခတ်နေလိုက်ရသည်။ သူ့စိတ်ထဲတွေးလို့ဖြင့် မဆုံးသေး။

"ဒီမှာ ကားကိုဒီမှာပဲ ရပ်လိုက်ပါ"

နောက်ကျောမှ လာထောက်လိုက်သော ချွန်ချွန်လေးက အနည်းငယ် စူးရှသွားရသည်။

"ဒါ … ဘာသဘောလဲ မောင်ရင်တို့၊ မင်းတို့ကို စေတနာနဲ့





ကူညီခဲ့တာပါ"

"ဟား … ဟား … ဟား ခင်ဗျားက တော်တော်အူကြောင်ကြောင်နိုင်တာပဲ၊ ဒီလိုနေရာမျိုးမှာ စေတနာထားလို့မရဘူး၊ ဘာလဲ ကျောကိုဓားနဲ့ထောက်တာတောင်မှ ဓားမြမှန်းမသိဘူးလား"

သွားပြီ။ ဒီတော့မှ ဦးမောင် ကြက်သေ သေသွားသလို ဘာလုပ်မှန်း မသိတော့ပေ။ ထို့ကြောင့် …

"မောင်ရင်တို့ အစ်ကိုတို့က အရေးတကြီးကိစ္စတစ်ခုရှိလို့ပါ။ မောင်ရင်တို့ ဘာလိုချင်လဲပြော … အခုတော့ အစ်ကို့မှာ သိပ်မပါဘူး"

"သိပ်မပါဘူးဆိုရင်လဲ ရတယ်လေ … ကားပေါ်က နှစ်ယောက်စလုံးဆင်းလိုက် … ရှုတ်ရှုတ် ရှုတ်ရှုတ်တော့ မလုပ်နဲ့နော်၊ ဒီမှာတွေ့လား … "

ပြောင်လက်နေသော ဓားလေးက ညအမှောင်အောက်မှာ ဝင်းခနဲ … ဝင်းခနဲ။

ဆင်းလိုက်သည်နှင့် သက်ဆွေ လှုပ်ရှားလိုက်တော့၏။ ဓားကိုင်ထားသော တစ်ယောက်၏လက်ကို ကားတံခါးနှင့်တိုက်မိအောင် အတင်းဆောင့်တွန်းပစ်လိုက်သည်။

"ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အား"

ဓားလွတ်ကျသွားသည်နှင့် သက်ဆွေ ထိုလူငယ်ကို ဝင်လုံးတော့သည်။ ဦးမောင် ဘာလုပ်ရမှန်းမသိဘဲ ငေးကြောင်ကြည့်နေ၏။ ဒီလိုမျိုးတွေ မကြုံဘူး၍လည်း ဦးမောင် သွေးပျက်နေသည်။

"မန်နေဂျာ ကားပေါ်မြန်မြန်တက်ပြီး မောင်းတော့"

သက်ဆွေ အော်ပြောလိုက်ပေမယ့် သူမသွားရက်။ သက်ဆွေကို ထိုလူငယ်သုံးယောက်လက်ထဲထားပြီး သွားခဲ့လျှင် သူမတွေးရဲ။ ဘယ်လိုမှ သူထားမသွားနိုင်။ စိတ်ကိုတင်းကာဖြင့် ကားခြေနင်းအောက်မှာရှိသော သံတုတ်ကိုဆွဲကာ ပြေးလာလိုက်သည်။ သက်ဆွေကို တစ်ယောက်ကချုပ်ကာ တစ်ယောက်က အသေအလဲထိုးကြိတ်နေသည်။ ဦးမောင် စဉ်းစား၍မနေတော့ သံတုတ်ဖြင့် အားကုန်လွှဲရိုက်လိုက်သည်။ ထိုလူငယ်လဲကျသွား၏။ ချွန်ထက်ထက်ဖြင့် ပြောင်လက်နေသော ဓားဦးလေးက သက်ဆွေဆီသို့ နောက်ထပ်ပြေးအဝင် ...

"သက်ဆွေ"

သက်ဆွေကို တွန်းထုတ်လိုက်သည်နှင့် သူ၏ရင်ဘတ်နားဆီမှ စူးခနဲ အောင့်တက်ပြီး လဲကျသွားရ၏။

"မန်နေဂျာ"

သက်ဆွေ၏ အော်လိုက်သံကိုကြားလိုက်ရပြီး လဲနေရာမှ





အားယူ၍ မျက်လုံးဖွင့်ကြည့်လိုက်မိသည်။ အဝေးမှလာနေသော ကုန်ကားကြီး၏ မီးရောင်တွေက မီးဆလိုက်ကြီးပမာ သူတို့ကိုယ်ပေါ်သို့ ဖြာကျလာ၏။ ထိုမီးရောင်ကြောင့် သက်ဆွေ၏ကိုယ်ပေါ်မှာလည်း သွေးတွေတွေ့လိုက်ရသည်။ တစ်ဆက်တည်း လဲကျသွားတော့သည်။ သူလည်း မျက်လုံးများပြာဝေကာ ဘာမှမမြင်ရတော့။ ဘာမှမသိတော့ဘဲ အားလုံးဟာ မှောင်အတိဖြစ်နေသလို ဆူညံသံတွေသာ နားထဲမှာ ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၃ )

မင်္ဂလာဆွမ်းကျွေးကို ဆယ်နာရီဖိတ်ထားခဲ့ပေမယ့် ဦးဥက္ကာမောင်ကား အခုထိ ပေါ်မလာသေးပေ။ စက်ရုံကိုဖုန်းဆက်မေးတော့လည်း မရောက်သေးဘူးဟုဆိုသည်။ ဦးဥက္ကာမောင်က မနက်ဝေလီဝေလင်းလောက်ရောက်မယ် ပြောပေမယ့် ရောက်မလာသေးတာကြောင့် လမ်းမှာကားများပျက်နေလား၊ ကားပျက်လျှင်လည်း စက်ရုံကိုဖုန်းဆက်ပြီး အကျိုးအကြောင်းလာပြောနိုင်သည်။ ဘုရား ... ဘုရား ... လမ်းမှာများတစ်ခုခုဖြစ်နေလို့လား။

အတွေးများနှင့်အတူ စိုးရိမ်စိတ်လေးများက အကြင်နာရင်ထဲသို့ တိုးဝင်လာရ၏။ ဧည့်သည်များကလည်း ရောက်နှင့်နေပြီ။

ဦးဥက္ကာမောင်က အိမ်မှာဘာမှမလုပ်စေဘဲ ဒံပေါက်နှင့်အအေးကို အော်ဒါမှာခိုင်းလိုက်၏။ တချို့ဧည့်သည်များမှာစားပြီးပြန်တောင်ကုန်နေကြသည်။ အကြင်နာ နေမထိ၊ ထိုင်မထိဖြစ်နေရ





ပြီး နာရီကြည့်တော့လည်း ဆယ့်တစ်နာရီခွဲ ဖြစ်နေသည်။ အမေကလည်း နေမကောင်းသည့်ကြားမှ သမီးမင်္ဂလာဆွမ်းကျွေးကို ဦးဥက္ကာမောင် ရောက်မလာသေး၍ မျက်စိပျက်မျက်နှာပျက်ဖြစ်ကာ ထိုင်လျက်နှင့်ပင် ဧည့်ခံပေးရှာသည်။ မုဒြာတစ်ယောက်မှာလည်း စက်ရုံသို့ ဖုန်းအကြိမ်ကြိမ်ဆက်နေသော်လည်း ဘာသတင်းမှ မကြားဟုဆိုသည်။ နောက်ဆုံးတော့ စက်ရုံသူဌေးဖုန်းနံပါတ်ကိုတောင်းကာ ဆက်ရတော့သည်။ ဒါလည်း ဖုန်းပိတ်ထားတာနှင့်တာ ကြုံသည်။ ဖုန်းတွေပဲ ခမိလို့ဘဲလားတော့မသိ။ မမအကြင်နာမှာ ချွေးလေးများပင် စို့နေသည်။

“ဦးဥက္ကာမောင် ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲမသိဘူး မမရယ်”

မုဒြာကတော့ ရောက်မလာသေးသော ဦးဥက္ကာမောင်ကိုသာ အပြစ်တင်နေမိသည်။

ဖိတ်ထားသော ဧည့်သည်တွေတောင်မှ သတို့သားဘယ်မှာလဲမေးရင်း မစောင့်နိုင်တဲ့အဆုံး ပြန်သွားကြ၏။ ထိုစဉ်မှာပဲ စက်ရုံမှ အလုပ်သမားလေးတစ်ယောက် အမောတကောဖြင့် ရောက်လာခဲ့သည်။

“မမအကြင်နာ ... မမအကြင်နာ ... မန်နေဂျာလေ ...



www.burmeseclassic.com

မန်နေဂျာ ... ”

“ဘာဖြစ်လို့လဲ ... ဦးဥက္ကာမောင် ဘာဖြစ်လို့လဲ”

“မန်နေဂျာ ဓားထိုးခံရလို့ သေသလား၊ ရှင်သလားတောင် မသိရသေးဘူး”

ကြားလိုက်ရသောစကားက အကြင်နာခေါင်းထဲမှာ မိုက်ခနဲ မိုက်သွားရပြီး ရင်ဝမှာ ဆို့ကျပ်နာကျင်လာရ၏။ အမေ့ကို လှမ်းကြည့်လိုက်တော့ အမေက ပုံလျက်သားလေး လဲကျသွားရ၏။

“ဟင် ... အမေ ... ဘုရား ... ဘုရား ... ”

သမီးအမေရောဂါက အလွန်ဆုံး နှစ်လသုံးလပဲ နေရတော့မယ်။ လောလောဆယ်မှာတော့ စိတ်ချမ်းသာအောင်ထားပါ။ စိတ်ထိခိုက်စရာတွေ မဖြစ်စေနဲ့၊ အကယ်၍များ စိတ်ထိခိုက်စရာတစ်ခုခု ကြုံတွေ့မိတတ်လျှင် ချက်ချင်းကြီးဖြစ်သွားတတ်တာမို့ပါ။

ဆရာဝန်ပြောလိုက်သောစကားတွေက သူမနားထဲမှာ ကြားယောင်နေတာမို့ ခေါင်းကိုခါထုတ်ပစ်လိုက်သည်။ နောက်တော့ ညီမလေးမုဒြာအသံကို ကြားလိုက်ရ၏။

“အမေ ... အမေ ... ခေါ်လို့လည်း မရတော့ဘူး၊ မမ ... မမ အမေခေါ်လို့ မရတော့ဘူး၊ လုပ်ပါဦးမမရယ် ... အမေခေါ်လို့ မရတော့ဘူး”

မင်္ဂလာဆွမ်းကျွေးကိုလာသော အိမ်နီးနားချင်းများမှ ဝိုင်း





ဝန်းပြုစုပေးကြသည်။ ဒါပေမဲ့ ... အမေကား အသက်မရှိတော့။

“မုဒြာ စိတ်ထိန်းပါကွယ် ... ဒေါ်အေးမေ အသက်မရှိတော့ဘူး”

“ရှင် ... ”

“ဟုတ်တယ် မုဒြာ ... ”

“အမေ အသက်မရှိတော့ဘူး ဟုတ်လား ... အမေ ... အမေ မုဒြာကို စိတ်မချဘူးဆို၊ မမကို တင့်တင့်တယ်တယ်လေးနဲ့ ကြည့်ချင်တယ်ဆိုအမေ၊ ထကြည့်ပါဦးအမေရယ် ... မမ ... မမ အကြင်နာ အမေ့ကိုကြည့်ပါဦး ... အမေ့ကိုကြည့်ပါဦး ... မမအကြင်နာရယ်၊ အမေ အသက်မရှိတော့ဘူးတဲ့၊ အမေ သေပြီတဲ့ မမရယ်”

အကြင်နာကား ညီမလေးမုဒြာ၏ စကားတွေကို ကြားနေရ၏။ အမေ့ကို မကြည့်ရက်၊ အမေ့ကိုလှည့်မကြည့်ရဲ။ သူမလှုပ်လိုက်တာနှင့် ရင်ထဲမှ အောင့်တက်လာရသည်မှာ မခံစားနိုင်၊ မျက်ဝန်းမှ မျက်ရည်တွေ တစိမ့်စိမ့်ကျနေမိပြီး မတ်တပ်ရပ်နေမိရာမှ ဒူးတို့ အခွေသားတွေကျသွားခဲ့ရ၏။ နားထဲမှာကော့ ညီမလေးမုဒြာ၏အသံကို အဆက်မပြတ် ကြားနေရသည်။

“မမ ... မမ အကြင်နာ”

မုဒြာက သူမပခုံးလေးကို ပွေ့ပိုက်ဖက်တွယ်ပြီး ငိုချပစ်လိုက်တာကိုလည်းသိသည်။ ရင်နှင့်မဆံ့အောင် ကြေကွဲနေရသော

www.burmeseclassic.com



အကြင်နာမျက်ဝန်းတို့ကို မုဒြာက စိုက်ကြည့်ရင်း လက်မောင်းလေးတွေကို ဆုပ်ကိုင်လိုက်၏။

"မမ ... မမ အကြင်နာ ... "

ခေါင်းမညိတ် ခေါင်းမခါဘဲ မျက်ဝန်းမှ မျက်ရည်တို့ တလိမ့်လိမ့်စီးကျနေပြီး ဒူးနှစ်ဖက်ထောက်လျက်မှ အောက်သို့ပုံလျက်သားလေး ကျသွားခဲ့သည်။

စိုးရိမ်စိတ်ဖြင့် မုဒြာ၏ခေါ်သံတို့ကို နားထဲမှာ ကြားနေပေမယ့် ကြည့်နေသော သူမ၏မျက်ဝန်းတို့က အပြာရောင်လွင်ပြင်ကြီးဖြစ်နေသည်။

"မမ ... မမ အမေဆုံးပြီတဲ့၊ ဟင် ... မမ မမဘာဖြစ်တာလဲ ဟင် ... မမ သတိထားပါဦး မမရယ်"

"အကြင်နာ ... အကြင်နာ ... "

အကုန်လုံးက ဝိုင်းခေါ်နေပေမယ့် မမအကြင်နာကား တုပ်တုပ်မျှမလှုပ်။ ဦးဥက္ကာမောင် ဓားထိုးခံရလို့ သေသလား ရှင်သလား မသိဘူး။ အမေဆုံးပြီ၊ ညီမလေး မုဒြာ အတွေးတို့က ခေါင်းထဲသို့ ရောက်လာလိုက် မူးမိုက်တုန်ရင်လာလိုက်နှင့် ခွေချပစ်လိုက်ချင်၏။ ညီမလေးမုဒြာကို တစ်ယောက်တည်းမထားခဲ့ချင်။ ညီမလေးကို သူစိတ်မချနိုင်၊ သူစိတ်တင်းမှဖြစ်မည်။ ဒါပေမဲ့ တဆတ်ဆတ်တုန်ရင်နေသောကိုယ်လေးက ကြာရှည်မခံနိုင်။ အမေရခဲ့သော





ရောဂါတွေဟာ အကြင်နာကို အမွေးပေးခဲ့တာ ကြာခဲ့၏။ ဘယ်သူမှ ဖွင့်မပြောဘဲ တစ်ယောက်တည်းကြိတ်မှိတ်ခံစားရင်း ဒီရောဂါတွေ ရခဲ့၏။ အမေ့ဝေဒနာတွေကို အမေကိုယ်တိုင်ရော ညီမလေးမုဒြာပါ သိမှာစိုးတာကြောင့် တစ်ယောက်တည်း ရင်ထဲမှာ သိုဝှက်ထားခဲ့သည်။ မထင်မှတ်ဘဲ ဦးဥက္ကာမောင် သတင်းကို ကြားရ၍ သတိ့သားမရှိဘဲ သူမတစ်ယောက်တည်းသာ ဆင်နွှဲလိုက်ရသော မင်္ဂလာဆွမ်းကျွေး၊ အမေ အသက်မရှိတော့ပြီ။ ညီမလေး မုဒြာတစ်ယောက်တည်း။

ဘာမှမမြင်ရတော့သော မျက်ဝန်းများက မုဒြာ၏လက်မောင်းနှစ်ဖက်လေးကို ဆုပ်ကိုင်မိသွားရင်း တင်ထားခဲ့သောစိတ်များမှာ ဘယ်လိုမှ ဟန်မဆောင်နိုင်။ ဆုပ်ညှစ်ဖက်တွယ်ထားသော လက်ကလေးနှစ်ဖက်ဟာ တဖြည်းဖြည်းပြေကျသွားခဲ့သည်။

ရှည်လျားလှသော မျက်တောင်လေးများဟာ တဖြည်းဖြည်းစင်းကျသွားရပြီး သတို့သားမပါသော မင်္ဂလာဆွမ်းကျွေးအပြီးမှာ အကြင်နာသည် ဘဝတစ်ခုလုံးကို လှည့်မကြည့်စတမ်း လက်ပြနှုတ်ဆက်သွားခဲ့ရပြီ ဖြစ်သည်။

မုဒြာကား တသိမ့်သိမ့်ရှိုက်ငိုလျက်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

တစ်နေ့တည်းမှာ အမေနှင့်မမ သေဆုံးခဲ့ရသည့်အဖြစ်က မုဩအတွက် ဘယ်လောက်တောင်မှ ကံဆိုးခဲ့သလည်းမသိရှာ။ အသုဘကိစ္စအားလုံးကိုလည်း အိမ်နီးနားချင်းများနှင့်ပဲ ပြီးဆုံးစေခဲ့သည်။ ရက်လည်ပြီးသောနေ့မှာတော့ မုဩ ဘာလုပ်ရမှန်းမသိ။ ဆိုးရွားလှတဲ့ သူမတို့ကံကြမ္မာကိုပဲ အပြစ်တင်ရမလား၊ သူမကိုယ်သူမပဲ ဘဝကိုရင်မဆိုင်ရဲတာလားဆိုတာ မုဩနားမလည်နိုင်တော့ပါ။ အိမ်ကိုပြန်လျှင်လည်း အရက်သမား ပထွေးဦးမင်းမောင်နှင့် ဘယ်လိုမှ နေလို့မဖြစ်နိုင်၊ မုဩအိမ်ဖြစ်ပေမယ့် ထိုလူကြီးကို မုဩကြောက်သည်။ အမေရှိတာတောင် ရီသွဲ့သွဲ့လုပ်နေတာ အမေမရှိတဲ့နောက်တော့ ပိုဆိုးတော့မည်။ ဦးဥက္ကာမောင်ဆိုတဲ့သူကလည်း သေသလား၊ရှင်သလား ခုထိမသိ။ ဘယ်သူမှလည်း လာအကြောင်းမကြား။ ဦးဥက္ကာမောင်နှင့် ပတ်သက်ပြီးမှ အမေရော မမပါ ဆုံးရှုံး





ရသည့်အဖြစ်။ ဒါပေမဲ့ မုဩ ဦးဥက္ကာမောင်ကို အပြစ်မတင်ပါ။ ကံအကြောင်းမလှလို့ဘဲဟု တွေးထင်ခဲ့သည်။

ဒီလိုအချိန်မှာ မုဩ တာရာကိုသတိရမိ၏။ တာရာသာရှိလျှင် မုဩဘက်မှ မားမားကြီးရပ်တည်ပေးခဲ့မည်။

ဟိုတွေး ဒီတွေးဖြင့် ကန်စပ်လေးမှာ တစ်ယောက်တည်းထိုင်နေခဲ့မိသည်။ ဘယ်သွားလို့ ဘယ်လာရမှန်းမသိတဲ့ ကိုယ့်အဖြစ်ကိုတွေးရင်း မျက်ရည်များက ကျခဲ့ရသည်။

ငိုရှိုက်ရင်းမှ ဒီတိုင်းဆက်ထိုင်နေ၍ မဖြစ်တော့တာကြောင့် ခေါ်တပ်ထရပ်လိုက်မိ၏။ ခြေထောက်တွေက ထိုင်ရလွန်းလို့ ထုံကျင်နေခဲ့သည်။ မျက်နှာမှာလည်း မျက်ရည်များကမခြောက်၊ ပျော့စင်း နေသော ဆံပင်တို့ကလည်း ဖီးသင်ထားခြင်းမရှိဘဲ လေတိုက်လိုက် တိုင်း ပို၍ရှုပ်ပွနေ၏။

လေးလံသော ခြေလှမ်းတို့ဖြင့် ဦးတည်ရာမဲ့လျှောက်နေသိုက်မိသည်။

ငါတောင်းပန်ပြီး နင့်အမေနဲ့ သွားနေမယ်တာရာ။ ငါစောစောတည်းက ဘာလို့မစဉ်းစားမိပါလိမ့်။ မုဩတွေးရင်း အားတက်သွားမိ၏။

နောက်ဆုံးတော့ မုဩစိတ်ကို ယတိပြတ်ဆုံးဖြတ်လိုက်ရင်း တာရာတို့ အိမ်ဘက်ရှိရာသို့ လျှောက်လာခဲ့သည်။ လျှောက်သာ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်နေရပေမယ့်လည်း တာရာတို့အိမ်သည် အဝေးကြီးလိုနေသေး၏။ မုဒြာစိတ်ကိုတင်းလျက် လှုပြတ်သောလမ်းမတန်းပေါ်မှာ အားကိုးရာတွေးလိုက်မိတာကြောင့် မပြေးရုံတမယ် သွက်သွက်ကလေးလှမ်းလာခဲ့တော့သည်။

"ရွှတ် ... ရွှတ် ..."

"ဟော့ ချာတိတ် ... ခဏ ..."

ခေါ်သံကြားတာကြောင့် မုဒြာတစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားရ၏။ ဟော့ဟော့ရမ်းရမ်းပုံစံတွေဖြင့် ဝတ်စားထားသော နှစ်ယောက်ဟာ မုဒြာတို့ထက် အသက်ကြီးပုံရ၏။ မုဒြာ ခြေလှမ်းတို့ကို ဒီထက်ပိုသွက်အောင် လျှောက်လိုက်သည်။ တီရှပ်ကြည်ပြာရောင်လေးနှင့် စကတ်နက်ပြာကွက်လေးကို ဝတ်ဆင်ထားသော မုဒြာ၏ ခြေထောက်လေးတွေသည် မီးရောင်အောက်မှာ ဖွေးခနဲ ဖွေးခနဲ မြင်နေရသည်။

"ဟေ့ ခဏနေပါဦးဆို ... ဘယ်လိုဖြစ်နေတာလဲ"

လက်ကို လှမ်းဆွဲလိုက်တာကြောင့် မုဒြာ ဆတ်ခနဲရုန်းကာ ထွက်ပြေးလိုက်တော့သည်။ ပြေးရင်းဖြင့် မျက်ခြေပြတ်စေရန် လမ်းချိုးတစ်ဖက်သို့ဝင်လိုက်သော်လည်း ပါးနပ်သောသူတို့က အတင်းလိုက်လာနေကြသည်။ ဒုက္ခတွေရင်ဆိုင်နေရတဲ့ မုဒြာအဖို့ ကိုယ့်ကိုကိုယ်သာ အမေတို့ မမတို့နှင့်အတူ သေပစ်လိုက်ချင်တော့သည်။





ထိုနှစ်ယောက်ကလည်း မုဒြာနောက်မှ အပြေးလိုက်လာနေသည်။ နောက်ထပ် လမ်းချိုးအကွေ့ရောက်တော့ ပန်းရုံကြီးတစ်ရုံကို တွေ့လိုက်ရသည်။ မထူးတော့ ဆက်ပြေးလေရလျှင် မုဒြာမှာ အားအင်တွေမရှိတော့။ လဲကျဖို့သာရှိတော့သည်။ ထိုပန်းရုံကြီးထဲမှ သူမ တုပ်တုပ်မျှမလှုပ်ရဲဘဲ ငြိမ်နေလိုက်၏။ ထိုလူနှစ်ယောက်မှာ ဟိုကြည့်ဒီကြည့်နှင့် ရှေ့သို့ ဆက်ပြေးသွားကြသည်။

ဦးဥက္ကာမောင် ဒဏ်ရာတော်တော်ပြင်းသည့်အတွက် ဆေးရုံ မှ မဆင်းရသေးချေ။

"ဪ ဦးမောင်ရယ် ... လေယာဉ်နဲ့သာပြန်ရင် ဒီလိုဖြစ်မှာမဟုတ်ဘူး၊ အခုတော့ ဒေါ်လေးအသုဘကိုတောင် လိုက်မပို့ရတဲ့ဘဝပါလား"

ရင်ထဲမှာ မြည်တမ်းရင်း ဦးမောင်ကို ကြည့်နေမိသည်။

"ဦးမောင် သက်သာရဲ့လား"

ဦးမောင်က ခေါင်းညိတ်ပြ၏။ ပြီးတော့ ငိုသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ ဦးမောင် ... ဘဝဆိုတာ ကိုယ်ထင်သလို မဖြစ်တတ်ပါဘူး၊ အခု ဒေါ်လေးရက်လည်ကို ဟိုမှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း လုပ်ခိုင်းထားခဲ့တယ် ... ဒီမှာလည်း လုပ်လိုက်တာပေါ့"

"မာန်ရယ် ... ငါ့အဖြစ်က ကိုယ့်အမေ အသက်ဆုံးရှုံးတာတောင် မရှိတဲ့အပြင် အသုဘလည်း လိုက်မပို့နိုင်ခဲ့ဘူး။ ငါ့ရင်ထဲ မင်းဝင်ကြည့်စမ်းပါ မာန်ရယ်"

"ကျွန်တော် နားလည်ပါတယ် ဦးမောင် ... ဒေါ်လေးအတွက်လည်း ကျွန်တော်တို့အမျှအတမ်း ဝေပေးတာပေါ့၊ ဒါနဲ့ ဦးမောင် ဟို ... အကြင်နာရော မလာဘူးလား၊ မင်္ဂလာကိစ္စအတွက် ဘာပြောသေးလဲ"

မာန့်၏အမေးကြောင့် ဦးမောင်မျက်နှာ မျက်ရည်များ ရစ်ဝိုင်းလာပြီး သက်ဆွေကို လှမ်းကြည့်လိုက်၏။

"သက်ဆွေ မာန်က အကြင်နာအကြောင်းမေးနေတယ်၊ မင်းပြောပြလိုက်ပါကွာ"

"ဘာ ... ဘာဖြစ်လို့လဲ ဦးမောင်၊ အကြင်နာက ဘာဖြစ်လို့လဲ ပြောစမ်းပါဦး သက်ဆွေ",

"ကျွန်တော်က လက်ကိုပဲ ဓားနဲ့ရှပ်ထိုးမိတာဆိုတော့ သိပ်မကြာဘူး ကောင်းသွားတယ်၊ မန်နေဂျာညွှန်တဲ့အတိုင်း ကျွန်တော် အကြင်နာတို့ဆီ သွားခဲ့ပါတယ်၊ သူတို့အိမ်မှာ လူတွေတရှန်းရှန်းနဲ့ ဆိုတော့ ကျွန်တော်လည်း အိမ်နီးနားချင်းတွေကို မေးကြည့်လိုက်တော့ အဖြစ်မှန်ကို ကြားရတာပါပဲ၊ ဒါနဲ့ ... ကျွန်တော်လည်း စိတ်





မကောင်းဖြစ်ပြီး ပြန်လှည့်လာလိုက်တယ်"

သက်ဆွေက သနားစရာကောင်းသည့် အကြင်နာတို့သားအမိအကြောင်းကို ပြောပြလိုက်သည်။ ထိုအခါ မာန့်ရင်ထဲ ခံစားသွားရ၏။ ဒီလိုဘဝတွေ တကယ်ရှိတယ်ဆိုတာ သူလက်တွေ့သိခဲ့ရပါလား။

"မာန် ဦးမောင်ကို တစ်ခုကူညီပါဦး"

"ဘာကိုလဲ ဦးမောင် ... "

"အကြင်နာမှာ ညီမလေးတစ်ယောက်ရှိသေးတယ်၊ မနက်က သက်ဆွေကို သွားကြည့်ခိုင်းတော့ အိမ်မှာမရှိဘူးတဲ့၊ သူ့နာမည်က ကုမုဒြာလို့ခေါ်တယ် ... ငါ့စိတ်ထင်တော့ သူ့အိမ်ကိုပြန်မှာမဟုတ်ဘူး၊ ဘယ်တွေများ လျှောက်သွားနေလဲ မသိဘူး"

"သူက အိမ်ရှိတာပဲ ဦးမောင်ရဲ့ ... အိမ်မပြန်ဘဲနဲ့ ဘယ်ကိုသွားရမှာလဲ"

"မဟုတ်ဘူး မာန် ... သူ့မှာအိမ်ရှိတာမှန်တယ်၊ ဒါပေမဲ့ ... သူပတွေးနဲ့နေမှာမဟုတ်ဘူး၊ နေ့နေ့ညည အရက်ပဲသောက်နေတာ"

"အဲဒီတော့ ဒီကိစ္စကို ကျွန်တော် ဘယ်လိုကူညီရမလဲ ဦးမောင်"

"တကယ်လို့များ မင်းတွေ့ခဲ့ရင် ခေါ်စောင့်ရှောက်ထားပေးပါ မာန်ရယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ဦးမောင် ... ကဲ မှောင်တောင်နေပြီ၊ ကျွန်တော် အိမ်ပြန်နားလိုက်ဦးမယ် ... မနက်မှပဲ လာခဲ့တော့မယ်"

ဦးမောင် ခေါင်းညိတ်ပြလိုက်တော့ မာန်အနားမှ ထထွက်သွားတော့သည်။

ဖဖဖ

အခန်း ( ၁၅ )

မုဒြာ ပုန်းနေသော ခြုံပုတ်လေးက မလုံချင်။ စောစောက နှစ်ယောက်ကလည်း ပြန်လှည့်လာရင် မုဒြာကို သဲကြီးမဲကြီး ရှာနေပုံပင်။ မုဒြာမှာ ကြောက်လွန်းအားကြီး၍ ခန္ဓာကိုယ်လေးမှာ တဆတ်ဆတ်တုန်ရင်နေရှာသည်။ မနက်ကတည်းက ဘာမှမစားရသေးတာကြောင့် ဆာလောင်မှုက ရေလေးသောက်လိုက်ရလျှင်ပဲ နေနိုင်၏။ တစ်နေကုန် နေမပူတပူမှာ ထိုင်နေမိတာကြောင့် လူမှာ မဟန်နိုင်တော့။ အသားတွေကလည်း ပူခြစ်နေသည်။ မထူးတော့ တာမို့ သူမ မြန်မြန်သေသွားလည်း ကောင်းတာပဲဟု စဉ်းစားမိ၏။

ခပ်လှမ်းလှမ်းမှာရပ်ထားသော ကားလေးကို သူမ ကြည့်နေမိ၏။ နောက်ထပ် မလှမ်းမကမ်းတွင်လည်း သီးသန့်ဆေးခန်းပုံစံလေးတစ်ခု ဖြစ်သည်။ ဖျော့ခနဲ လျှင်မြန်ခြင်းမျိုးဖြင့် ထိုကားလေးနားသို့ သူမရောက်သွားသည်။ တဆက်တည်းမှာပဲ စောစောကလူ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကလည်း သူမရှိရာဘက်သို့ လျှောက်လာသည်။ သို့သော် သူမကိုတွေ့၍ လာချင်းမျိုးမဟုတ်ဘဲ ဟိုဘက် ဒီဘက်ရှာနေသည့် ပုံစံမျိုးဖြစ်သည်။ ရင်တထိတ်ထိတ်ဖြင့်နေရင်း ကားတံခါးကို ဖွင့်ကြည့်လိုက်မိ၏။

"ဟင် ... ကားက လော့ခ်ချမထားပါလား"

သူမအတွက် စဉ်းစားချိန်မရတော့ ကားတံခါးဖွင့်ကာ နောက်ဘက်တွင် ဝပ်တွားနေလိုက်သည်။ အမှတ်တမဲ့ ခေါင်းလေး ပြူကြည့်တော့ ထိုနှစ်ယောက်က ကားနားမှာ ဟိုကြည့်ဒီကြည့် ဖြစ်နေသည်။

"ဘုရား ... ဘုရား မတွေ့ပါစေနဲ့ ... ကားပိုင်ရှင်လာပြီး မြန်မြန်ထွက်ပါစေ"

မုဒြာ ဆုတောင်းပြည့်ခဲ့၏။ ကားတံခါးဖွင့်သံနှင့်အတူ မုဒြာ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရသည်။ မျက်လုံးကို စုံမှိတ်ပြီး ဘုရားကိုသာ အာရုံပြုနေလိုက်သည်။ မကြာမီ ကားစက်နှိုးသံကြားရပြီး ကားလေးက တဖြည်းဖြည်း လိမ့်ထွက်သွားလေသည်။

မုဒြာလည်း ခုမှသက်ပြင်းချနိုင်တော့သည်။ ဆာလောင်မွတ်သိပ်မှုဒဏ်၊ ပင်ပန်းနွမ်းနယ်ခဲ့သည့်ဒဏ်တို့ကြောင့် ကားနောက်ဘက်တွင် ခွေခွေလေး ခေါင်းငိုက်စိုက်ကျသွားရသည်။

မာန်မှာလည်း ကားကို ဂရုတစိုက်မောင်းနေရ၏။ စိတ်





မကောင်းခြင်းတွေ ကြုံတွေ့နေရသော ဦးမောင်ကိုကြည့်ပြီး သူ့ရင်ထဲမှာလည်း ခံစားရသည်။ တော်တော်လှမ်းလှမ်းရောက်သည်နှင့် ကားနောက်ခန်းဆီမှ ညည်းညူသံသဲ့သဲ့ကြားလိုက်ရသည်။ တခဏတော့ သူ့စိတ်တွေ လန့်ဖျတ်ပြီး ကြက်သီးများပင် ထသွားရ၏။ နောက်မှ စိတ်ထဲ မသင်္ကာသဖြင့် ကားကိုထိုးရပ်လိုက်ပြီး နောက်ဘက်သို့ သေချာကြည့်လိုက်သည်။

"ဟာ ... ပြဿနာပဲ၊ ဘယ်ကကောင်မလေးလည်း မသိဘူး၊ ဟေ့ ... ဟေ့ ..."

မာန်က ထိုကောင်မလေးလက်ကို ကိုင်ပြီးလှုပ်လိုက်၏။ ကောင်မလေး လက်တွေသည် ပူနေ၏။ ထိုကောင်မလေး ဖျားနေတာ ဖြစ်မည်။ ဘယ်ကလဲ ... ဘာဖြစ်လို့ သူ့ကားထဲရောက်နေရတာလဲ။ ကိုယ်ခြစ်ခြစ်တောက်ပူနေပြီး သတိလစ်နေပုံရ၏။ ပြဿနာတွေက တစ်ခုပြီးတစ်ခု ဆင့်ကာနေသည်။ ယခုလည်း အိမ်တိုင်ရာရောက် ပြဿနာက ပါလာသည်။ ဘယ်ကမှန်းမသိ ဘယ်သူမှန်းမသိဘဲ ခေါ်သာလာခဲ့ရပေမယ့် ပစ်ထားဖို့ဆိုတာကလည်း သူ အဲဒီလောက် မရိုင်းစိုင်းချင်။

ကိုယ်ကိုယ်တိုင်ပင် အခန်းထဲကျ ခုတင်ပေါ်သို့ ပွေ့ချီတင်ပေးခဲ့သည်။ ကိုယ့်အသိ ဆရာဝန်တစ်ယောက်ကို အကူအညီတောင်းလိုက်ရသည်။ ဆရာဝန် ဆေးထိုးပေးသွားပြီးသည်အထိ



www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်မလေး သတိမရသေး၊ မေ့မျောနေဆဲပင်။

"မာန် ... ကိုယ်တွေတအားပူပြီး သတိလစ်သွားတာပါ၊ ကြည့်ရတာ စိတ်သောကတစ်ခုခုဖြစ်လာပုံပဲ၊ တော်ကြာလောက်ဆို ကောင်းသွားမှာပါ၊ တကယ်လို့ သတိရလာရင် အစာလေးအရင်ဝင်အောင်ကျွေးပြီးမှ ဆေးတိုက်လိုက် ... စိတ်မပူပါနဲ့ ကောင်းသွားမှာပါ၊ ကဲ ... သူငယ်ချင်း ငါပြန်တော့မယ်"

"အားနာလိုက်တာကွာ၊ အချိန်မတော်ကြီးခေါ်ရတာ"

"ပြောရမယ့်သူတွေမှ မဟုတ်တာမာန်ရာ ... မင်းအတွက်ဆို ငါအချိန်မရွေးဘဲ"

"တကယ်ကျေးဇူးတင်ပါတယ် ထွန်းဇော်ရာ"

မာန်မှာ သူငယ်ချင်းဖြစ်သူကို အရမ်းအားနာနေမိသည်။ မာန် အခန်းထဲပြန်ဝင်လာရင်း ခရင်းဘတ်ဒ်ပေါ်မှာ ထိုင်ချလိုက်ပြီး ကောင်မလေးကို လှမ်းကြည့်နေမိသည်။ ဘေးတိုက်အနေအထားလေးဖြင့် ခုတင်ပေါ်မှ သတိမရသေးသောကောင်မလေးသည် နှာတံစင်းစင်းလေးနှင့် မျက်တောင်ကော့ကော့လေးများကို အထင်းသားတွေ့ရသည်။ ပျော့ပျောင်းနေသော ဆံပင်လေးတွေက သေချာဖီးသင်ထားခြင်းလည်းမရှိဘဲ ရှုပ်ပွနေ၏။ ဝင်းမွတ်နေသော အသားလေးနှင့် မျက်နှာဖူးဖူးလေးက တော်တော်လှသည်။ ဘာမှလိမ်းခြယ်ထားခြင်း မရှိသော မျက်နှာလေးက ငိုထားသလိုရှိတာမို့ မို့အစ်





နေသည်၊ ဘာမှန်းမသိပေမယ့်လည်း ကောင်မလေးက ရုပ်ရည်သန့်သန့်ပြန့်ပြန့်လေး ဖြစ်သည်။

အကြည့်တွေကို လွှဲဖယ်ရင်း သက်ပြင်းချလိုက်မိသည်။ ပင်ပန်းလာခဲ့သမျှ နားဦးမည်ဟု စဉ်းစားကာမှ ပြဿနာက အိမ်အထိဖန်လာခဲ့သည်။ ကောင်မလေး သတိရတဲ့အထိ စောင့်နေမှဖြစ်မည်။ ရုပ်ကလေးက အရမ်းလှနေပေမယ့် ကောင်မလေးက ဘယ်လိုအကျင့်စရိုက်မှန်းမသိ၊ သူအိပ်ပျော်သွားတုန်း ပစ္စည်းယူတာကအကြောင်းမဟုတ် လူကိုတစ်ခုခုရန်ရှာမှာပဲ စိုးရိမ်ခဲ့သည်။ စောင့်မည့်သူကလည်းမရှိ၊ မာန်နှင့်ဦးလူလေး နှစ်ယောက်သာရှိသည်။

အတွေးတို့နှင့်အတူ သူခရီးပန်းလာသည့်အရှိန်ဖြင့် မှေးခနဲအိပ်ပျော်လုလုဖြစ်နေစဉ် ကြားလိုက်ရသော ညည်းသံတိုးတိုးလေးကြောင့် သူလှမ်းကြည့်လိုက်သည်။ ထိုအခါ ကောင်မလေးက သတိရပြီး ထထိုင်ကာ ပြန်လဲကျသွား၏။ သူဘယ်ကိုရောက်နေသည်လဲ ပုံစံမျိုးဖြင့် ဝေ့ဝဲကြည့်နေသည်။ မျက်လုံးနက်နက်ကလေးတွေက သူ့ဆီလျှောက်လာနေသော မာန့်ကိုသေချာစွာ စူးစိုက်ကြည့်နေသည်။

လှပသော အခန်းကျယ်ကြီးက အေးစိမ့်နေပြီး မွှေးပျံ့သောအနံ့ သူမ လှဲအိပ်နေမိသော မွေ့ရာထူထူ၊ ပြောင်လက်နေသော ပါကေးကြမ်းခင်း သူမနှင့်အတူ ချောမောလှပသော ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၊ မြင့်မားလှသော အရပ်အမောင်းနှင့် မျက်ခုံးထူထူ၊ ဝင်းဝါစိုပြေသော အသားအရည်က ထိုမျက်ခုံးတွေကို ပို၍ပေါ်လွင်စေသည်။

"မင်းသတိရလာပြီလား"

"ဟုတ်ကဲ့"

"မင်း ကိုယ့်ကားပေါ် ဘာဖြစ်လို့ ရောက်နေရတာလဲ"

သူ့စကားကြောင့် မုဒြာစဉ်းစားမိသွားသည်။ မုဒြာနောက်ကို ယောက်ျားနှစ်ယောက်လိုက်လာရင်း တွေ့သည့်ကားပေါ် သူမ ဝင်ပုန်းနေခဲ့သည်။

"ဟော့ ... မေးနေတယ်လေ"

"ဟို ... ဟိုလေ ကျွန်မနောက်ကို လူနှစ်ယောက် လိုက်လာလို့ပါ"

"ဒါနဲ့ ဒီကားပေါ် တက်လိုက်လာတာပေါ့"

မျက်လုံးလေး ကလည်ကလည်ဖြင့် မျက်ရည်ဝိုင်းစ ပြုနေသော သူမကိုကြည့်ကာ ...

"မင်း ... ရိုးရိုးသားသားတော့ ဟုတ်ပါတယ်နော်"

"ရှင်"

"ဒီလို လူပြတ်တဲ့နေရာမှာ ညဘက်ကြီးတစ်ယောက်တည်းသွားတာ မိန်းမကောင်းလို့ ယူဆလို့ရပါ့မလား"





"ရှင်"

ကားနှင့်တင်ခေါ်လာတာကို ကျေးဇူးတင်ပေမယ့် သူမကို ပြောလိုက်တာများ နှိမ့်နှိမ့်ချချဖြင့် စော်ကားလွန်းနေသည်။ ကိုယ့်သ ဒီလောက်တောင် နှိမ့်ကျရပါလားလို့ တွေးမိရင်း မျက်ဝန်းမှ က်ရည်တွေက ပိုးပိုးပေါက်ပေါက် ကျလာခဲ့ရသည်။

"ဟော့ ... မင်းမငိုနဲ့လေ၊ ဘာဖြစ်လို့လဲ ... မင်းကို ငါ ဘာမှ ဆုပ်ဘူးနော်"

ပြောကာမှ ပို၍ရှိုက်နေတာကြောင့် မာန်စိတ်တိုသွားမိည်။

"ဒီမှာ မင်းငိုနေလို့ ဘာမှမဖြစ်ဘူး"

"ကျွန်မ မိန်းမကောင်းတစ်ယောက်ပါ"

"အဲဒါဆို ပြောလေ ... ကဲ ... အခု မင်းဒုက္ခရောက်လို့ းပေါ်တင်ခေါ်လာပြီပဲထား၊ မင်းပြန်ရမယ့်နေရာတော့ ရှိမှာပေါ့၊ ်အိမ်က ဘယ်မှာလဲ ... စေတနာနဲ့ထပ်ပြီးတော့ အိမ်အရောက် က်ပို့ပေးမယ် ... ကဲ ... ပြော ... ပြော အချိန်မရှိဘူး"

မုဒြာ ဘာပြောရမှန်းမသိအောင် နှုတ်ကဆွံ့အလို့နေသည်။ ာ ဆက်ပြောနေပြန်သည်။

"မင်း ကားပေါ်ပါလာတာ အိမ်ရောက်ကာနီးမှ သိရတယ်၊ တ်ပြီး မင်းက ခဏခဏညည်းနေတာ၊ မင်းကိုလှုပ်နှိုးတော့

www.burmeseclassic.com



မင်းရဲ့လက်တွေ ခြစ်ခြစ်တောက်ပူနေတယ်၊ အဲဒါနဲ့ ... မင်းကို ဒေ
အထိခေါ်လာပေးပြီး၊ ဆေးထိုးပေးခဲ့တာ သိပ်မစိုးရိမ်ရဘူးလို့တော
ပြောပါတယ် ... သတိရလာရင်လည်း အစာဝင်အောင်ကျွေးပြ
ဆေးတိုက်ပေးပါတဲ့၊ ဒီတော့ မင်းအတွက် မုန့်နဲ့ကော်ဖီ သောက
လိုက် ... ပြီးရင် ဆေးပါသောက်လိုက်ဦး"

သူကပြောပြီး ခွက်ကလေးထဲထည့်ထားသောဆေးကို လာ
ချပေး၏။ နောက်ထပ် ဗလတောင့်တောင့် ခပ်ဝဝ အသက်ကြီးကြီ
အဘတစ်ယောက်က ကော်ဖီနှင့်မုန့်တွေ လာချပေးခဲ့သည်။ ဒါတွေ
ကိုမြင်မှ မုဒြာ ဗိုက်ထဲမှာ ဘာမှမစားရသေးတာကို သတိရသည်

"ကဲ ... မင်းစဉ်းစားလို့ရပြီလား၊ ကိုယ့်အိမ် ဘယ်မှာရှိတယ
ဆိုတာတော့ အဲဒီလောက်ထိ စဉ်းစားဖို့ မလိုဘူးထင်တယ်"

ဟုတ်ပါတယ် ... မုဒြာမှမပြန်ရဲတာ ဘယ်လိုလုပ်ပြီး ပြော
ထွက်ရမှာလဲ၊ တွေတွေလေးငေးနေသော မုဒြာကို သူအကဲခတ်နေ
မှန်း သိ၏။

"ဆယ်နာရီရှိသေးတယ် ... အချိန်ရသေးတာပဲ၊ မင်းအိမ်
လိုက်ပို့ပေးမယ် ... ဘယ်မှာလည်းဆိုတာပြော၊ တော်ကြာ ... မင်း
အိမ်ကလူတွေလည်း စိတ်ပူနေကြမှာစိုးလို့"

မုန့်လည်းမစား၊ ကော်ဖီလည်းမသောက်၊ ဆေးလည်း မသော
ဘဲ ဒီအတိုင်းနေ နေသော သူမကို မာန် စိတ်မရှည်တော့။





"တအားအချိန်မနှောင်းခင် မင်းပြောမှဖြစ်မယ်၊ တော်ကြာ
ကိုယ်ပြဿနာတွေ ရှင်းနေရလိမ့်မယ်"

"ဟုတ်ပါတယ် ကလေး ... ပြောလိုက်ပါကွယ်၊ တော်ကြာ
အဘတို့ကို အမှုလာပတ်နေပါဦးမယ်"

စောစောက အဘကလည်း ဝင်ပြောလိုက်သည်။ သူမရင်ထဲ
ဘာကြောင့်မှန်းမသိ ပို၍ ဝမ်းနည်းလာရသည်။

"ဟင့် ... ဟင့် သမီးကို စိတ်ပူပေးမယ့်သူ ဘယ်သူမှမရှိပါ
ဘူးအဘရယ် ... ဒါပေမဲ့ ... "

"အင်း ... ပြောပါဦး ဘာဖြစ်လဲ ... "

နှည်းနည်းလေးပြောလာသော သူမကိုကြည့်ကာ မာန်အား
တက်သွားပုံရသည်။

"သမီးမှာ နေစရာအိမ်ရှိပေမယ့် သမီးရဲ့ ပထွေးကိုကြောက်
လို့ မပြန်ရဲတာပါ ဘဘရယ် ... နောက်ပြီး ... ပထွေးက အရက်
အမြဲတမ်းသောက်နေတာ"

ပြောရင်းမှ ငိုချလိုက်ပြန်ပါသည်။ သူမပြောသော ပထွေး
အရက်သမားဆိုသည့်စကားကြောင့် မာန်မှာ ဦးမောင်ပြောသော
စကားကို ကြားယောင်သွားမိသည်။

"အခု အိမ်မှာရှိနေတာက ပထွေး ... နောက်ပြီး အရက်
သမား၊ ဒါကြောင့် ... သူ ဘယ်လိုမှ အိမ်ကိုပြန်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မင်းနာမည် ဘယ်သူလဲဟင်"

မာန့်၏ အထိတ်တလန့်မေးသံကြောင့် မုဒြာ ထိတ်လန့်သွာ သလို ဦးလူလေးကလည်း မာန် ဘာဖြစ်တာလည်းဆိုသည့်ပုံစံဖြ လှည့်ကြည့်လိုက်သည်။

"ကုမုဒြာပါ"

"အကြင်နာရဲ့ ညီမလေးဆိုတာလား"

"ဟုတ်ပါတယ်"

"သြော် ... "

ပြောပြီး သူတစ်ခုခုကို စဉ်းစားနေပုံရ၏။

"ဟို ... မမအကြင်နာနဲ့ သိလို့လားဟင်၊ ဒါပေမဲ့ ... ဟာ ဟင့် ... မမအကြင်နာက မရှိတော့ဘူး"

ကောင်မလေးက ပြောရင်းဖြင့် ငိုပြန်သည်။ ဒီတစ်ခါ ငိုေ သည်ကိုတော့ သူ မတားရက်တော့ပါ။ သူမ ဘဝလေးကို ဦးမော် ပြောပြခဲ့တာကြောင့် သနားနေမိသည်။ စောစောက သူပြောခဲ့သ အထင်လွဲမိတာတွေအတွက်လည်း စိတ်မကောင်း ဖြစ်နေမိ၏

"ကုမုဒြာ"

"ရှင်"

"မင်း ... ကိုယ့်ကိုသိလား"

"ဟင့်အင်း ... "





"ကိုယ့်နာမည်က ငြိုးမာန်ဘွဲ့ ... အများက မာန်လို့ပဲခေါ် ကြတယ်၊ ကိုယ်က မင်းမမရဲ့ စက်ရုံပိုင်ရှင်"

"ရှင်"

"ဟုတ်တယ် ... အကြင်နာတို့ရဲ့ အလုပ်ရှင်ပဲ"

"ဒါဆို ဦးဥက္ကာမောင်ကိုလည်း သိမှာပေါ့နော်"

"အင်း ... "

"ဦးငြိုးမာန်ဘွဲ့ ... ဟို ... ဦးဥက္ကာမောင်က သေသွားလုံး အသက်ရှင်နေသေးလားဟင်"

"မင်း မသိဘူးလား"

"ဟင့်အင်း"

"သူ့ ဒဏ်ရာပြင်းလို့ ဆေးရုံပေါ်မှာရှိတယ်၊ နောက်ပြီး သူ့ အမေဆုံးတာကို အသက်မမီတဲ့အပြင် အသုဘတောင် မပို့လိုက်ရ ရှာဘူး"

ဦးမောင်အဖြစ်တွေကို ပြောပြတော့ မမအကြင်နာနဲ့မတွာ ပါလားလို့ တွေးမိလိုက်သည်။

"ဦးဥက္ကာမောင်နဲ့ မမအဖြစ်က တကယ်ရင်နာစရာပဲနော်၊ မုဒြာလေ အမေရော မမရော မရှိတဲ့နောက် ဒီဘဝကြီးမှာ ဆက် လက်မရှင်သန်ချင်တော့ဘူး"

ကုမုဒြာက ပြောရင်း ရှိုက်ရှိုက်ပြီး ငိုနေသည်။ သူမကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ မာန် သနားရုံကလွဲလို့ ဘာမှမလုပ်ပေးတတ်၊ မချော့တတ်၊ ကိုယ်ယူထားရသော မိုးကိုတောင် ဘယ်တုန်းကမှ စကားကိုချိုချို သာသာ မပြောဖြစ်ခဲ့။

"ကုမုဒြာ … မင်းစိတ်ခိုင်ခိုင်ထားလေ၊ ဘာတွေလျှောက်ပြောနေတာလဲ"

မာန်ကပြောရင်း ကုမုဒြာ လက်မောင်းလေးကို လှမ်းကိုင်လိုက်သည်။

"အိုး … မင်းအဖျားတွေရှိသေးတာပဲ ကုမုဒြာ"

စောစောကတည်းက ဆေးသောက်ဖို့ပေးထားတာ သူမ မသောက်ရသေး။ မာန်မှာ သူမကိုကြည့်ရင်း ဘာကြောင့်မှန်းမသိ အရမ်းသနားသွားရ၏။ ပျော့ခွေနေသော သူမကိုယ်လေးကို ဆွဲထူကာ …

"ကုမုဒြာ ဒီမှာဆေးသောက်ရအောင်၊ ကော်ဖီနဲ့မုန့်ကိုလည်း နည်းနည်းလောက်ဖြစ်ဖြစ် စားလိုက်ပါ"

"ဟင့်အင်း … မုဒြာ ဘာမှမစားချင်ဘူး"

"မစားလို့မဖြစ်ဘူး ကုမုဒြာ … မင်းဆေးသောက်လိုက်မှ ပျောက်မှာ"

"မုဒြာ တကယ်ဘာမှစားချင်စိတ် မရှိလို့ပါ၊ ခေါင်းထဲကပဲ မူးတယ်"





"ဒါကြောင့်ပြောတာပေါ့ ကုမုဒြာ၊ မင်းအစာမစားလို့ အားမရှိတာရယ်၊ ပင်ပန်းတာရယ်ကြောင့် ခေါင်းတွေမူးနေတာ၊ ငါပြောတာကို နားထောင်ပါ ကုမုဒြာ"

"အင်း … မုဒြာ … မုဒြာကို ပြန်မပို့ပါနဲ့ ဦးငြိုးမာန်ဘွဲ့ရယ် မုဒြာ အဲဒီလူကြီးကို ကြောက်လို့ပါ … "

ကိုယ်ပူရှိန်ကြောင့် ကယောင်ကတမ်းတွေ လျှောက်ပြောနေပြန်သည်။

"ကုမုဒြာ … ကုမုဒြာ မင်းသတိထားလေ၊ သတိရတယ်မလား၊ ကိုယ်ပြောတာကို သေချာနားထောင် … မင်းကို မင်းပထွေးဆီလည်း ပြန်ပို့မပေးပါဘူး၊ ဦးမောင် ဆေးရုံက မဆင်းမချင်း မင်းကို ငါစောင့်ရှောက်ထားပေးမှာပါ၊ မင်း ငါ့ကိုယုံပါ ကုမုဒြာ"

မုဒြာက မျက်လုံးလေးကို အားယူဖွင့်လိုက်သည်။ ပွင့်လာသော သူမမျက်လုံးလေးတွေက တလက်လက်ဖြာနေခဲ့၏။

"မင်း ဒီဆေးသောက်လိုက်မှ နေကောင်းသွားမှာ ကုမုဒြာ"

မုဒြာက မာန်ပြောတာကို ခေါင်းညိတ်ပြရင်း ဆေးကိုလှမ်းယူလိုက်သည်။ တုန်ရင်နေရှာသော လက်ကလေးတွေက ဆေးပန်းကန်နားသို့ မရောက်မီပင် မာန်က ထိုဆေးတွေကို ယူပေးလိုက်၏။

ယိုင်နဲ့နဲ့ဖြစ်နေသော မုဒြာကိုယ်လေးက သူ၏ကိုယ်ပေါ်သို့ မှီကျနေသည်။ သူမ၏ကိုယ်လေးကို အလိုက်တသင့် ထိန်းပေးထား



www.burmeseclassic.com

www.burmeseclassic.com



ရင်း ဆေးကို ပါးစပ်ထဲထိအောင် ထည့်ပေးလိုက်သည်။ ထို့နောက် ကော်ဖီခွက်ကိုပါ ယူ၍ ပါးစပ်နားတေ့ပေးလိုက်ရပြန်သည်။

မထင်မှတ်ဘဲ ပွေ့ဖက်ထားသော သူမအငွေ့အသက်တွေကြား မာန်ပင် ချွေးလေးများပင် ပြန်လာရသည်။ ရင်တစ်ခုလုံးကလည်း လှုပ်ခါနေမိတော့၏။ သူမကတော့ ဆေးသောက်ပြီးသည်နှင့် သူ့ပခုံးလေးပေါ်မှာ ညည်းညူရင်း မျက်ဝန်းများကလည်း မှေးစင်းငိုက်ကျလာသည်။ သူမကိုယ်လေးကို ခုတင်ထက်ဆီသို့ အသာအယာချလိုက်သည်။ ထိုအခါ ကိုယ့်ကို ကိုယ်သာ သိလိုက်သော မာန်၏ ရင်အစုံဟာ ဘယ်လိုမှ ထိန်းလို့မရအောင် လှုပ်ခါနေတော့သည်။ ထို့ကြောင့် သူဧည့်ခန်းဆီသို့ ထွက်လာရင်း သက်ပြင်းကို မောပန်းကြီးစွာ ချလိုက်မိပါသည်။

❀❀❀

အခန်း ( ၁၆ )

မိုးလင်းတော့မှ ကုမုဒြာဆိုသော ကောင်မလေးကို သေချာကြည့်မိသည်။ လှလိုက်သည့် ကောင်မလေး။ ဝင်းဝင်းစက်စက်လေးနှင့် အတော်ကိုလှသည်။ ညပိုင်းကကြည့်တော့ ဒီလောက်လှတာ မထင်ရှားခဲ့။ မျက်လုံးဝိုင်းဝိုင်းလေးတွေကို မျက်တောင်ရှည်ကြီးတွေက ခြံလှွာတစ်ခုကဲ့သို့ ဝိုင်းရံထားသည်။ ဘာကြောင့်မှန်းမသိ ကုမုဒြာကို ကြည့်မိရင်း သူ့ရင်ထဲတွင် တလှပ်လှပ်ခုန်နေခဲ့သည်။

အကြင်နာ လှတယ်လို့ ဦးမောင်ပြောခဲ့ပေမယ့် သူ မတွေ့ဘူးပါ။ ကုမုဒြာ အရမ်းလှတာကိုတော့ ဝန်ခံသည်။ သို့သော် ကုမုဒြာ လှနေပေမယ့်လည်း သူနှင့်ဘာမှမဆိုင်တာကိုလည်း သိသည်။ မိုးသိမှာတစ်ခုတည်းပဲ စိုးရိမ်ရ၏။ သူက အကြောင်းမဟုတ်။ ကုမုဒြာအတွက်ပဲ ဖြစ်သည်။ သူ့ဘေးနားမှာ ကောင်မလေးတစ်ယောက်ရှိနေတာ သိလျှင် မိုးက ဒီတိုင်းကြည့်နေမှာမဟုတ်ဘဲ ပြဿနာ ရှာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည်။

"ရော့ ... ဒီမှာ မင်းအတွက်"

လှမ်းပေးတာကိုကြည့်မိတော့ ရှပ်အင်္ကျီနီညိုကွက်လေးနှင့် ဒူးဖုံးရုံ ဂျင်းစကတ်လေးတစ်ထည်၊ သူမက ကျေးဇူးတင်စွာဖြင့် မာန့်ကို မော့ကြည့်လိုက်သည်။

"အဲဒါလေးက မင်းအတွက်အဆင်ပြေမှာပါ၊ ဒီအနီးအနားက ရှိတဲ့ဆိုင်မှာပဲ ဝယ်လိုက်ရတာ ... နောက်မှ မင်းလိုတာဝယ်ပေါ့"

"ဟုတ် ... မုဒြာ ကျေးဇူးတင်ပါတယ် ဦးငြိုးမာန်ဘွဲ့၊ မုဒြာ အိမ်ကိုပြန်မပို့ရင်ဘဲ စိတ်ချမ်းသာပါပြီ"

ပြန်ပို့ရန်လည်း မဖြစ်သည့်အခြေအနေကြောင့် သူ့စိတ်ကူးလည်းမရှိတော့ပါ။ သူ့ဘေးမှာရပ်နေသော မုဒြာခေါင်းလေးကို ပုတ်ကာ ...

"ကိုယ်စက်ရုံသွားစရာရှိတယ် ... မင်းဒီမှာပဲ နေဦးနော်၊ နောက်မှ မင်းအတွက် ကြည့်စီစဉ်ပေးမယ်၊ ခြံထဲမှာ ဦးလူလေးလည်း ရှိတယ်၊ ဒါပေမဲ့ ... တစ်ခုတော့ သေချာမှာခဲ့မယ်၊ ယောင်လို့တောင်မှ ခြံဝနားကို မသွားနဲ့နော်"

"ဟုတ်ကဲ့"

မှာစရာရှိတာတွေ အက်ကြောင်းထပ်အောင် ပြောနေသည်။ ထိုအခါ အမေနှင့်မမကို သတိရမိ၏။





"ဦးငြိုးမာန်ဘွဲ့ မုဒြာ ဒီမှာပဲနေလို့ မရဘူးလားဟင်"

မုဒြာစကားကြောင့် သူ ခေါင်းနပန်းကြီးသွားရ၏။ ဒီရက်ကလေးတောင်မှ မိုးမသိအောင် ကာကွယ်ထားရမှာ ဖြစ်သည်။ မိုးမြင့်သဇင်ဆိုသော ထိုမိန်းမနှင့် ဘာကိစ္စမှမပတ်သက်ချင်၊ ပြောင်းလဲသွားသော သူ့မျက်နှာထားကြောင့် မုဒြာ ခေါင်းလေးငုံ့သွားသည်။ ဒီလိုကျတော့လည်း သူ သနားသွားမိသည်။

"ကုမုဒြာ မင်းအတွက် ကိုယ်နဲ့ဦးမောင် စဉ်းစားပေးမှာပါ၊ မင်းစိတ်ချမ်းသာစေရပါမယ်"

ကုမုဒြာကို ထိုသို့ပြောရင်း ဖြေသိမ့်လိုက်ရသည်။ ဦးမောင်ဆေးရုံက ဆင်းမှ ဒီကိစ္စကလည်း ဖြေရှင်းလို့ရမှာဖြစ်၏။ ဘာဖြစ်လို့များ ဒီကောင်မလေးကို သနားပြီး အရောရောလိုက်လျှောချင်ပါလိမ့်ဟု ကိုယ့်ကိုကိုယ် တွေးမိသည်။ ဘယ်မိန်းကလေးများနှင့်မှ သူ အရောတဝင် မနေဘူးခဲ့။ မိုးနှင့်သာ တရင်းတနှီး နေခဲ့ရသော်လည်း ဘယ်တော့မှ အဆင်မပြေခဲ့။ စကားပြောတိုင်း သူ့အနိုင်ရမှ ကျေနပ်ခဲ့သည်။ မိုးကလည်း သူ့ဆို ဘယ်တော့ဖြစ်ဖြစ် အလျှော့ပေးခဲ့သည်။ မုဒြာနှင့်ကျတော့ သူ့ရင်ဟာ ဘာဖြစ်မှန်းမသိ အလိုလိုကို နူးညံ့နေပြန်သည်။

"ဦးငြိုးမာန်ဘွဲ့ မုဒြာလေ ဦးဥက္ကာမောင် သက်သာရဲ့လားလို့ သွားမေးချင်တယ်၊ တွေ့လည်းတွေ့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရမှာပါ ကုမုဒြာ၊ ဦးမောင်လည်း ဆေးရုံကဆင်းတော့မှာ၊ ခုလောလောဆယ် မင်းစိတ်တွေပင်ပန်းသမျှ အနားယူလိုက်ပါ"

ꩤꩤꩤ

ဦးမောင် ဆေးရုံက မဆင်းမချင်း မာန် အလုပ်တွေပိုများနေရ၏။ တစ်နေ့ နှစ်ခေါက်ကတော့ ဦးမောင်ဆီဝင်နေကျ ဖြစ်တာကြောင့် တော်တော်လေး ထူထူထောင်ထောင် ဖြစ်နေသော ဦးမောင်ကို သက်ဆွေက ဆေးထည့်ပေးနေသည်။ မာန်ဝင်လာသည်နှင့် ဦးမောင်က ပြုံး၍ပြောလိုက်၏။

"မာန်ရေ ... တစ်ရက် နှစ်ရက်နေပြီး ဆင်းရတော့မယ်တဲ့"

"အိမ်မှာ အေးအေးဆေးဆေး အနားယူရတာပေါ့ ဦးမောင်ရယ်"

"မင်းလည်း ငါ့အတွက် အရုမ်းပင်ပန်းနေပြီ"

"ကျွန်တော်နဲ့ဦးမောင်က တစိမ်းတွေမှမဟုတ်တာ၊ ဒါနဲ့ ဦးမောင်ကို ပြောစရာရှိတယ်၊ ကျွန်တော် ကုမုဒြာကို ရှာတွေ့ခဲ့ပြီ"

"ဟင်"

ဦးမောင် အံ့အားသင့်သလို ကြည့်နေသည်။

"မနေ့ညက ဦးမောင်ဆီက အပြန်မှာတွေ့တာ"





မာန်က ဖြစ်ကြောင်းကုန်စင်ပြောလိုက်တော့ ဦးမောင် သေချာနားထောင်နေသည်။

"တော်သေးတာပေါ့ မာန်ရာ၊ ကံကောင်းပြီး မင်းနဲ့တွေ့လို့ပေါ့၊ အခု ဘယ်မှာလဲ မာန် ..."

"ကျွန်တော့် အိမ်မှာ"

"ကျေးဇူးတင်ပါတယ် မာန်ရာ၊ ကုမုဒြာအတွက် ဦးမောင် တာဝန်တွေ မကင်းခဲ့ဘူး၊ ဦးမောင်က အကြြင်နာနဲ့ သူ့အမေကို သတ်သလို ဖြစ်နေခဲ့တယ်"

"မဆိုင်တာဘဲ ဦးမောင်ရာ ... ဖြစ်ပြီးတာတွေအတွက် ဘာတတ်နိုင်မှာလဲ"

"ဦးမောင် ဒီရက်အတွင်း ဆေးရုံက ဆင်းရမှာပါ၊ အဲဒီတော့မှ ဦးမောင် လာခဲ့မယ် ... မနေ့ကတော့ မိုးလာသွားတယ်မာန် ... ဦးမောင်ကို စိတ်မကောင်း ဖြစ်မိနေတယ်၊ လိုအပ်တာမှန်သမျှ ပြောပါလို့ လာပြောသွားတယ်"

မာန်က နှုတ်ခမ်းလေး တွန့်ရုံ ပြုံးလိုက်၏။

"မိုးခန့်ထားတဲ့ ဒရိုင်ဘာကောင်လေးက ငယ်ငယ်ချောချောလေးပဲ မာန်၊ မိုးကလည်း တော်တော်အရေးပေးပုံရတယ် ... ကောင်လေး ကြည့်ရတာတော့ အေးအေးဆေးဆေးပါပဲ"

"သူတို့ အဆင်ပြေသွားရင် ပိုမကောင်းဘူးလား ဦးမောင်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး မာန်ရဲ့ … မိုးဆက်ဆံပုံက သူ့မောင်လေး တစ်ယောက်လိုပဲ"

ဦးမောင်ပြောတာ ဖြစ်နိုင်၏။ မာန်ကလွဲ၍ ဘယ်ယောက်ျားလေးကိုမှ စိတ်မဝင်စားတာ သူသိသည်။ မာန်က ထိုင်နေရာမှ မတ်တပ်ရပ်ကာ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်၍ ပြုံးလိုက်သည်။

"ကဲ … ဦးမောင် … ကျွန်တော် သွားလိုက်ဦးမယ်"

မိုးအကြောင်းပြောလျှင် မသိသလိုနေတတ်သော မာန်က ဒီတစ်ခါ ပြုံးသွားခဲ့တာကြောင့် နားမလည်နိုင် ဖြစ်နေရလေသည်။

သူ အိမ်ပြန်ရောက်သည်နှင့် ကုမုဒြာက ထွက်ကြိုတတ်သည်။ ခြံဝဘက်မသွားနဲ့ဟု မှာထားသောကြောင့် ကုမုဒြာက တသွေမတိမ်း လိုက်နာခဲ့သည်။ နေ့တိုင်းမြင်နေသည့် သူမမျက်နှာလေးကို သူပြန်ခဲ့လို့ မတွေ့လျှင် စိတ်ထဲမှာ ဘယ်လိုဖြစ်မှန်းမသိဘဲ လိုက်ရှာမိပြန်၏။ ကုမုဒြာကိုတွေ့မှ စိတ်အေးနိုင်သည်။

ဦးမောင်မှာလည်း ဒီရက်အတွင်း ဆင်းရမယ်ဆိုပြီး ချုပ်ရိုးမကျက်သေးဘဲ ပြည်တည်နေသည်ဟုဆိုကာ တစ်လတိတိ ဆက်





ကြာသွားခဲ့သည်။

အနေကြာလာသော ကုမုဒြာကို သူ သံယောဇဉ်တွယ်နေပြီလားမသိပေ။ ဦးမောင် ဆေးရုံက မဆင်းသေးတာကိုလည်း သူ ကျေနပ်နေမိ၏။ ကုမုဒြာ ရှိနေသည့်အတောအတွင်း မချက်တတ်၊ ချက်တတ် ချက်သော ထမင်းနှင့်ဟင်းက သူ့ကို ပို၍ခံတွင်းတွေ့နေပြီလား မသိတော့ချေ။

"ဦးမာန် မုဒြာ ထမင်းရော ဟင်းရော ချက်ထားတယ်၊ ဟင်းဟင်း … မုဒြာ တတ်သရွေ့ပေါ့နော်"

ထိုအခါမျိုးတွင် မာန်မှာ သူမအပေါ် စိုးရိမ်စိတ်လေးများ ဖြစ်ရသည်။

"မုဒြာ အဲဒါ ဦးလေးလုပ်နေကျပါ၊ တော်ကြာ အပူတွေ ဘာတွေ လောင်နေမှကွာ"

"မုဒြာ လုပ်တတ်ပါတယ် ဦးမာန်ရဲ့ … ဘဘကလည်း သင်ပေးပါတယ်၊ နောက်ပြီး … ဘဘက အသက်ကြီးပြီလေ၊ အသက်ကြီးကြီးနဲ့ ဘဘ မီးဖိုချောင်ဝင်တာ မုဒြာ မကြည့်ရက်ပါဘူး၊ ဒါကြောင့် မုဒြာလုပ်ပေးမယ် … ဘဘနားပါလို့ ပြောလိုက်တာ"

စဉ်းစားရင်း ကားကို သတိကြီးစွာ မောင်းလာခဲ့သည်။ မှုန်းကျပ်နေသော စိတ်တွေက မိုး၏ကား နောက်မှပါလာတာကို သိပေမယ့် သူ ဂရုမစိုက်တော့။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ဆို ဦးမောင် ဆေးရုံကဆင်းတော့မည်။ ဦးမောင် ဆင်းလာလျှင် ကုမုဒြာကို ပြန်ခေါ်ပြီး သူ့ညီမလေး၊ တူမလေးတစ် ယောက်သဖွယ် ဦးမောင်က စောင့်ရှောက်မည်ဟု ပြောသည်။

ဒါဆိုလျှင် သူ့အနားက ကုမုဒြာသွားတော့မည်ပဲ။ ဖြစ်သင့်ပါ တယ်လေ။ သူက အိမ်ထောင်သည်တစ်ယောက်၊ ကုမုဒြာ ဒီမှာရှိ နေတာ မိုးမြင့်သဇင်သိလျှင် တစ်ခုခုတော့ ကြံစည်မှာမလွဲ၊ မုဒြာ အတွက် သူစိုးရိမ်မိသည်။ မုဒြာ ဒုက္ခရောက်မှ သူ မကြည့်ရက် မုဒြာအပေါ် သူ့ဂရုစိုက်မှုတွေက လွန်ကဲနေသည်။ သူ့အတွေးထဲသို့ မုဒြာဝင်လာဟတ်သည်မှာလည်း သူ့ကိုယ်သူ အံ့ဩမိသည်။ မိုးမြင့် သဇင်ဆိုလျှင် သူ့စိတ်ထဲမှာ အမြဲတမ်းအပြစ်ပဲ တွေ့နေရသည် ကိုယ့်ကိုကိုယ် အဖြေရှာကြည့်ရင်း နားလည်လိုက်သည်။

ခြံဝင်းတံခါးပွင့်နေတာမြင်တော့ သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွား မိ၏။ တစ်ဆက်တည်း ကုမုဒြာပါ တွေ့လိုက်သည်မို့ သူ့ရင်တစ်ခုလုံး လှုပ်ရှားသွားမိသည်။ စိတ်မချရတာတွေက အဲဒါတွေပဲဖြစ်သည် မိုးကို ဂရုမစိုက်ချင်ပေမယ့် ကုမုဒြာဟာ သူ့အရိပ်ထဲမှာရှိနေတာ ကြောင့် အတ္တလွန်ကဲနေတဲ့ မိန်းမတစ်ယောက်ကို မုဒြာ ဒီမှာရှိနေ တာမသိစေချင်။ ကားပေါ်က သူချက်ချင်းဆင်းကာ မုဒြာနား ရောက်သွားတော့သည်။

"မုဒြာ ... မင်းဘာလုပ်နေတာလဲ"





"ရှင်"

ရပ်နေတာကိုမြင်ပေမယ့် စိတ်တိုင်းမကျသလိုအသံနှင့် မေး လိုက်တော့ မုဒြာ နားမလည်သလိုလေး ဖြစ်သွားရှာသည်။ ထိုအခါ ကျမှ သူ့မျက်နှာကိုပြင်ဆင်ဖို့ မာန်သတိရ၏။ မုဒြာ သူ့ကိုစောင့်ကြို နေတာ ဒီလိုမမေးသင့်မှန်း တွေးမိပြီး အပြုံးတစ်ခု ဖန်ဆင်းလိုက်ရ၏။ သူ့မျက်နှာ ဘယ်လိုဖြစ်နေပြီမသိတော့ပါ။ ရင်ထဲမှာ မွန်းကြပ်မှု တွေနှင့်အတူ မုဒြာလက်ကို ဆတ်ခနဲဆွဲကာ ခြံတံခါးကို အမြန်ပိတ် လိုက်ရသည်။ မိုး၏ကားသည် သူ့နောက်မှာ ပါလာမည်မှာမလွဲ။ ဦးလူလေး ကိစ္စတစ်ခုခုဖြင့် အထဲဝင်နေခိုက် မုဒြာထွက်လာတာ ဖြစ်နိုင်သည်။

"မုဒြာ ... ဦးလူလေးရော"

"ဘဘက အပေါ့သွားချင်တယ်ဆိုလို့"

မာန်က မသိမသာ သက်ပြင်းချလိုက်သည်။

"မုဒြာ အထဲဝင်ရအောင်"

စိုးရိမ်စိတ်ဖြင့် မုဒြာလက်ကလေးကိုဆွဲကာ ခေါ်လာလိုက် သည်။

"ဦးမာန် ... ဘာဖြစ်နေတာလဲဟင်"

"ကိုယ် ဘာဖြစ်နေလို့လဲ"

"ဦးမာန် ခြံဝမသွားနဲ့ ပြောထားတာကို မုဒြာသွားလို့စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးနေတာလား"

"ကိုယ့်မျက်နှာမှာ အဲဒီလိုဖြစ်နေလို့လား မုဒြာ"

"မုဒြာ ထင်မြင်ချက်ကိုပြောတာပါ။ ဒါပေမဲ့ ... မမေးတော့ပါဘူး"

"မမေးလည်း ဘာဘာက ပြောပြရမယ်ကလေး၊ အပြင်ကခွေးတွေက တံခါးဖွင့်ထားတာနဲ့ ဝင်လာပြီး ကိုက်တတ်တယ် ... ဒါကြောင့် ကလေးကို ခြံဝမသွားနဲ့လို့ပြောတာ"

ဘယ်အချိန်ကတည်းက ရောက်လာမှန်းမသိသော ဦးလှလေးဝင်ပြောတော့မှ မုဒြာခေါင်းလေးညိတ်သည်။ ဒီတော့မှ မာန်လည်း စိတ်သက်သာရသည်။ သူနှင့်မိုးမြင့်သဇင် ပတ်သက်တာတွေကိုတော့ မုဒြာ မသိစေချင်။ ဘာဖြစ်လို့မှန်းတော့ မသိ။

"မုဒြာ"

"ဟင်"

"မနက်ဖြန် ဦးမောင်ဆေးရုံကဆင်းမယ်၊ ဒီကိုပါလာလိမ့်မယ်"

"ရှင် ..."

"ဟုတ်တယ် ... ဦးမောင်က မင်းကိုစောင့်ရှောက်လိမ့်မယ်"

မုဒြာက ခေါင်းကို ဆတ်ခနဲမော့ကာ မာန့်ကိုအံ့ဩသလိုကြည့်လိုက်သည်။





"ဦးမာန် ဦးဥက္ကာမောင်က ဒီမှာနေတာမဟုတ်ဘူးမလား"

"ဟင့်အင်း"

"ဒါဆို မုဒြာ ဦးဥက္ကာမောင်နဲ့ လိုက်မနေဘူး၊ မုဒြာ ဒီမှာပဲနေလို့မရဘူးလားဟင်"

"မဖြစ်ဘူး မုဒြာ ... ဒီမှာက ကိုယ်တစ်ယောက်တည်းနေတော့ မင်းနေရင်မသင့်တော်ဘူး"

"ရပါတယ် ဦးမာန်ရယ် ... ဦးမာန် မထားချင်လို့ဆိုတာ မုဒြာ သိပါတယ်။ ဟိုမှာလိုက်နေတော့ရော ဦးဥက္ကာမောင်က တစ်ယောက်တည်းနေတာပဲမလား။ ဒီမှာမှ ဘာဘာလည်းရှိတော့ မုဒြာအတွက် ပိုတောင်အဆင်ပြေသေးတယ်"

မုဒြာ စကားက မှန်နေသည်မို့ မာန်ငြင်းရခက်နေသည်။ မုဒြာ ဒီလိုပြောတာသိလျှင် ဦးမောင် ဘာပြောမလည်းမသိ။ သူ့ဆီမှာ ကြာကြာဆက်နေလျှင် တစ်နေ့မဟုတ်တစ်နေ့ မိုးသိလာနိုင်သည်။ သူ့ကြောင့် မုဒြာ ဒုက္ခမရောက်စေချင်တော့။ သူကိုယ်တိုင်လည်း ရင်ခုန်သံတွေ မထိန်းနိုင်တော့တာကြောင့် ကြာလျှင်ပိုဆိုးတော့မည်။

❀❀❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

ပြောင်လက်နေသောကားကို ထပ်ခါတလဲလဲ ပွတ်တိုက်နေမိသည်။ ရေပုံးကြီးတစ်ပုံးနှင့်အတူ အဝတ်စကို နှစ်လိုက် ကားသုတ်လိုက်ဖြင့် ကားကိုပိုပြောင်အောင် သုတ်နေတာမကျဘဲ တစ်ခုခုကို အလိုမကျသော ပုံစံဖြင့် ပြုလုပ်နေကြောင်း ထင်ရှားသည်။

"တာရာ ... မင်းဒါတွေထားလိုက်လေ၊ အိမ်ပြန်ချင်ပြန်ပါလား"

ဘယ်အချိန်က အနားမှာရောက်နေမှန်းမသိသော မမိုးအသံကြောင့် သူခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ မမိုး ..."

မြက်ခင်းစိမ်းစိမ်းထက်မှာရှိသော ကုလားထိုင်ပေါ်မှာထိုင်ရင်း မိုးက တာရာကို ငေးကြည့်နေသည်။ အလွန်ရိုးသားပြီး အေးဆေးသော ကောင်လေးတစ်ယောက်မှန်း မြင်ကတည်းက အခဲ





ခတ်မိသည်။ သူမနှင့် အမြဲသွားနေတဲ့အခါတွေမှာ ပိုသိလာသည်။ တာရာဟာ အလုပ်ကြိုးစားပြီး စည်းကမ်းရှိသည်။ မိန်းကလေးများနှင့်လည်း အရောမဝင်တတ်။ အပိုစကားတွေမပြော၊ လကုန်လို့ လခထုတ်ရက်ဆို အဖေနှင့်အမေဆီပြေးပြီး အရောက်သွားတတ်သည်။ မိဘအပေါ်လည်း သိတတ်သောတာရာကို မိုး သဘောကျ၏။ တာရာဟာ အမြဲတမ်း သူမအတွက် အားကိုးရတဲ့မောင်လေးတစ်ယောက်သဖွယ် ရှိခဲ့သည်။ တာရာသည်လည်း မိုးအပေါ် အစ်မအရင်းတစ်ယောက်ပမာ သံယောဇဉ် ဖြစ်ခဲ့ရသည်။

ကြိုတင်ယူလာခဲ့သော ငွေနှစ်အုပ်ကို မမိုးက လှမ်းပေးရင်း။

"ရော့ တာရာ ... မင်းကို မမိုး သေချာမှာလိုက်မယ်၊ လူတစ်ယောက်ကို အချစ်တွေတအားမပေးပါနဲ့၊ အချစ်တွေ တအားပေးမိရင် ကိုယ်ပြန်မရတဲ့အခါ အရမ်းခံစားရတယ်"

မမိုး၏စကားတွေကို ကြားယောင်ရင်း မုဒြာတို့အိမ်ရှေ့ရောက်လာသည်။ ထုံးစံအတိုင်း ဦးမင်းမောင် မူးနေ၏။ ဘယ်က ပိုက်ဆံရလို့ ဘယ်လိုသောက်သည်မသိ။ ဒီလူကြီး သွားမေးလျှင်လည်း မဟုတ်တာဘဲကြားရမည်။ ဒါကြောင့် လှမ်းကြည့်ရုံကြည့်ပြီး ခဝင်တော့ဘဲ အိမ်သို့သာ တန်းလာခဲ့လိုက်သည်။ ဟိုတစ်ခေါက်ခရီးကပြန်လာတော့ သူ မုဒြာအတွက် ပစ္စည်းလေးတွေ ဝယ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ မမိုးဆီ ခွင့်ပန်ကာ မုဒြာကိုတွေ့ချင်လာသဖြင့် အဖေနှင့်အမေအတွက် ပစ္စည်းတွေဝင်ထားရင်း ကြားလိုက်ရသည့်သတင်းက မကောင်းခဲ့ပါ။

"အဖေနဲ့အမေအတွက် သား မုဒြာဆီ သွားလိုက်ဦးမယ်"

စားစရာပစ္စည်းခြင်းအပြည့်ကို အဖေကလှမ်းယူပြီး တာရာကြည့်လျက် စကားဆိုသည်။

"သား တာရာ ... မင်း ကုမုဒြာတို့အကြောင်း မကြားခဲ့ဘူးလား"

"ဘာကိုလည်း အမေ"

အမေက မျက်ဝန်းမှ မျက်ရည်တွေနှင့်အတူ သူမတို့အကြောင်းကို ပြောပြရှာသည်။

"သနားစရာကောင်းလိုက်တာကွယ် ... အမေရော သမီးရော တစ်ပြိုင်နက်တည်း ဆုံးရတယ်လို့သားရယ် ... ကုမုဒြာလေးလည်း ဘယ်ရောက်လို့ဘယ်ပျောက်မှန်းမသိဘူး၊ ရက်လည်တဲ့နေ့က အမေ သွားသေးတယ်၊ ကုမုဒြာအတွက် နေရေးထိုင်ရေး အဆင်မပြေရင် အမေ့အိမ်မှာ လာနေလို့ပြောမလို့၊ အဲဒီနေ့ကတည်းက ကောင်မလေးက ပျောက်သွားလိုက်တာ ဒီနေ့အထိ ဘာသတင်းမှ မကြားရဘူး သားရယ် ..."

ရက်လည်သည့်နေ့က စောစောရောက်ခဲ့လျှင် မုဒြာကိုတွေ့





နိုင်သည်။ သို့သော် ထိုနေ့က နောက်ကျမှရောက်သည့်အပြင် မမိုးစက်ရုံက မန်နေဂျာကို ဆေးရုံတင်ထားလို့ သွားကြည့်ရသေးသည်။ ပြန်ရောက်တော့ အချိန်မရှိ။ နောက်တစ်နေ့မနက်စောစောတွင် ပြင်ဦးလွင်သို့သွား၍ မမိုး ဝယ်ထားသော ခြံကို ငွေရှင်းပြီး လက်မှတ်ထိုးရသည်။

ထိုကပြန်ရောက်မှ မုဒြာသတင်းကို သူကြားရတာ ဖြစ်သည်။ အခုဆိုလျှင် မုဒြာပျောက်နေသည်မှာ တစ်လကျော် ကြာသွားခဲ့၏။ ဘာသတင်းအစအနမှ မရတာကြောင့် သူပို၍ စိတ်ဓာတ်ကျရသည်။ သွားရင်း လာရင်းနှင့်လည်း တစ်စွန်းတစ်စ ရှာဖွေစုံစမ်းရတာလည်းအမော။ ငါ့ကိုခွင့်လွှတ်ပါ မုဒြာရယ် ... နင်ဒုက္ခတွေပင်လယ်ဝေနေချိန်မှာ ငါ့ကို တမ်းတနေမှာ ငါသိပါတယ်။ နင့်ကို ငါ သိပ်ချစ်ခဲ့တာပါ မုဒြာရယ် ... ကံကြမ္မာက နင်နဲ့ငါ့ကို ရက်စက်ခဲ့တယ်နော် ... တို့နှစ်ယောက်ရပ်တည်ဖို့အတွက် ငါကြိုးစားနေတာ၊ နင်ဘယ်မှာလဲ ဘယ်ရောက်နေလဲဟင်။

သတိရ တမ်းတစိတ်များက ရင်ထဲမှာဆို့တက်လာသည်။ ကြေကွဲခြင်းများနှင့်အတူ ဆက်လျှောက်ဖို့ရန် အင်အားများပင် မရှိတော့။ ငါ အရမ်းခံစားနေရပြီ မုဒြာရယ် ... ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



ကားသံ ကြားလိုက်သည်နှင့် မုဒြာ ဧည့်ခန်းဘသို့ရောက် လာသည်။

မုဒြာမှာတော့ အိမ်ထဲမှာချည်းနေရတာ ကြာလာတော့ စိတ် ကျဉ်းကျပ်မိ၏။ ဘယ်လိုနေရာမျိုးရောက်နေမှန်းတောင် ကိုယ့်ကို ကိုယ် မသိခဲ့ပေ။ ဦးမာန် ရောက်လာတာတွေ့တာနှင့်မုဒြာ ဝမ်းသာ သွားမိ၏။

"ညနေကျရင် ဦးမောင် လာခေါ်လိမ့်မယ် မုဒြာ"

"ရှင်"

ရောက်ရောက်ခြင်း ပြောလိုက်သော ဦးမာန်၏စကား ကြောင့် မုဒြာမျက်နှာလေး ညှိုးကျသွားသည်။ ရစ်ဝိုင်းလာသော မျက်ရည်စတို့ကို မျက်တောင်လေးဖြင့် ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း အပေါ်ထပ်သို့ ပြေးတက်သွားသည်။ မုဒြာ မသွားချင်ဘူးဆိုတာ သူ သိသည်။ သူ ဘာလုပ်ပေးလို့ရမှာလဲ။

ခြေပစ်လက်ပစ်ဖြင့် ဆိုဖာမှာခပ်လျော့လျော့မှီရင်း ငြိမ်သက် စွာထိုင်နေမိ၏။ အတွေးတို့ကတော့ ယောက်ယက်ခတ်နေသည်။ မင်းကို ငါဒီမှာထားချင်ပါတယ် မုဒြာရယ်။ ဒါပေမဲ့ ... မိုးမြင့်သခင်ဆို တဲ့ မိန်းမတစ်ယောက်ရဲ့ ရင်ထဲမှာ ခံစားချက်တွေ နာကြည်းမှုတွေ အုံဖွဲ့နေမှာအမှန်ပဲ။ သူ့ကိုကြောက်လို့တော့မဟုတ်ဘူး။ သူ အငြိုး





တကြီး ပစ်လွှတ်လိုက်မယ့် ပစ်မှတ်ဟာ မင်းအတွက် မဖြစ်စေချင် လို့ပါ မုဒြာရယ်။

"တီ ... တီ ... တီ"

ဖုန်းမြည်သံကြောင့် မာန် ဆတ်ခနဲဖြတ်သွားကာ ဘောင်းဘီ အိတ်ထဲမှ နှိုက်ယူလိုက်သည်။

"မာန်"

"ပြော"

မိုးမြင့်သခင်ဟု သိလိုက်တာကြောင့် ခပ်ပြတ်ပြတ်မေးလိုက် သည်။

"ဘာလဲ မာန်ရဲ့ ... ကိုယ့်ယောက်ျားဆီ သတိရလို့ဖုန်းဆက် တာ မဆက်ရတော့ဘူးလား"

"မင်း ဘာပြောချင်လဲ ပြော ... "

"ဟင်း ... ဟင်း အဲဒီအသံလေးတွေ မကြားရတာကြာလို့ နားထောင်ချင်တာလည်းပါတယ်၊ ရှင့်ရင်ထဲမှာ မိုးမရှိဘူးဆိုတာ လည်း သိတယ်၊ ဒါပေမဲ့ ... ရှင့်ဘဝမှာတော့ မိုးရှိတယ်ဆိုတာ မေ့ နေမှာစိုးလို့၊ ရှင်က မိုးကိုတင်မဟုတ်ဘူး၊ ဘယ်မိန်းကလေးမှ စိတ် မဝင်စားတတ်တာမို့ မိုးစိတ်ချတယ်"

မာန်တ ဒေါသဖြစ်စွာ ဖုန်းကိုပိတ်လိုက်ရင်း တက်တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်လိုက်မိသည်။ ထိုတက်ခေါက်သံကို မှုအြာအိမ်ပေါ်က ကြားလိုက်ရတာမို့ ကိုယ်ကလေး တွန့်သွားရပါသည်။

ဘာတွေ ဒီလောက် ဒေါသဖြစ်နေရတာလည်း ဦးမာန်ရယ်။

❀❀❀

အခန်း ( ၁၈ )

ဦးမောင် ဆေးရုံက ဆင်းမည်ဆိုတာသိသော မိုးကလည်း စောင့်ကြည့်နေမည်မှာမလွဲ။ မလာသေးသောသူကို စောင့်မျှော်နေရတာ မော်လှ၏။ ခုနစ်နာရီလောက်မှ ဦးမောင် ရောက်လာသည်။ သွားရမယ်ဆိုတာကို သိနေသော်လည်း မှုအြာအောက်ကို တစ်ချက်ကလေးမှ ဆင်းမလာခဲ့။

"မှုအြာ ... မှုအြာ ဦးမောင်ရောက်နေပြီ"

မာန်က တံခါးခေါက်ရင်း အခါခါခေါ်နေသော်လည်း သူမထံမှ ရှိုက်သံသဲ့သဲ့လေးသာ ထွက်လာခဲ့သည်။ သူမနည်းတူ မာန်လည်းပဲ ခံစားရသည်။ မဖြစ်နိုင်သည့် အခြေအနေမို့သာ သူခေါ်မထားတာ ဖြစ်၏။ ထို့နောက် တံခါးလည်းမဖွင့်၊ ထွက်လည်းမလာနောက်ဆုံး သူလက်လျှော့ကာ အောက်သို့ပြန်ဆင်းလာခဲ့သည်။ ဦးမောင်က မာန့်ကိုလှမ်းကြည့်ရင်း ဘယ်လိုလဲဟူသောသဘောဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မေးဆတ် ပြလိုက်သည်။

"ဘယ်လိုမှ ခေါ်လို့မရဘူးဦးမောင် ... ရှိုက်သံကလွဲလို့ သူ ဘာမှပြန်မပြောဘူး"

"ဒါဆိုရင် နေပါစေမာန် ... မင်းဆီမှာဆိုလည်း သူ့ဘဝလေး လုံခြုံပါတယ်၊ မင်းရော လက်ခံထားနိုင်ပါ့မလား"

သူ ဘာပြောရမှန်းမသိ။ အမှန်တကယ် လက်ခံထားချင်ပေမယ့် မိုး၏ရန်က ကြောက်ရသည်။

"သူ နေချင်တယ်ဆိုရင်တော့ ကျွန်တော် လက်ခံထားပေးရမှာပေါ့ ဦးမောင် ... ဒါပေမဲ့ မိုးအကြောင်းကို ဦးမောင် သိပါတယ်"

"မင်းအတွက် ခက်ခဲနေမယ်ဆိုတာ သိတယ်မာန်၊ ဒီလိုဆို မုဒြာကို ဖွင့်ပြောလိုက်ရင် မကောင်းဘူးလား"

"သူ့ကို မသိစေချင်ဘူး ဦးမောင် ... ကဲပါလေ ဦးမောင် စိတ်အေးလက်အေးသာပြန်ပါ၊ မုဒြာကို ကျွန်တော် လက်ခံထားပေးပါ့မယ်၊ ဖြစ်လာမယ့် ပြဿနာကို ကြည့်ရှင်းရမှာပေါ့ ကျွန်တော် ရင်ဆိုင်ပါ့မယ်"

မာန့်ကို အားနာပေမယ့်လည်း မုဒြာက မလိုက်ချင်သည့်အတွက် ဘယ်လိုမှ မတတ်နိုင်။ ထို့ကြောင့် မာန်နှင့်ပင် စိတ်ချစွာ ထားရစ်၍ ဦးမောင် ပြန်သွားခဲ့တော့သည်။





မခေါ်ဘဲထားလျှင် ဘယ်တော့မှ အောက်ဆင်းလာမလဲ မသိ။ ဒါပေမဲ့ ... သူ မနေနိုင်။ တစ်ယောက်တည်းငိုနေရှာသော မုဒြာကို မကြည့်ရက်ခဲ့။ ဦးမောင် မခေါ်ဘဲထားခဲ့တာကိုလည်း ကျေနပ်သလိုလို ရှိသည်။ အပေါ်ထပ်သို့ တက်ကာ မုဒြာအခန်း တံခါးကို ခေါက်လိုက်သည်။

"မုဒြာ ... မုဒြာ ကိုယ့်ကို ခဏလောက် တံခါးဖွင့်ပေးပါဦး၊ ဦးမောင်လည်း ပြန်သွားပါပြီ၊ မုဒြာကို ဒီမှာပဲဆက်ပြီး စောင့်ရှောက်လိုက်ပါတဲ့၊ ဦးမောင်က မင်းကို တောင်းပန်ချင်လို့ ထိုင်စောင့်နေတာ ဘာဖြစ်လို့ ဆင်းမလာတာလဲ"

ဒီတော့မှ မုဒြာ တံခါးလေး အသာဟပြီး ...

"ဦးမာန် ... မုဒြာကို ဒီမှာ တကယ်ပဲထားမှာနော်"

သူ ခေါင်းညိတ်ပြတော့ မုဒြာ မျက်နှာလေး ပြုံးသွားသည်။ ထိုအပြုံးက သူ့ရင်ထဲမှာ လှပ်ခနဲ ဖြစ်သွားစေ၏။

"ဦးမာန် မုဒြာ ဦးဥက္ကာမောင်ဆီမှာ မနေချင်တာ မမကို သတိရနေမှာစိုးလို့ပါ"

ကိုယ့်ကိုလည်း ပစ်မသွားရက်တာမလားလို့ မေးချင်ပေမယ့် မမေးရက်ပါ။ ဘာမှမသိရှာသော မုဒြာကပြောပေမယ့် ကိုယ်အပြစ် ကိုယ်မလုံချင်။ တကယ်တမ်း မိန်းမရှိပြီး ခွဲနေကြတာကို မုဒြာမသိ။



www.burmeseclassic.com

www.burmeseclassic.com



သိလည်း မသိစေချင်။ ဝင်းပသွားတဲ့ မုဒြာမျက်နှာလေးကိုသာ စိုက်ကြည့်၏။ မာန်ပြုံးလိုက်သည်။

သိပ်လှတဲ့ မိန်းကလေးတွေ တွေ့ဖူးပေမယ့် သူ့ရင်မခုန်ခဲ့။ သူမနှင့်ကျမှ ဘာဖြစ်လို့ ဒီလောက်ရင်တွေခုန်နေရတာလဲ။ ငါ့စိတ်တွေ မထိန်းနိုင်ရင် ... ခက်တော့နေပါပြီ ကုမုဒြာရယ်။

***

"ဦးမာန် ထမင်းစားမယ်မလား မုဒြာ ပြင်လိုက်မယ်နော်"

မာန် ခေါင်းညိတ်ပြလိုက်တော့ မုဒြာ ပျော်သွားသည်။ မာန်၏ဘဝတွင် ဒီလိုယုယကြင်နာမယ့်သူမရှိ၊ မုဒြာ၏ ပြုစုမှုမှာ မာန်ကြည်နူးနေမိသည်။ မိုးမြင့်သဇင်ကတော့ သူ့အတွက် ဒီလိုဘယ်တော့မှ မလုပ်ပေးတတ်။ အိမ်ဖော်များနှင့်သာ စေခိုင်းတတ်သည်။ ဒါပေမဲ့ လက်ထပ်ပြီးကတည်းက တလွဲစီနေခဲ့ကြတာမို့ အတူတူနေဖြစ်ခဲ့လျှင်လည်း လုပ်ပေးမယ်ဆိုသည်မှာ တစ်ထစ်ချ မပြောတတ်။

"ခွမ်း"

"အား"

"ဟင် ... မုဒြာ ဘာဖြစ်တာလဲ"





စိုးရိမ်မှုကြောင့် မုဒြာဆီအပြေးရောက်သွားသည်။ ဟင်းချိုပန်းကန်ကိုကိုင်လာသော မုဒြာသည် ပန်းကန်လွတ်ကျကာ ခြေထောက်ပေါ် အပူလောင်တော့သည်။

"တော်တော်များသွားလား ... ဆေး ... ဆေး ..."

တစ်ယောက်တည်း ဦးမာန် ဗျာများနေသည်။ မုဒြာမှာ ပူလွန်းအားကြီးတာကြောင့် အောက်မှာ ထိုင်ချလိုက်တော့သည်။

"အား ... ပူလိုက်တာ ဦးမာန်ရယ်"

"ဒါကြောင့် မလုပ်ပါနဲ့လို့ ပြောတာပေါ့"

မာန်က မထနိုင်သော မုဒြာကိုယ်လေးကို မချီပြီး ဧည့်ခန်းဘက်သို့ ပွေ့ချီလာခဲ့သည်။

"ဦးမာန်ရယ် အားနာလိုက်တာ ကန်တော့နော် ကန်တော့"

မုဒြာ စိတ်ထဲမှာတော့ ဘယ်လိုနေလည်းမသိ၊ မာန်၏ရင်အစုံကတော့ ခုန်နေရပြန်၏။ အပူလောင်သွားသော ခြေထောက်ကို ဆေးလိမ်းပေးတော့လည်း အားနာနေသော မုဒြာက အတင်းငြင်း နေသည်။

"ဦးမာန် ရတယ် ... ရတယ် ..."

မုဒြာကသာ ပြောနေတာ မာန်ကတော့ ဆေးလိမ်းလို့ပြီး သွားခဲ့သည်။

www.burmeseclassic.com



"ကဲ ... မုဩ မင်း ဒီမှာပဲ အေးအေးဆေးဆေးနေ၊ ဦးလူလေးလည်း ခေါ်မနေတော့ပါဘူး၊ ကိုယ့်ဘာသာပဲ ရှူးလိုက်တော့မယ်"

ဒီလိုကျပြန်တော့လည်း ဦးမာန်ကို မုဩ အားနာမိသည်။ သူများအိမ်မှာနေပြီး ဒီအလုပ်လေးတစ်ခုတောင် ဖြစ်မြောက်အောင် လုပ်မပေးနိုင်သည့် ကိုယ့်ကိုကိုယ် ဒေါသဖြစ်မိသည်။

"ရပါတယ် ဦးမာန်ရယ် ... မုဩ လုပ်နိုင်ပါတယ်"

မုဩက အပူလောင်တာကို သတိမထားတော့ဘဲ ချက်ချင်း မတ်တပ်ထရပ်လိုက်သည်။

"အား"

သူမအသံလေးကို မာန်ကြားမှာစိုးတာကြောင့် ပါးစပ်ကို လက်ဝါးဖြင့် လှမ်းပိတ်လိုက်သည်။ ထိုအတူ လူကလည်း တဆက်တည်း ဆိုဖာပေါ် ပြန်ထိုင်ကျသွားရ၏။ ဦးမာန်ကလည်း တွေ့ဖြစ်အောင်တွေ့သည်။

"ခြေထောက်က အရမ်းနာနေရင် ကိုယ် ဆရာဝန်ခေါ်ပေးမယ်လေ"

"ဟင့်အင်း ... ရပါတယ် ဦးမာန်၊ ဆေးလိမ်းထားတာပဲ သက်သာသွားမှာပါ"





ပြောရင်းဖြင့် မုဩထရပ်လိုက်သော်လည်း ခြေထောက်ဒဏ်ဆုကြောင့် ယိုင်နဲ့သွားသော သူမကိုယ်လေးက မာန်၏ရင်ခွင်ထဲသို့ ကျသွားရာ မာန်က အလိုက်သင့်လေး ဆီးပွေ့လိုက်မိသည်။

"အို"

သူမမျက်နှာလေး ရဲခနဲဖြစ်သွားကာ မာန်၏ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။ သို့သော် မာန်က လွှတ်မပေးသည့်အပြင် တင်းကျပ်စွာ ဖက်ထားခဲ့၏။

"မရုန်းပါနဲ့တော့ မုဩရယ်"

"ဟို ... ဖယ်ပါ ဦးမာန်"

"ကိုယ့်ဘေးနားကနေ မင်းကို ဘယ်မှ မသွားစေချင်တော့ဘူး မုဩ"

"ရှင်"

"ဟုတ်တယ် မုဩ ... ကိုယ့်ရင်ထဲမှာ သိမ်းဆည်းထားသမျှတွေ မခံစားနိုင်တော့ဘူး၊ ဖွင့်မပြောတော့ဘူးလို့ ရည်ရွယ်ထားခဲ့သမယ့် မင်းလိုသိပ်ပျော့တဲ့ကောင်မလေးတစ်ယောက်နဲ့ အတူရှိနေတဲ့ ကိုယ့်ရင်ခုန်သံတွေဟာ ထိန်းသိမ်းလို့မရတော့ဘူး"

ဦးမာန်၏ မျက်ဝန်းတွေ ပြောင်းလဲသွားခဲ့တာကို မုဩနားလည်လိုက်ခဲ့တာကြောင့် မျက်ဝန်းလေးတွေဝိုင်းပြီး ပါးပြင်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေ နီရဲလာရသည်။

"မုဒြာ မင်းကို ကိုယ်လက်ထပ်ချင်တယ်"

"ရှင်"

အံ့သြမှုတွေနှင့်အတူ ရင်ခုန်သံတွေပါ မြန်ခဲ့တာကြောင့် မဖြစ်နိုင်သော အခြေအနေမို့ မုဒြာ ခေါင်းခါလိုက်မိသည်။

"ဟင့်အင်း မဖြစ်နိုင်ပါဘူး ဦးမာန်"

ဘဝချင်း ကွာခြားလှသော ဦးမာန်၏တောင်းဆိုမှုကြောင့် သူမ အတင်းငြင်းဆိုမိသည်။

"မုဒြာလို မိဘမဲ့တစ်ကောင်ကြွက်ဘဝနဲ့ အခြေအနေမရှိဘဲ ခိုကိုးရာမဲ့နေတဲ့ သူတစ်ယောက်က ဦးမာန်လိုလူမျိုးနဲ့မတန်ပါဘူး ဦးမာန်ရယ်"

ဦးမာန်က သူမ၏နှုတ်ခမ်းလေးကို အတင်းကာလိုက်သည်။

"ဒါတွေ မပြောပါနဲ့မုဒြာ၊ မင်းကို ကိုယ်တကယ်ချစ်တာပါ မင်းဘဝလေးကို ကိုယ်စောင့်ရှောက်ပေးချင်တယ်"

"ဟင့်အင်း … ဖယ်ပါ ဦးမာန်ရယ်"

မုဒြာက သူ့ရင်ခွင်ထဲမှ အတင်းရုန်းထွက်နေပေမယ့် မာန်က မလွှတ်။ ပို၍တင်းကျပ်စွာ ဖက်ထားခဲ့တာကြောင့် သူမကိုယ်လေး မာန့်ရင်ခွင်ထဲမှာ နစ်မြုပ်နေခဲ့သည်။





"မငြင်းပါနဲ့ ကလေးရယ်"

"ဦးမာန်ရယ် ဟို … မုဒြာလေ … "

သို့သော် မာန်ကနောက်ထပ် သူမနှုတ်ခမ်းလေးတွေကို စကားထပ်ပြောခွင့်မပေးတော့။ ဖွတ်တရှတ်ဆန်သော သူ့အနမ်းများက မုဒြာ၏အရိုင်းစိတ်ကလေးကို ထိတ်လန့်တုန်လှုပ်ခဲ့သည် သာမက ရင်ခုန်သံတွေပါ ဆူညံလွှန်ကဲသွားခဲ့ရလေသည်။

ညို့းသူကိုမှ ညို့ယူသည်ဟုလည်း မထင်ပါနဲ့ ကလေးရယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

"ကျွန်တော်တော့ မုဒြာကို လက်ထပ်ခွင့်တောင်းလိုက်မို ဦးမောင်"

ဦးမောင်မှာ ဘယ်လိုမှ မအံ့ဩသည့်အပြင် မာန့်ဘက်က အပြည့်အဝ ထောက်ခံခဲ့သည်။

"ဒါလည်းဖြစ်သင့်တာပဲမာန်၊ မင်း မုဒြာကိုချစ်သွားမယ်





တာ ဦးမောင် ထင်နေပါတယ်၊ မုဒြာက မင်းအတွက် ဖြူစင်သန့်ရှင်းတဲ့ ပန်းလေးတစ်ပွင့်ပါ"

"အဲဒါကြောင့်ပဲ ဦးမောင် ... ကျွန်တော်က မိန်းမရှိပြီးသားဆိုတော့ ... "

"ဘာမှမဆိုင်ဘူး မာန်၊ မင်းနဲ့မိုးကလည်း တရားဝင်လက်ထပ်ထားပေမယ့် ယူပြီးကတည်းက ခွဲနေကြတာပဲ၊ တစ်ခါတစ်ခါ ဦးမောင်တောင် မင်းနဲ့မိုးကို လင်မယားလို့ မသတ်မှတ်မိတော့ဘူး"

"ဦးမောင် အကောင်းဆုံးကတော့ မိုးဆီက ကွာရှင်းဖို့ကို တောင်းဆိုချင်တယ်"

"ဦးမောင် သဘောဆိုရင်တော့ ဒီလောက်နှစ်တွေကြာပြီးမှ သဘောထားမတိုက်ဆိုင်ကြတာ ကွာရှင်းဖို့ဆိုတာဖြစ်နိုင်တယ်၊ အဲ ဦးမောင် မင်းကို မြှောက်ပင့်ပေးတာ မဟုတ်ဘူးနော်၊ မင်းလည်း မင်းချစ်တဲ့သူကိုရှာ မိုးလည်း သူ့ကိုချစ်မယ့်သူကို ရှာစေချင်တယ်"

သူ့ရှေ့သို့ ဦးမောင် တွန်းပေးလိုက်သော ဝိစကီဖန်ခွက်လေး ကို လှမ်းယူပြီး တစ်ကျိုက်မော့သောက်လိုက်သည်။ ရှုံ့မဲ့သွားသော မာန်၏မျက်နှာက လက်ကျန်ဖန်ခွက်လေးကို ကုန်စင်အောင်မော့ချပစ်လိုက်ပြီး ဖန်ခွက်ကိုပြန်ချထားလိုက်သည်။

"ဦးမောင် ကျွန်တော်ပြန်တော့မယ်"



www.burmeseclassic.com

“မင်းတစ်ယောက်တည်း ဖြစ်ပါ့မလားမာန်၊ ဦးမောင်လိုက်ပို့ပေးမယ်”

“ရတယ် ဦးမောင်”

စိတ်ရှုပ်ရှုပ်နှင့် သောက်လိုက်ပြီး မူးသွားတာကြောင့် ခေါင်းထဲမှာ ရီဝေဝေဖြစ်၍ တစ်ချက်တစ်ချက် မိုက်ခနဲဖြစ်သွားရ၏။ ကားကိုလည်း သတိကြီးစွာ မောင်းခဲ့ရင်း အိမ်သို့ရောက်လာခဲ့သည်။ ဦးလူလေး ဖွင့်ပေးသော ခြံဝင်းထဲသို့ရောက်တော့မှ မျက်လုံးတွေက ပိုပြီး လေးလံလာသည်။

သူ့အလာကို စောင့်နေသော မုဒြာက တံခါးလာဖွင့်ပေးရင်း တိုးဝင်လာသော အရက်နံ့ကြောင့် မျက်နှာလေးပျက်သွား၏။ ဒါကို သူကလည်းသိသည်။ ထို့ကြောင့် မုဒြာကို အနားသို့ အလာမခံပါ။

“ဦးမာန် ... ဦးမာန် အရက်တွေသောက်လာတယ်”

“ဟုတ်တယ် မုဒြာ ... နည်းနည်းလေးပါ၊ အရက်က အဲဒီလောက် မမူးခဲ့ပါဘူး၊ အချစ်ကြောင့် ပိုမူးနေတာ၊ သွား ... သွား မုဒြာ ရတယ် ... ”

သူက ရတယ်ဆိုပေမယ့် မုဒြာက မရ၊ သူ၏လက်မောင်းကို လာတွဲခေါ်သည်။ မုဒြာမှာ သူလက်ထပ်ခွင့်တောင်းတာကို အဖြေမှမပေးရသေးသည့်အတွက် စိတ်ညစ်ပြီး သောက်တယ်ဟု ထင်နေပုံရသည်။





အပေါ်ထပ်တက်ရန် လှေကားဘက်သို့ တွဲခေါ်ရင်း ...

“ဦးမာန်ရယ် နောက်မသောက်ပါနဲ့နော်”

“မုဒြာ ကိုယ့်ကိုကြောက်နေလို့လားဟင်၊ မကြောက်ပါနဲ့ ကလေးရယ်”

မုဒြာ ကြောက်လို့တော့ မဟုတ်ပါ။ အရက်သမားဆိုလျှင် မုဒြာမုန်းသည်။ ဒါပေမဲ့ တစ်ခါတလေ စိတ်ညစ်လို့ သောက်မိသည့် ဦးမာန်ကို မုဒြာ အပြစ်မယူရက်ပါ။

“မုဒြာ”

မုဒြာကား လက်ကိုတွဲထားရင်းမှ သူ့ကိုမော့ကြည့်လိုက်သည်။

“မုဒြာရယ် မင်းသိပ်လှတာပဲ မင်းတကယ်ကို ဖြူစင်ပါတယ်”

လှချင်တိုင်းလှနေသော မုဒြာ၏ ပခုံးလေးနှစ်ဖက်ကို ဆွဲယူလိုက်ပြီး မျက်နှာလေးကို စေ့စေ့ကြည့်၏။ နဖူးပြင်လေးနားကို နမ်းလိုက်သည်။ ထို့နောက် သူမပခုံးလေးထက်မှ သူ့လက်တွေ တဖြည်းဖြည်း ဖြေချလိုက်ရင်း ...

“မုဒြာ သွားအိပ်တော့နော်၊ ကိုယ် ဒီမှာပဲအိပ်လိုက်တော့မယ်”

ကြောက်ရွံ့စွာ မော့ကြည့်နေသော မုဒြာကိုယ်လေးက



www.burmeseclassic.com

www.burmeseclassic.com



ချက် ချင်းပင် အပေါ်သို့ ပြေးတက်သွားသည်။ လေကားတစ်ဝက် လောက်ရောက်တော့မှ သူမ ခြေလှမ်းတွေကို တုန့်ခနဲ ရပ်လိုက်ရင်း ဦးမာန်ကို သူမ ဒီလိုထားခဲ့လို့ ကောင်းပါ့မလားဟု အတန်တန် စဉ်းစားပြီးမှ အောက်ဘက်သို့ ပြန်ဆင်းလာခဲ့သည်။ ဦးမာန်ကား ဆိုဖာခုံကြီးပေါ်မှာ လှဲနေရင်း တစ်ယောက်တည်း ပြောချင်တာ ပြောကာ ရေရွတ်နေသည်။

"မုဒြာ ... မုဒြာရယ် မင်းကို သိပ်ချစ်တယ်၊ ကိုယ့်အပြစ်တွေ အတွက် ခွင့်လွှတ်ပါ မုဒြာရယ် ... ကိုယ့်ကို တစ်ယောက်တည်းပစ် ထားပြီးတော့လည်း မင်းဘယ်မှ ထွက်မသွားပါနဲ့ ကလေးရယ်"

ကြားလိုက်ရသော ဦးမာန်စကားကြောင့် တွေတွေလေး ကြည့်နေမိ၏။ အသနားခံပြောနေရှာသော ဦးမာန်၏ နှုတ်ဖျားမှ စကားတွေ၊ မုဒြာ၏ဘဝလေးကို ကယ်တင်ပေးခဲ့သော ကျေးဇူးရှင် တစ်ယောက် ပညာတက် ချမ်းသာကြွယ်ဝတဲ့ ဦးမာန်ဟာ ဘာ အဆင့်အတန်းမှမရှိသော မုဒြာကိုမှ လက်ထပ်ချင်ခဲ့သည်။ တကယ် တမ်း မုဒြာရင်ထဲမှာ တာရာပဲရှိသည်။ သူမတို့နှစ်ယောက်၏ သံ ယောဇဉ်က အနေဝေးနေပေမယ့်လည်း စိတ်ချင်းကတော့ နီးနီး လေးမှာပဲဖြစ်သည်။ တာရာကို သူမ သတိရနေသော်လည်း ခုချိန် မှာ ဦးမာန် ခံစားနေရသည့် ရင်ထဲက ဝေဒနာတွေကို မကြည့်ရက် တော့ပါ။





"ခွင့်လွှတ်ပါ တာရာရယ်လို့" ရင်ထဲမှ ဖွဖွပြောရင်း တောင်း ပန်မိသည်။ ခုချိန်မှာ သူမဘဝလေး ငြိမ်းချမ်းစွာနှင့် အရိပ်ကောင်း တစ်ခု ရလာခဲ့တာကြောင့် ကျေးဇူးရှင် ဦးမာန်ကို မုဒြာ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်သည်။

❀❀❀

"မုဒြာ မင်းတကယ်ပြောတာလား၊ ကိုယ်ပျော်လိုက်တာ ကလေးရယ်၊ ဒါပေမဲ့ ကျေးဇူးရှင်တစ်ယောက်ဆိုတဲ့ အနေနဲ့တော့ မင်းစိတ်ထဲမှာ မဆုံးဖြတ်စေချင်ဘူး"

မုဒြာက သူ့ကို ဘာမှမပြောဘဲ ပြုံးနေသည်။ ထို့နောက် သူ့ လက်မောင်းကို ဆုပ်ကိုင်၍ ...

"ဦးမာန် နောက်ဆိုရင် မုဒြာကို အပြင်ပေးထွက်မှာလား ဟင်"

"ဘာကိုပြောတာလည်း မုဒြာ"

"ဦးမာန် အလုပ်သွားတိုင်း မုဒြာကို အပြင်မထွက်နဲ့ အမြဲ တမ်းမှာခဲ့တယ်မလား၊ အခု ဦးမာန်သွားရင် မုဒြာလည်း လိုက်လို့ ရပြီပေါ့နော်"



www.burmeseclassic.com

"မုဒြာရယ် ကိုယ်ခေါ်ပါ့မယ် ... အချိန်မကျသေးလို့ပါကွာ"

မုဒြာကို ချော့ပြောရပြန်သည်။

"အချိန်မကျသေးလို့ဆိုတာ ဘာကိုပြောတာလည်း ဦးမာန်၊ ဒီကို စရောက်ကတည်းက မုဒြာ ဘယ်သွားရလို့လဲ၊ ခြံဝလေးသွားတာတောင် ဦးမာန်က ပိတ်ပင်ထားတယ်မလား"

"ကလေးရယ် ... အဲဒါက မင်းကို သိပ်ချစ်လို့ပါ"

နှစ်သိမ့်လိုက်ရပေမယ့်လည်း ဝမ်းနည်းကြေကွဲသံလေးနှင့်အတူ မုဒြာ၏ မျက်ဝန်းလေးရေတွေကို ငေးကြည့်ကာ သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားရသည်။ ချစ်လွန်းလို့ပါလို့ အထပ်ထပ်အခါခါ ပြောနေပေမယ့်လည်း ခြံဝနားတောင် မသွားခိုင်းခဲ့တဲ့ သူ့ကို ကြာလာသည်နှင့်အမျှ ယုံမှာတဲ့လား၊ မုဒြာစကားလေးတွေကြောင့် သူဘယ်လိုမှ ရှောင်ထွက်မရနိုင်။

"ဦးမာန် မုဒြာကိုသိပ်ချစ်လို့ စိတ်မချဘူးဆိုရင် လှောင်ချိုင့်လေးထဲ ထည့်ထားလိုက်ပါလား"

မုဒြာအပြောကြောင့် မာန့်ရင်ထဲ လှုပ်ခါသွားမိသည်။ မုဒြာက သူ့ကို အရွဲ့တိုက်ကာပြောနေသည်လား။ တကယ်လည်း မုဒြာကို သူစိတ်မချနိုင်ပါ။ ဘယ်မှမထွက်ခိုင်းဘဲ အိမ်ထဲမှာနေရသည့် သူမအဖြစ်က လှောင်ချိုင့်ထဲမှာနေရတာနှင့် ဘာမှမထူး။ စိတ်မကောင်းဖြစ်နေရှာသော မုဒြာကိုယ်လေးကို တင်းကျပ်စွာပွေ့ဖက်





ထားလိုက်မိသည်။ ရုန်းဖယ်ခြင်းမရှိသော မုဒြာမျက်နှာလေးအနှံ့ မြတ်နိုးစုံမက်စွာ နမ်းရှိုက်လိုက်သည်။

"မုဒြာ ညနေကျ အပြင်သွားမယ် အဆင်သင့်လုပ်ထားနော်"

ချစ်ရသူလေးအလိုကျ မာန်လိုက်လျောလိုက်မိသည်။ ဖြစ်လာမယ့်ပြဿနာမှန်သမျှ နောက်မှကြည့်ရှင်းမည်။ မုဒြာမျက်နှာလေး ချက်ချင်း ဝင်းပသွား၏။ သူ့အပေါ် မုဒြာ ဘယ်လောက်ချစ်လဲ တော့မသိ။ သူ့ရင်ထဲက အချစ်တွေကတော့ သူမအပေါ် ကျောက်စိုင်၊ ကျောက်ခဲတွေလို ခိုင်မာသည်။ သူများတကာတွေ ချစ်တယ်ဆိုတာထက်လည်း ပိုချစ်သည်။ သူများတကာတွေ ယုယထွေးပိုက်ချင်တယ်ဆိုတာထက် ပိုချင်၏။

သိပ်ချစ်တယ် ကုမုဒြာရယ်။ အချစ်ကို ကိုယ်တွေ့ဖူးသွားပါပြီ မုဒြာရယ် ... အချစ်ဆိုတာ အင်မတန်မှ နူးညံ့ပြီး သိမ်မွေ့တတ်တဲ့ ခံစားချက်သက်သက်ပါ။ ဒါကြောင့် ... မင်းနဲ့အတူ မျှဝေခံစားပါရစေ။

www.burmeseclassic.com

## အခန်း ( ၂၀ )

ရက်စတောရင့်ရဲ့ သီးသန့်ခန်းထဲမှ ထွက်လာသော လူနှစ်ယောက်ကိုတွေ့လိုက်ရသည်နှင့် တာရာခြေအစုံ အလိုလိုရပ်တန့်သွားမိ၏။ နှုတ်မှလည်း ဖွဖွလေး ခေါ်လိုက်မိသည်။

"မုအြာ"

မုအြာနှင့်အတူ လျှောက်လာသောသူမှာ တာရာသေချာမှတ်မိခဲ့သည်။ မမိုးနှင့် စကားအခြေအတင်များနေသော မမိုး၏ယောကျ်ား ငြိုးမာန်ဘွဲ့ဆိုတာ ဖြစ်၏။ ဒီလူနှင့်မှ မုအြာဘယ်လိုပတ်သက်နေလဲ၊ မရေရာသောအတွေးများနှင့်အတူ ငယ်ချစ်ဆိုသည့် သံယောဇဉ်ကြောင့် သူမကိုတွေ့တော့ အရမ်းပင်ဝမ်းသာသွားသည်။ ချက်ချင်းသွားခေါ်ချင်သော်လည်း ဘာမှန်းမသိသော အခြေအနေမှာ သူဘာလုပ်ရမှန်းမသိ။

"မုအြာ ဒီမှာခဏနေဦးနော်၊ ဟိုမှာ … ကိုယ့်သူငယ်ချင်းတွေ့





လို့ နှုတ်ဆက်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

အပြေးထွက်သွားသော ဦးမာန်နောက်ကျောကိုကြည့်နေခိုက် အနားသို့ လှစ်ခနဲ ရောက်လာသော ခြေသံနှင့်အတူ …

"မုအြာ"

"ဟင် … တာရာ"

မုအြာသည် သူ့ကိုတွေ့သည်နှင့် ဝမ်းသာမှုက မျက်နှာမှာပေါ်လွင်ကာ စကားတွေပင် ရှေ့ဆက်မရချင်တော့။

"တာရာ … တာရာရယ် ဝမ်းသာလိုက်တာ"

"ငါ … နင့်ကို အမြဲတမ်းစုံစမ်းနေတာပါမုအြာ၊ ငါ့ဝမ်းသာမှုက နင့်ထက်တောင် ပိုနေမှာပါ။ ငါ နင့်ကိုပြောစရာစကားတွေအများကြီးရှိတယ် မုအြာ"

"ငါလည်း နင့်ကိုပြောစရာတွေရှိတယ်၊ နင့်ကို သတိရနေတာပါ … နင် အခု ဒီမှာဘာလာလုပ်တာလဲဟင်"

"ငါသူ့ငွေးနဲ့လိုက်လာတာ၊ သူက ကားပေါ်ရောက်နေပြီ၊ အခု နင် ဘယ်မှာနေတာလဲ"

တာရာက မေးရင်းဖြင့် အပြင်သို့လည်တဆန့်ဆန့် ဖြစ်နေသည်။

"မြန်မြန်ပြော မုအြာ၊ အချိန်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဟို ... ဟိုလေ"

တကယ်တမ်း မုဒြာ ဘာဖြေရမှန်းမသိ။ သူမ ဘယ်မှာနေတယ်ဆိုတာ ကိုယ့်ကိုယ်ကိုတောင် သေချာမသိပါ။ တိုက်ကြီးနှင့် ခြံကြီးကိုသာ အမှတ်ရပေမယ့် အိမ်နံပါတ်မသိ၊ လမ်းနာမည်မသိ။

"နင်ဘယ်နေရာမှာနေတယ်ဆိုတာတောင် မသိဘူးလား မုဒြာ"

"ဟင့်အင်း"

ကြာနေသည့်အတွက် မမိုး ဒေါကန်နေပြီလားမသိ။ အပြစ်ပြောလည်း ငြိမ်ခံရုံပဲရှိသည်။ မုဒြာ၏ လက်ဖဝါးလေးနှစ်ဖက်ကို တာရာ ဆုပ်ကိုင်လိုက်ရင်း ...

"ဒါဆို စောစောကထွက်သွားတဲ့လူအိမ်မှာလား"

"ဟုတ်တယ်"

"နင် သိလို့လား"

"မဟုတ်ပါဘူး ... မြင်ဖူးသလိုရှိလို့"

မှသားစကားကို ဆင်မြန်းရင်း မုဒြာမျက်နှာလေးကို သေချာကြည့်နေမိသည်။ အရင်ကနှင့်တောင် မတူတော့ဘဲ အလှကြီးလှနေခဲ့၏။ လက်ဝတ်ရတနာများကလည်း တစ်ကိုယ်လုံး ပြည့်စုံနေသည်။ စင်းစင်းအိအိဆံပင်လေးများက မျက်နှာပေါ် အရင်လိုကျမနေတော့ဘဲ သပ်ရပ်စွာဖြင့် အနောက်တွင် ခပ်မြင့်မြင့်လေးစီးထား





ကာ နားသယ်ဘေးဆံစလေးများက ကပိုကရိုလေးကျနေသည်။ ပြောင်းလဲသွားခဲ့သော မုဒြာကို သူကြည့်လို့မဝနိုင်အောင် အချိန်ကြာငေးနေမိခဲ့သည်။

"မုဒြာ နင့်ကို ငါလာရှာမယ်သိလား၊ သူဌေး စောင့်နေမှာစိုးလို့ ငါသွားတော့မယ်"

ငြိုးမာန်ဘွဲ့နှင့်လာခဲ့သော မုဒြာကို စုံစမ်းရန်မခက်ခဲတော့။ ရင်ထဲမှာ ဝမ်းသာ ဝမ်းနည်းစိတ်ကြောင့် မျက်လုံးထဲလှိုက်တက်လာသည့် မျက်ရည်ကြည်တွေကို မမိုးမြင်မှာစိုးတာကြောင့် ကမန်းကတန်း သုတ်လိုက်မိသည်။ ဝမ်းသာလွန်း၍လည်း တစ်ကိုယ်လုံးတောင် တုန်ရင်နေလေသည်။ မျှော်လင့်မထားဘဲ တွေ့လိုက်ရတာကြောင့် စကားတွေ အများကြီးမပြောလိုက်ရသေး။ ငြိုးမာန်ဘွဲ့ဆိုသော လူနှင့်တော့ မုဒြာ ဘယ်လိုပတ်သက်နေခဲ့လဲမသိ။

"ကြာလှပြီလား တာရာ ... ဘာလုပ်နေတာလဲ"

မမိုး၏ မကျေနပ်သံက နားထဲဝင်လာသည်။

"ဟို အသိတစ်ယောက်နဲ့ စကားပြောနေလို့ပါ မမိုး"

"မင်း ... မမိုးအမျိုးသားကို တွေ့ဖူးတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"အခု ဒီဆိုင်မှာ မင်းတွေ့မိလိုက်သေးလား"

"ဗျာ ... ဟို မတွေ့ဘူး မမိုး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တယ်၊ မင်းတွေ့လိုက်မှာမဟုတ်ဘူး၊ သူက လည်း မတွေ့ဘူး ... မမိုးပဲတွေ့တာ"

မုဩအတွက် တာရာ လိမ်ညာပြောခဲ့လိုက်၏။ မမိုးအရိပ်ကို ခိုပြီးနေခဲ့ရပေမယ့် ဒီတစ်ခါတော့ မုသားကိုသာ သုံးလိုက်ရတော့ သည်။

"တာရာ မမိုးတစ်ကွက်နောက်ကျသွားတယ်သိလား၊ သူက ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားဘူးလို့ထင်ခဲ့တာ၊ အခု မာန်က ကောင်မလေးတစ်ယောက်နဲ့ ကြည်နူးနေလိုက်တာ၊ သူ့ဆီက မမိုး ဘယ်တုန်းကမှ အပြုံးတစ်ခုရယ်လို့ မရခဲ့ဖူးဘူး၊ ဒါပေမဲ့ ... မမိုး အပေါ် သူဘယ်လိုပဲ တုန့်ပြန် တုန့်ပြန် ခံနိုင်ရည်ရှိအောင်နေဖို့ ဆုံး ဖြတ်ထားပြီးပြီ"

မမိုးသည် နှုတ်ခမ်းကို ခပ်တင်းတင်းလေးဖိကိုက်ကာ တာရာကို ထပ်ရင်ဖွင့်ပြန်သည်။

"မမိုးကို သူဘယ်လောက်ပဲမုန်းမုန်း မမိုး သူ့ကို သိပ်ချစ်ခဲ့ တယ်၊ အချိန်တွေ ဘယ်လောက်ကြာလေလေ ချစ်လေကိုဖြစ်နေ ရတယ်၊ အခုတော့ သိပ်ပျော်နေတဲ့ မာန့်ကိုကြည့်ပြီး မမိုးသူ့အပေါ် ထားခဲ့သမျှ အချစ်တွေဟာ ခုတော့အားလုံးအရည်ပျော်ကုန်ခဲ့ပြီ မမိုးကိုတောင် ဂရုမစိုက်ဘဲ သူဖြစ်ချင်သလို သူလုပ်ချင်သလိုလုပ် နေပြီ၊ ဟင်း ဟင်း ... ဘယ်လိုမှ လုပ်ခွင့်မရှိစေရဘူး၊ သူ ဒီတစ်





သက် မမိုးကလွဲလို့ ဘယ်မိန်းကလေးကိုမှ ချစ်ခွင့်မရှိစေရသလို သူ့ရဲ့ နှလုံးသားကိုလည်း ဘယ်လိုမိန်းကလေးမျိုးမှ မရရှိစေရဘူး၊ အဲဒါ မမိုးရဲ့ ရင်ထဲကစကားပဲ"

မမိုး၏ ကြေကွဲဖွယ်ရာပြောလိုက်တဲ့ သံစဉ်လေးများက အေးစက်စက်နှင့်ဖြစ်ပေမယ့် သူမ၏မျက်ဝန်းများကတော့ စူးရှပြင်း ထန်၍ အငြိုးကြီးစွာ တောက်ပနေတော့သည်။

"ရှင့်ဆီက ဘယ်တုန်းကမှ မိုးဆီကိုစပြီး ဖုန်းမဆက်ဖူးဘူး နော်၊ အရေးကြီးတဲ့ကိစ္စထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ... "

"ဒါတွေမပြောဘဲ မင်း ငါပြောတဲ့စကားကို နားထောင်ပေး မှာလား ဒါပဲသိချင်တယ်"

"ဟင်း ဟင်း ဟင်း ... ရပါတယ် နားထောင်ပေးရမှာပေါ့"

ခနဲ့တဲ့တဲ့ ပြောလိုက်သော မိုး၏စကားကြောင့် မာန်ပြော မယ့်စကားတွေကို ကြိုများသိနေရော့သလား မသိပါ။

"မိုး ... မင်း ငါ့ကိုကွာရှင်းပေးပါ"

"ဘယ်လိုမာန် ... ဟင်းဟင်း ... မိုးကကွာရှင်းပေးရမယ် ဟုတ်လား၊ အင်း ... ရှင်းပါဦး၊ ဘာဖြစ်လို့လဲဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မိုး ... မင်းကိုရှည်ရှည်ဝေးဝေး မပြောနိုင်ဘူး၊ မင်းကို ကွာရှင်းပေးဖို့တောင်းဆိုတယ်၊ မင်းဆီကို လက်မှတ်ထိုးပြီး ပို့ပေးရမလား၊ မင်းလက်မှတ်ထိုးပြီး ငါ့ဆီပို့လိုက်မှာလား"

"အိုး ဟိုး ဟိုး ... နေပါဦး ကိုငြိုးမာန်ဘွဲ့ရဲ့ ... လောလှချည်လား၊ ဘာလဲ ... ကောင်မလေးငယ်ငယ်လေးကို ယူမှာမို့လို့ အရမ်းကို စိတ်လောနေတာလား"

မာန် ... "တောက်" ဟူသော အသံက ဖုန်းထဲမှ ပီပီပြင်ပြင် ကြားလိုက်ရပါ၏။

"သိပ်လည်း ဒေါသကြီးမနေပါနဲ့မာန်၊ ရှင့်ကို မိုးပြောထားတာ သတိရတယ်မလား၊ ရှင့်ကို မိုး ပိုင်ဆိုင်တယ်ဆိုတာလေ၊ မိုးက ပိုင်ပေမယ့် မဆိုင်ခဲ့ရပါဘူး၊ မိုးရင်ထဲမှာ အချိန်ကြာမြင့်စွာနဲ့ ရှင့်ဥပေက္ခာပြုတာကို ခံစားခဲ့ရတယ်၊ အခုတော့ ... မိုးခံနိုင်ရည်ရှိနေပါပြီ၊ တကယ်တော့ ... ရှင့်ဆီက မိုးရခဲ့တာတွေဟာ အချစ်တွေ မဟုတ်ဘဲ အဆိပ်တွေဖြစ်ခဲ့ရပေမယ့် အဲဒီအဆိပ်တွေကို ရှင်ကမြို့ချနိုင်းရင်တောင် မိုးက ကျေကျေနပ်နပ်နဲ့ မြို့ချမှာပါ ... အခုလည်း ရှင်တောင်းဆိုတဲ့စကားကို မိုးလိုက်လျောပေးပါ့တယ်၊ သိပ်ချစ်တတ်လွန်းတဲ့မိန်းမတစ်ယောက်ကို ရှင်မှမချစ်ခဲ့တာလေ၊ ဒါပေမဲ့ ချစ်ခဲ့မိတဲ့အချစ်တွေက ကြာလေ ကြာလေ ပိုပြီးချစ်တတ်လေဖြစ်လာခဲ့တယ်၊ အဲဒီလိုပိုချစ်တတ်လေ အချစ်တွေ ပြင်းထန်လေပဲ ... ပြင်း





ထွန်လွန်းတဲ့ အချစ်ဆိုတဲ့နောက်မှာ နာကြည်းမှုတွေကလည်း ရှင်သန်ခဲ့တယ်၊ ဒါကြောင့် မိုးအချစ်တွေ တအားများလေ နာကြည်းမှုတွေများလေ ဖြစ်တော့မှာမို့ မိုးက ရှင့်ဆန္ဒကို လိုက်လျောပေးမှာပါ"

ခံစားမှုတွေ ဖွင့်အန်ထုတ်ရင်း တခဏမျှ တိတ်ဆိတ်ပြီးနောက် ရယ်သံညင်းညင်းလေးနှင့်အတူ ...

"ဟင်း ဟင်း ... နောက်ဆုံးအနေနဲ့ ရှင်သိထားဖို့ကတော့ နော် အခု ရှင့်ကိုသိပ်ချစ်လို့ လိုက်လျောခဲ့တာမဟုတ်ဘူး၊ ရင်ထဲက နာကြည်းမှုတွေဟာ အဆပေါင်းများစွာ ခံစားလာရလို့ဆိုတာ ရှင်သိထားပါ"

သူမ ဖုန်းမချမီမှပင် မာန်၏တုံ့ပြန်သံက ဖုန်းကိုကျောက်ခဲနဲ့ ညှိအောင် ပစ်ချလိုက်သံပင်၊ ဝင်လာသောခြေသံနှင့်အတူ ပြန်လှည့်ထွက်သွားသော တာရာကို တွေ့လိုက်ရတာကြောင့် ...

"တာရာ လာပါကွ ... ဖုန်းပြောပြီးပါပြီ"

တာရာ ပြန်လှည့်ကာ မမိုး၏ ရှေ့တည့်တည့်ဆိုဖာမှာ ဝင်ထိုင်လိုက်သည်။

"ကိစ္စရှိလို့လား တာရာ ... "

"ကျွန်တော် အိမ်ခဏပြန်ချင်လို့ မမိုး"

"သွားလေ တာရာ ... နောက်ရက်ကျရင် မမိုးကိုကူညီရမယ့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေရှိတယ် သိလား”

“ဟုတ်ကဲ့ မမိုး”

မာန်က တစ်ခုပြီးတစ်ခု ရင်ထဲသို့ပစ်သွင်းခဲ့သည်မှာ ပန်းပွင့်ကလေးတွေမဟုတ်ခဲ့ဘဲ အဆိပ်လူးမြှားတွေပင်ဖြစ်ခဲ့ရ၏။ ဒီတစ်ခါတော့ မိုးအလှည့်ဆိုတာ ရှင့်ရင်ထဲမှာ သိထားပေတော့ ငြိုးမာန်ဘွဲ့ရှင် ... မိုးပစ်လွှတ်မယ့် အဆိပ်မြှားတွေကို ကြည့်ရှောင်ပေတော့။

❀❀❀

## အခန်း ( ၂၁ )

မမိုးပေးလိုက်သော ကွာရှင်းစာချုပ်ကို သိုင်းလွယ်ထားသော အိတ်အမဲလေးထဲထည့်ကာ ငြိုးမာန်ဘွဲ့ရှိရာသို့ တာရာ လာခဲ့သည်။ ငြိုးမာန်ဘွဲ့ ဒီအချိန်ဆို စက်ရုံမှာပဲ ရှိတတ်၏။ ဒါကို သိလျက်နှင့် မမိုးက အိမ်ကိုပဲ ပို့ရမည်ဟု ဆိုတာကြောင့် တာရာ ဘာတစ်ခွန်းမှ ငြင်းချက်မထုတ်ဘဲ ငြိုးမာန်ဘွဲ့အိမ်ရှိရာသို့ လာလိုက်၏။ ငြိုးမာန်ဘွဲ့နှင့်ပတ်သက်မှု တစ်ခုခုရှိနိုင်တဲ့မုဩာ၊ မုဩာကို သူတွေ့ချင်တွေ့နိုင်သည်။ ဒါကြောင့်လည်း မမိုးခိုင်းတာကို လက်သင့်ခံလိုက်တာဖြစ်၏။ သို့သော် ...

“တာရာ အစကတော့ မင်းကို သွားပေးခိုင်းမလို့ပါဘဲ၊ မင်းဝင်ပန်းနေမှာစိုးလို့ ဝင်းနိုင်ကို သွားပေးခိုင်းလိုက်မယ်”

“ရတယ် မမိုး ... ကျွန်တော် မပင်ပန်းပါဘူး၊ သွားလိုက်ပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... ဒါဆို ကားယူသွားလိုက် တာရာ"

"ဟုတ်ကဲ့"

မုဒြာကိုများတွေ့ခဲ့လျှင် သူဘာပြောရကောင်းမလဲ။ အရင်ဆုံး ဘာစမေးရမလဲ။ အရေးကြီးဆုံးက မုဒြာ ငြိုးမာန်ဘွဲ့ဆိုတဲ့လူနှင့် ဘယ်လိုပတ်သက်မှုရှိလဲဆိုတာကို အရမ်းသိချင်နေသလို အရမ်းလည်း တွေ့ချင်နေမိသည်။ မမိုး ရှေ့မှာ အမူအရာတွေမပြောင်းလဲအောင် ဂရုစိုက်ရင်း လှည့်ထွက်ခဲ့လိုက်သည်။ ငြိုးမာန်ဘွဲ့တို့ခြံကို ရံဖန်ရံခါ မမိုး ပြထားတာကြောင့် သိနှင့်နေ၏။

အပြင်ကကြည့်လျှင် မမြင်နိုင်လောက်အောင် လှပသော တံခါးကြီးတွေက မြင့်မားနေ၏။ ထိုခြံရှေ့မှာပင် ကားလေးကို ရပ်လိုက်သည်။

"တီ ... တီ ... တီ"

ခြံဝင်းတံခါးဆီမှ ဘဲလ်တီးသံ ဆူညံစွာ ထွက်လာသည်။ ထိုစဉ်မှာပဲ လူတစ်ယောက်စာ တံခါးလေးဖွင့်ကာ ဗလတောင့်တောင့် လူကြီးတစ်ယောက် ထွက်လာပြီး ...

"ဘာဖြစ်လို့ ဒီလောက်တောင် ဟွန်းတီးနေရတာလဲ"

"သြော် ... ကျွန်တော် အဘကို မတွေ့လိုက်လို့ပါ"

"ကဲ ... ပြော"

သူ အိတ်အမဲလေးကိုဖွင့်ပြီး လက်နှိုက်နေသည်။





"ဘာဘ ... ဘယ်သူလဲဟင်"

မေးသံနှင့်အတူ ကြည့်မိလိုက်တော့ မုဒြာ သူအရမ်းတွေ့ချင်မိတဲ့ မုဒြာ ... သူ့ဘဝအတွက် မုဒြာ။

"မုဒြာ ... "

"ဟင် ... တာရာ နင်ဘာလာလုပ်တာလဲဟင်၊ ငါ့ဆီလာတာမလား"

"ဟင့်အင်း ... ကိစ္စရှိလို့လာတာ၊ စောစောက နင်မေးသလို ငါကလည်း မေးရမယ် မုဒြာ ... နင် ဒီမှာဘာလာလုပ်နေတာလဲ"

"ငါလေ ... ဟို ... ဟို ... "

မုဒြာပြောမယ့် စကားလေးက အထစ်ထစ် အငေါ့ငေါ့ဖြစ်နေရ ၏။

"ငါ ဒီကိုရောက်နေတာ မေမေနဲ့မမ ဆုံးပြီးကတည်းကပဲ၊ ဒါပေမဲ့ ... ငါ့ကို ... ငါ့ကို ခွင့်လွှတ်ပါ တာရာ"

မျက်နှာလေး ညှိုးငယ်စွာပြောနေသော မုဒြာလက်ကလေးကို သူ ဆုပ်ကိုင်လိုက်သည်။ ခြံစောင့်လူကြီးက သူတို့နှစ်ယောက်၏ ရင်းနှီးမှုကို အံ့သြစွာ ကြည့်နေ၏။

"မုဒြာ ... ငါက ဘာကိုခွင့်လွှတ်ရမှာလဲ"

"ငါလေ ... ငါ ... "

"နင့်ကို ငါအမြဲတမ်း ခွင့်လွှတ်ပြီးသားပါ မုဒြာ၊ ဒါနဲ့ ပြောပါ



www.burmeseclassic.com

www.burmeseclassic.com



ဦး … နင် ငြိုးမာန်ဘွဲ့ဆိုတဲ့လူနဲ့ ဘယ်လိုပတ်သက်နေတာလဲ”

“ကောင်လေး အရမ်းမပြောနဲ့ မာန်က သူ့ဘဝလေးကို ကယ်တင်ထားတာ”

ဘဘက ကြားဝင်၍ ပြောပေး၏။ ဒါပေမဲ့ … ဘဘပုံစံက တာရာ တစ်ခုခုပြောမှာစိုးသည့်အလား တာရာမျက်နှာကို တကြည့်ကြည့် ဖြစ်နေသည်။

“ဟုတ်တယ်တာရာ … ဦးမာန် ကယ်တင်ထားလို့ ငါဒီလို ဘဝဖြစ်နေရတာ၊ နောက်ပြီး ငါ ဦးမာန်နဲ့ လက်ထပ်တော့မယ်”

“ဘာ … ”

တာရာ အံ့သြတကြီးဖြင့် မုဒြာမျက်နှာလေးကို စိုက်ကြည့်နေတာကြောင့် မုဒြာ ခေါင်းလေးငုံ့ချပစ်လိုက်၏။ မုဒြာ၏ လက်ကလေးနှစ်ဖက်ကို ဖျစ်ညှစ်ရင်း …

“မုဒြာ … နင်နဲ့ငါ နှလုံးသားချင်း နားလည်ခဲ့ကြတယ်နော်၊ တို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ချစ်တယ်လို့ မပြောခဲ့ကြပေမယ့် မျက်ဝန်းချင်းစကားပြောခဲ့တယ်လေ … သစ္စာထားခဲ့ကြတယ်လေ၊ ငါပြောခဲ့တဲ့စကားတွေဆို နင်ပျက်ရယ်ပြုလိုက်ပြီလား မုဒြာရယ် … အခု နင့်ရင်ထဲမှာ ငါ့အတွက် နေရာမရှိတော့ဘူးပေါ့”

“ဟင့်အင်း … ဟင့်အင်း တာရာရယ် … အဲလိုမဟုတ်ပါဘူး၊





ငါ ဒုက္ခရောက်နေတဲ့အချိန်မှာ ဦးမာန်က ငါ့ဘဝကို ကယ်တင်ခဲ့တယ်၊ နင့်ကို ငါမျှော်နေပါသေးတယ်တာရာ၊ နင် ငါ့ဆီကို ရောက်မလာခဲ့တဲ့ ကာလတွေမှာ သူက မယုံကြည်နိုင်လောက်အောင်ကို ဂရုစိုက်ခဲ့တယ်၊ သူက ငါ့ကို သိပ်ချစ်ခဲ့တယ်၊ ငါ့ကိုလက်ထပ်ခွင့်တောင်းတော့ ငါဘယ်ကိုငြင်းရမှာလဲ တာရာရယ်”

“မုဒြာရယ်”

နင့်ကို ငါဘယ်ကိုပြောပြရမှာလဲ၊ သူ့မှာအိမ်ထောင်ရှိတယ်ဆိုတာ ဒီလူက မပြောဘူးလား၊ ကွာရှင်းစာချုပ်ပေးလိုက်ပေမယ့် မမိုးက ဒီတိုင်းလက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး၊ နင့်အတွက် အရမ်းစိုးရိမ်တယ် မုဒြာရယ်။

“တာရာ … နင် ငါ့ကိုခွင့်လွှတ်တယ်မလားဟင်”

မုဒြာလက်ကလေးတွေကို ကိုင်ထားရင်းမှ ရင်နာစွာဖြင့် သူမ၏ ပခုံးသားနုနုလေးတွေကို ဖိညှစ်ဆုပ်ကိုင်ကာ …

“မုဒြာ နင့်ဘဝအတွက် ဒုက္ခရောက်နေချိန်မှာ အားကိုးရာရှာခဲ့ရတယ်ဆိုတာ ငါသိပါတယ် … ဒါပေမဲ့ … ”

ပြောမယ့်စကားက မုဒြာမျက်နှာလေးကိုကြည့်ရင်း ဘယ်လိုမှပြောမထွက်ခဲ့။ မျက်ဝန်းမှသာ မျက်ရည်တို့က ဖိတ်လျှံလုလု ဖြစ်နေတာကြောင့် …

“တာရာ ဒါပေမဲ့ ဘာဖြစ်လဲဟင် … ပြောပါ တာရာ၊ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



အဲလို မျက်ဝန်းတွေနဲ့ မကြည့်ပါနဲ့ တာရာရယ်၊ နင့်ကို ငါအရမ်းမျှော်လင့်ခဲ့တာပါ … ငါ နေသာနေရတာယ်၊ နင့်ကို အမြဲတမ်း သတိရနေတာပါ"

သူအချစ်ရဆုံး မုဒြာ မျက်ရည်ကျတာ သူမကြည့်ချင်။ အံ့သြမှုတွေ ဒေါသဖြစ်မှုတွေက မုဒြာမျက်နှာလေးကို ကြည့်ရင်းနှင့် စိတ်ချမ်းသာဖို့အတွက် မုဒြာရှေ့မှာ သူရပ်တည်ပေးရတော့မှာကို နားလည်လာလိုက်သည်။

မုဒြာရယ် ငါမျှော်လင့်ထားတာတွေ၊ ရည်မှန်းထားတာတွေဟာ ဒါတွေလား‌ဟာ။ နင့်လက်မောင်းလေးတွေကို အားရပါးရ ကိုင်ပြီး နင် မိုက်လိုက်တာလို့ပြောလိုက်ချင်ပေမယ့် ဘာကိုမှ မသိတဲ့ နင့်အဖို့ ငါမပြောရက်ပါဘူး မုဒြာရယ်။ ငါလေ ရင်နဲ့မဆံ့အောင် ခံစားရတယ်။

"တာရာ ဒီနေရာကို ဘယ်လိုသိတာလဲဟင်၊ နင်ဘယ်လိုစုံစမ်းပြီး လာခဲ့တာလဲ"

တာရာ ဖြေဖို့ရာ စကားလုံးလှလှ ရှာလိုက်ရသည်။

"နင်ဒီမှာရှိမှန်း ငါမသိပါဘူး၊ ဒီကိုလာတာ ငါ့သူဌေးခိုင်းလိုက်လို့ပါ"

တာရာက ကျလုလု မျက်ရည်တို့ကို လက်ခုံလေးဖြင့် သပ်လိုက်ရင်း …





"အဘ မမိုးပေးခိုင်းလိုက်တာ"

တာရာက သေချာလိပ်ထားသော အလိပ်ကလေးကို ပေးလိုက်သည်။ အဘက သဘောပေါက်စွာ ခေါင်းညိတ်လိုက်ပြီး …

"ကဲ … ကလေး အထဲဝင်တော့လေ၊ ကောင်လေးလည်း ပြန်တော့မယ်မို့လား … အဘတံခါး ပိတ်တော့မယ်နော်"

မုဒြာက တာရာကိုမော့ကြည့်ရင်းဖြင့် …

"တာရာ … ငါ နင့်လောက် စိတ်ဓာတ်မခိုင်ကျည်နိုင်တာအတွက် တောင်းပန်ပါတယ်"

နှုတ်ခမ်းလေးကို ဖိကိုက်ပစ်လိုက်ရင်း မုဒြာမျက်ဝန်းမှာ မျက်ရည်တွေ စိမ့်တက်လာသည်။

"တို့နှစ်ယောက် နောက်ထပ် ပြန်ဆုံခွင့်ရနိုင်ပါတော့မလား မုဒြာရယ် … "

မုဒြာ၏ လက်ကလေးကို အုပ်၍အားပေးရင်း တာရာသည် သူ့ကိုယ်သူ သွေးပျက်နေပြီဆိုတာသိသည်။ သူချစ်ရတဲ့ မုဒြာ ပို၍ စိတ်မဆင်းရဲစေရန်အတွက် ဟန်ဆောင်မှုတွေဖြင့် ပွေ့ပိုက်ထားနေရသော်လည်း တကယ်တမ်း တာရာရင်ထဲမှာတော့ ခပ်ယဲ့ယဲ့ရှိနေပြီဖြစ်သော နှလုံးသားတစ်ခုဖြင့် အသက်ဆက်ရတော့မည်။ အရင်လို တလက်လက်ဖြာနေသော သူမ၏မျက်ဝန်းတွေနှင့် မျက်တောင်ကော့ကော့ကြီးများ၏ စိုက်ကြည့်ခံရခြင်းကို နောက် ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ရခွင့်မရှိတော့ဘူးဆိုတာ နားလည်ခဲ့သည်။

သိပ်ချစ်ခဲ့ပါတယ် မုဒြာရယ် ... ငါ့နှလုံးသားမှာ သေချာတဲ့ ချစ်ခြင်းတစ်ခုကို သိမ်းထုပ်ထားခဲ့ပေမယ့် မင်းရင်ထဲမှာ ငါ မဟုတ်တဲ့ တစ်ခြားတစ်ယောက်က ဘယ်အချိန်က ဘယ်လိုဝင်ရောက်သွားနိုင်ခဲ့ပါလိမ့်။

ခုတော့ ... ငါ့ရင်ထဲမှာ ငိုနေရပြီပေါ့။

꧁꧂꧁

အခန်း ( ၂၂ )

အိမ်အပြန့်လမ်းမှာ တာရာတစ်ယောက် ကားကိုဂရုတစိုက်မောင်းနေရသည်။ ရင်ထဲမှာကြိတ်မနိုင်ခဲမရ ဖြစ်ရပြီး မုဒြာအဖြစ်ကို သနားမိသည်။ မမိုး ကွာရှင်းစာချုပ်ကို အိမ်သို့ပေးခိုင်းလိုက်သည်မှာ မုဒြာအိမ်မှာရှိနေတာကို သိ၍လည်း ဖြစ်နိုင်၏။ မုဒြာသိအောင် တမင်သက်သက် သွားပေးခိုင်းတာများလား။ ဒါဆိုလျှင် မမိုးသည် ထိုကိစ္စကို စုံစမ်းထားပြီးသား ဖြစ်နိုင်သည်။ တော်တော်ဉာဏ်များပြီး အညှိုးကြီးတတ်တဲ့ မိန်းမတစ်ယောက်ဆိုတာ သူသိပ်ချစ်ရတဲ့ မုဒြာပါဝင်လာမှ ပိုပြီးသိရ၏။ သူထင်တော့ ထင်မိသည်။ ခမိုးဟာ သူ့အရမ်းချစ်တဲ့ ပြေးမာန်ဘွဲ့လိုလူကို ချက်ချင်းကြီး ကွာရှင်းစာချုပ်လွယ်လွယ်နှင့် မပေးနိုင်။ တစ်ခုခုတော့ ကြံစည်မှာမလွဲ။

တစ်နေ့နေ့မှာ ထပ်ဆုံရဦးမှာပဲလို့ ထင်ထားခဲ့ပေမယ့် ဆုံမယ့်ဆုံတော့ သူတွေးထားတာနှင့် တခြားစီ။ မဟုတ်ပါစေနဲ့လို့



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းသော်ငြားလည်း ထိုဆုတောင်းဟာ မပြည့်ဝခဲ့ပါ။ သူ့ရင်ကို မြှားအစင်းပေါင်းမြောက်များစွာ ဝင်တာထက် ပိုဆိုးနေတော့သည်။ မုဒြာနှင့်ပြန်ဆုံခွင့်ရခဲ့ပေမယ့် ချစ်ခွင့်နှင့်လွဲခဲ့ရသော သူ့အဖြစ်သည် သူမအတွက် နူးညံ့သောချစ်ခြင်းတို့ကို ပေးဆပ်ရင်း ရင်ဆိုင်ပေးဖို့ရန်ပင် အခွင့်မသာတော့။

သူနှင့် ဆန့်ကျင်ဘက် မမိုးကတော့ လိုချင်တာကို သိမ်းပိုက်ရယူနိုင်ခဲ့သော်လည်း ပိုင်ဆိုင်ခဲ့ပြီးမှ ပြန်ပေးလိုက်ရသလိုပင်။ မမိုး၏ ရင်ထဲမှ အချစ်များသည် အတ္တလောဘများနှင့်သာဖြစ်သည်။ ဒါကို သူသိနေသလို ငြိုးမာန်ဘွဲ့ဆိုသော လူရောသိမှာ သေချာလှသည်။

လှပသော သဖင်ပန်းတိုင်များ အနီးတွင် မမိုးက စီးကရက်တစ်လိပ်ကို ဟန်ပါပါ သောက်နေရင်း တာရာကားဝင်လာသည်နှင့် အနားသို့ ရောက်လာကာ ...

"တွေ့ခဲ့လား တာရာ"

တွေ့ခဲ့လားဆိုတော့ ဘယ်သူ့ကိုမေးမှန်းမသိခဲ့ပေ။ ထို့ကြောင့် ... တာရာကလည်း အလွယ်တကူပင် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့"





"ဒါဆို မင်း ကောင်မလေးလက်ထဲ ထည့်ခဲ့တာပေ့ါ။ မင်းသိပ်တော်တယ်တာရာ ... အဲဒါ ကွက်တိပဲ၊ ဒါပဲလိုချင်တာ"

တာရာထင်သည့်အတိုင်းပင် မုဒြာကို သိစေအောင်လို့ တမင်ပေးခိုင်းခဲ့ခြင်းဖြစ်သည်။ ဒီစာချုပ်ကို မုဒြာတွေ့ရင် စိတ်ဆင်းရဲရမည်။ နောက်ထပ် ဘယ်လိုတွေဖြစ်လာဦးမယ် ဆိုတာကိုလည်း မတွေးတတ်။

"မင်းကို ဘောက်ဆူးကောင်းကောင်းပေးရမယ်၊ မမိုးက ဦးလူလေးနဲ့ပဲတွေ့မယ်ထင်တာ၊ အဲဒါဆို ကောင်မလေးမသိဘဲ ဖြစ်သွားမှာလေ၊ အင်း ... မမိုးကတော့ ကိုယ်မရတဲ့အတူတူ ဒီတိုင်းကြည့်မနေနိုင်ဘူး၊ နှောင်တမလွန်မှာ ချစ်ကြပါစေ၊ ဒါပေမဲ့ ... စောပါသေးတယ် အချိန်မကျသေးဘူးလေ"

မမိုးကို သေချာကြည့်မိရင်း လှသလောက် ကြောက်စရာကောင်းတဲ့ မိန်းမပါလားဟု တွေးမိ၏။ မမိုး၏မျက်နှာသည် အောင်နိုင်သူ တစ်ယောက်ကဲ့သို့ မဲ့ပြုံး ပြုံးကာ တာရာကို လက်ပိုက်ကြည့်နေသည်။

"ကဲ ... တာရာ ကိစ္စတစ်ခုပြီးပြီဆိုတော့ မင်းနားချင်နားတော့"

ခေါင်းညိတ်ကာ မမိုးနားကထွက်လာခဲ့သော တာရာခြေ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းတို့သည် နေးကွေးနေသည်။ တာရာ ဘာလုပ်ရမလဲ။ မုဒြာ
သွားပြောလျှင် ကောင်းမလား။ မဖြစ်။ မုဒြာသိလို့မဖြစ်။ ဒါပေ
မုဒြာသိခဲ့လျှင် ငြိုးမာန်ဘွဲ့ဆိုသောလူကိုထားပြီး တာရာနောက်
လိုက်လာမည်လား။ ခုချိန်မှာ မုဒြာလက်မထပ်ရသေး။ အချိန်ရှိသေ
သည်။ ထိုအချိန်တွေကို သူ ဒီတိုင်းလက်ပိုက်ကြည့်နေရမည်လာ
အကြိမ်ကြိမ် စဉ်းစား၏။ မုဒြာ မျက်နှာလေးကိုသာ မြင်ယောင်နေ
မိသည်။

မုဒြာရယ် ... နင့်ကို ငါချစ်ခဲ့တာ ထာဝရပါ။ နင်ဘယ်လို
ဖြစ်နေ ဖြစ်နေ ငါ့အချစ်တွေ မပြောင်းလဲဘဲ ချစ်နေမှာပါ။ နင့်ဘ
အတွက် လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးချင်ပေမယ့် တကယ်
တမ်းမှာ စိတ်ကူးတွေပဲရှိခဲ့ပါတယ် မုဒြာရယ်။ ဒါပေမဲ့ ... နင့်ရဲ့
တည့်တည့်မှာ ကျရောက်လာမယ့် အန္တရာယ်မှန်သမျှ ငါကာကွယ်
ပေးမှာပါ။

တာရာ၏ခြေလှမ်းများသည် အဖေနှင့်အမေ ရှိရာအိမ်ဆီသို့
လှမ်းနေမိသည်။ "နင့်ကို ငါ အရမ်းမျှော်လင့်နေတာပါ" ဟူသော
စကားသံသည် တာရာနားထဲတွင် တောင်တွေကို အထပ်ထပ်ဖြတ်
လာသလို ပဲ့တင်ရိုက်လျက် ကျန်ရှိနေသည်။ အပြင်ဘက်တွင် ညအ
တိတ်ဆိတ်မှောင်မဲလျက် ရှိနေသော်လည်း တာရာရင်ထဲမှ အချ





မီးလျှံတွေကတော့ လင်းလင်းချင်းချင်း တောက်ပလို့ နေခဲ့သည်။
ဘဝဆိုတာ တကယ်ပဲ မမျှော်လင့်စရာ အမျိုးမျိုး ပြောင်းလဲတတ်
ပါလား မုဒြာရယ် ...

ငါ့နှလုံးသားမှာ ဒဏ်ရာတွေများနေပြီ မုဒြာ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၃ )

"မာန် ... မမိုး ဒရိုင်ဘာလေး လာပေးသွားတာ"

ဦးလူကလေး လှမ်းပေးသော စာရွက်လိပ်လေးကို လှမ်းယူလိုက်သည်။ ပြီးတော့ ဖြန့်ကြည့်၏။ နောက်မှ ကျေနပ်စွာဖြင့် ...

"ဦးလူလေး ... မုဒြာတွေ့သွားသေးလား"

"မတွေ့ပါဘူး မာန်"

"သူ မသိပါစေနဲ့နော်"

"စိတ်ချ မာန် ... "

"ဒီဟာကို ဦးလူလေးဆီမှာပဲ ခဏထားလိုက်ပါ၊ ကျွန်တော် မနက်မှ ပြန်ယူသွားလိုက်မယ်"

"ကောင်းပြီ မာန် ... "

"ဒီမိန်းမက တော်တော်ဉာဏ်များတယ်နော် ဦးလူလေး သတိတော့ထားဦး ... "





"ဘယ်လိုကွယ့် မာန်"

"ဦးလူလေး စဉ်းစားကြည့်လေ ... ကျွန်တော် စက်ရုံမှာရှိတယ်ဆိုတာ သူသိသားပဲ၊ တမင်အိမ်ကို လာပေးတယ်ဆိုတော့"

"ဟုတ်တယ် မာန် ... မုဒြာသိအောင် လာပေးတာဖြစ်မယ်"

မာန်က ပြုံးလိုက်ရင်း အိမ်ကြီးထဲသို့ ဝင်သွားခဲ့သည်။

သူ ထမင်းစားရန် မုဒြာပြင်ဆင်နေလောက်ပြီ။ သိပ်မကြာခင်မှာ မုဒြာဟာ သူ့ရဲ့ဇနီးလေး ဖြစ်တော့မည်။ ကွာရှင်းစာချုပ်လက်ထဲမှာ အပီအပြင်ရထားသည့် အတွက်လည်း ပျော်လည်းပျော်မိသည်။ စိတ်လည်း ညစ်မိသည်။ စိတ်ညစ်မိသည်က မုဒြာသိမှာ အကြောက်ဆုံးပင်။ ချစ်လားလို့မေးလျှင် ဝေ့လည်ကြောင်ပတ် လုပ်နေတတ်တဲ့ မုဒြာကို စိတ်မရှည်တော့။ သူက ချစ်လျှက်နှင့် မုဒြာ မချစ်မှာ အရမ်းစိုးသည်။ အခုတော့ အမှတ်တမဲ့ တွေ့ဆုံခြင်းတစ်ခုက တနေ့ မာန်၏အသည်းနှလုံးကို အချစ်တစ်ခု မွေးဖွားစေခဲ့သည်။ သူ့နှလုံးသားထဲ ဦးနှောက်ထဲတွင် မုဒြာကိုချစ်သည့် အချစ်များမှလွဲ၍ တခြားဘာကိုမှ သူထည့်မထားတော့ပေ။ ညေ့ခန်းထဲဝင်ကာ ဆက်တီခုံတွင် ထိုင်လိုက်ပြီး ...

"မုဒြာရေ ... မုဒြာ ... "

"ရှင် ... လာပြီး ဦးမာန် ... "

လက်သုတ်ပဝါလေးနှင့် လက်သုပ်ရင်း အနီးရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည့် မုဒြာက ...

"ဒါနဲ့ စောစောက မုဒြာဘာလုပ်နေတာလဲ"

"ဦးမာန် ပြန်လာရင် ထမင်းစားဖို့ အဆင်သင့်လုပ်နေတာလေ"

"ကိုယ့်အတွက် ဟုတ်လား ..."

"ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ ဦးမာန်နေမျှားမကောင်းလို့လား၊ ဦးမာန် မျက်နှာလည်း ညှိုးနေသလိုပဲ"

"မုဒြာက ကိုယ့်ကိုစိတ်ပူနေလို့လား"

"အင်းပေါ့ ... ဦးမာန်က မုဒြာရဲ့ ကျေးဇူးရှင်ဆိုလည်း မမှားဘူး ... နောက်ပြီး ဦးမာန်နဲ့လက်ထပ်ရတော့မှာလေ စိတ်မပူဘဲ ရှိပါ့မလား"

"ဒီထက် မပိုတော့ဘူးလား မုဒြာ ..."

မုဒြာ မပြောနိုင်ခဲ့ပါ။ မုဒြာရင်ထဲမှာ ရှိနေခဲ့တာက တာရာသာဖြစ်သည်။ ငယ်ငယ်ကတည်းက သံယောဇဉ်တွေထားခဲ့ရပြီး အရွယ်လေးတွေရောက်လာတော့ မျက်ဝန်းချင်းစကားပြောခဲ့သည့် သူမ၏ ငယ်ချစ်ဟောင်း တာရာကလွဲလျှင် ဘယ်သူ့ကိုမှ မချစ်ခဲ့ပေ။

"မုဒြာကို နားလည်ပေးပါ ဦးမာန်ရယ်"

မပေးချင်သည့်မေတ္တာကို ဖွင့်အတင်းမတောင်းခံချင်တော့ ချစ်တယ်ဆိုတဲ့ အဖြေလေးပေးဖို့ကို နှမြောတွန့်တိုနေရသလား





မုဒြာရယ် ... လက်ထပ်ဖို့အထိ စဉ်းစားပေးခဲ့တာတောင်မှ ချစ်ဖို့ကို စဉ်းစားရဦးမယ်တဲ့လား"

ခုတော့ မိုးမြင့်သဇင်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ဝဋ်ကြွေးကို သူပြန်ခံရနေပြီလား။ ဝဋ်ဆိုတာ ဒီလိုပဲလား။ သူမဆီက လိုချင်သည့်အချစ်ကို ရဖို့အတွက် ဒီလိုပဲခံစားရလား။ အိမ်ထောင်ကျခဲ့ပေသည့် မာန်မချစ်ဘူးခဲ့။ ချစ်ခဲ့ဖူးတော့လည်း အသက်မဝင့်ဆိုသလို ဖြစ်နေရသည်။

ထိုညက ဦးမာန် အစောကြီးအိပ်ခန်းထဲဝင်သွားခဲ့သည်။ မုဒြာကိုလည်း ဘာစကားမှမပြောတော့ဘဲ ရှိနေသလို ရေလည်းမချိုး။ ထမင်းလည်းမစားဘဲ အိပ်ရာထက်မှာ လှဲနေသည်။ မုဒြာမှာ ပြန်ထွက်လာနိုးဖြင့် စောင့်နေသော်လည်း ပြန်ထွက်မလာခဲ့ပေ။ ထိုသို့ဆိုပြန်တော့လည်း မုဒြာမနေနိုင်ပါ။ ဦးမာန်က မုဒြာအပေါ် အမြဲတမ်းနားလည်ပေးတတ်တာရော၊ ယုတတယ်တာရော ရှိနေတတ်တာကြောင့် အခုလို မသိသလို နေနေရတော့ ရင်ထဲမှာ မကောင်း။ ထို့ကြောင့် ဦးမာန်ကိုခေါ်ဖို့ တံခါးကိုဖွင့်လိုက်တော့ အထဲကနေ လော့ခ်ချထားပြန်သည်။

"ဦးမာန် ... ဦးမာန် ဘာဖြစ်လို့လဲဟင်၊ မုဒြာ ဦးမာန်ကို ထမင်းစားစောင့်နေတာ ထွက်ခဲ့ပါ ဦးမာန်ရယ် ..."

မုဒြာ၏ ခေါ်သံကို ဦးမာန်တစ်ချက်မှ ပြန်မထူးခဲ့။ မုဒြာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဖြစ်ရပြီး အခန်းဝလေးမှာ ငုတ်တုတ်ထိုင်နေမိသည်။

မျက်ဝန်းမှ မျက်ရည်တွေစီးကျကာ ဘာဖြစ်မှန်းမသိစွာ ရင်ထဲမှာ ခံစားရသည်။ တစ်ညလုံး ထိုင်နေမိပြီး မနက်မိုးလင်းကာနီးလောက်မှ သူမအခန်းထဲ ဝင်ခဲ့တော့သည်။ သို့သော် ဘယ်လိုမှ အိပ်လို့မရခဲ့ပါ။ ထိုညက ဦးမာန်၏ဆက်ဆံရေးကြောင့် သူမငိုလို့မှ အားမရနိုင်ခဲ့။

ဏ္ဏ ဏ္ဏ ဏ္ဏ

ဦးမာန်၏ အခန်းရှေ့မှာ ဦးလူလေး နှိုးနေသံကြားရသည်။

"မာန် … လူလေး … မာန် … "

မာန် အခန်းတံခါး ထဖွင့်ရင်း …

"ဘာဖြစ်လို့လဲ ဦးလူလေး … "

"မာန် ခြံဝမှာ မနေ့က မိုးလွှတ်လိုက်တဲ့ သူငယ်လေးရောက်နေတယ်၊ အဲဒီကောင်လေးက မုဒြာနဲ့တွေ့ဖို့ ခွင့်တောင်းနေတယ်"

"ဘယ်လို ဦးလူလေး … "

"ဟုတ်တယ် မာန် … မနေ့က ဒီသူငယ်လေးရောက်လာတော့ မုဒြာနဲ့တန်းတိုးတယ်၊ သူတို့ပြောပုံကတော့ အိမ်နီးနားချင်း သူငယ်ချင်းတွေလို့ ပြောတယ်"





"ကျွန်တော့်ကို မနေ့က ဘာလို့မပြောတာလဲ၊ ဒါဆို မိုးရဲ့ ဒရိုင်ဘာဆိုတာ ဒီကောင်လေးပေါ့"

"ဟုတ်တယ် မာန်"

"ဒါဆို ဦးလူလေး ဟိုကိစ္စကိုများ ပြောမလို့များလား"

"အဲဒါတော့ မဖြစ်နိုင်ဘူးထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မနေ့က ဒီစာချုပ်ကို သူ မုဒြာသိမှာစိုးလို့တောင် ဦးလူလေးလက်ထဲကို ထည့်ခဲ့တာလေ"

မာန်က ကိုယ့်လည်ကုပ်ကို ပြန်၍ဆုပ်ကိုင်ထားရင်း ပင့်သက်ရှိုက်မိသည်။

"ဦးလူလေး မုဒြာကို ကောင်လေးနဲ့ တွေ့ခွင့်ပေးလိုက်ပါ။ နောက်ပြီး … ဦးလူလေး အဲဒီနားက တဖဝါး မခွာပါနဲ့"

ဦးလူလေး လှည့်ထွက်သွားတော့ သူပြတင်းပေါက်မှ ခြံထဲသို့ လှမ်းအကဲခတ်လိုက်သည်။

ခြံဝမှာရပ်နေမိသော တာရာမှာလည်း နောက်ကျောမလုံပါ။ မမိုးသာ ဒီဘက်ရောက်လာခဲ့လျှင် ဆိုသောအတွေးက သူ့ရင်ကို ရိုက်ခတ်လာ၏။

ဦးလူလေး အကျိုးအကြောင်းလာပြောပြီး ဦးမာန်ကလည်း ခွင့်ပြုသည်ဆိုမှ မုဒြာ ဆင်းလာခဲ့သည်။

"မုဒြာ"



www.burmeseclassic.com

www.burmeseclassic.com



"တာရာ"

တာရာက မုဒြာ၏လက်ကလေးကို လှမ်းကိုင်လိုက်ရင်း ...

"မုဒြာ နင့်ကို ငါလာခေါ်တာ ... နင် ငါနဲ့လိုက်ခဲ့နော်"

"တာရာရယ်"

"ဘာလဲ မုဒြာ ... နင် မဆုံးဖြတ်နိုင်ဘူးလား"

"ငါ့ကိုခွင့်လွှတ်ပါ တာရာရယ်"

"မုဒြာ နင် ဟိုလူနဲ့လက်ထပ်ရသေးတာမှ မဟုတ်တာ၊ နင့်အတွက် အချိန်ရှိပါသေးတယ် မုဒြာရယ် ... နင့်ဘဝမှာ ငါ့ကိုအရမ်းမျှော်လင့်ခဲ့တယ်ဆို"

တာရာ ယောက်ျားတန်မဲ့ မျက်ရည်တွေကျရင်း မုဒြာပခုံးလေးကို ကိုင်လှုပ်လိုက်မိသည်။

"နင် တွေဝေမနေပါနဲ့ မုဒြာ ... ဒီလူကို လက်ထပ်လိုက်ရင် နင့်ဘဝအတွက် ထပ်ပြီး မတွေးရဲလို့ပါ မုဒြာရယ်"

"ဘာရယ် တာရာ ... နင်ဘာပြောတာလဲဟင်၊ ငါ့ဘဝအတွက် ထပ်ပြီး မတွေးရဲလို့ဆိုတော့ ဘာ ... ဘာဖြစ်လို့လဲဟင်"

သူ စကားတွေလောကြီးပြီး မှားသွားတော့မည်။ ချက်ချင်းပင် စကားတွေကို ပြန်ပြင်လိုက်ရသည်။

"မဟုတ်ပါဘူး မုဒြာရယ် ... မချစ်ဘဲနဲ့ နင်လက်ထပ်လိုက်ရင် စိတ်ဆင်းရဲနေမှာစိုးလို့ပါ။ တို့နှစ်ယောက် ဟိုအရင်က ပြောထား





သလို နှစ်ယောက်တစ်ဘဝဖြစ်အောင် ကြိုးစားမယ်လေ"

တာရာကိုကြည့်ပြီး မုဒြာ သနားမိနေသည်။

"ခွင့်လွှတ်ပါ တာရာရယ် ... ငါ့ကို ခွင့်လွှတ်ပါနော်၊ ငါ ဦးမာန်ကို လက်ထပ်ပါရစေ ... နင် ... နင်ပြန်ပါတော့ တာရာရယ်"

"ဘယ်လိုပြောလိုက်တာလဲ မုဒြာ၊ အဲဒါ ... နင့်ရင်ထဲကပြောတဲ့စကားလား၊ နင် ငါ့နောက်ကို မလိုက်နိုင်ဘဲ ဟိုလူကို လက်ထပ်မယ်ဆိုတာ တကယ်ပြောတာလား"

မုဒြာ မျက်ရည်တွေကြားမှ ခေါင်းညိတ်ပြတော့ သူ့ရင်တစ်ခုလုံး ကြောင်းဆန်ကာ ခေါင်းတွေ ချာချာလည်သွားရသည်။

"သြော် ... ဒါဆို နင့်ရင်ထဲက တကယ်ပြောလိုက်ပြီပေါ့နော်၊ ဟုတ်လား မုဒြာ ... နင့်ရင်ထဲမှာ အမှန်တကယ် ငါမရှိတော့ဘူးဆိုရင် နင် ... နင် ပြောလိုက်စမ်းပါ မုဒြာရယ် ... ငါ ပြန်ပါ့မယ်"

"ခွင့်လွှတ်ပါ တာရာရယ် ... ငါ နင့်ကို ဒီစကားတစ်ခွန်းပဲ ပြောနိုင်တယ်၊ ငါလေ နင့်လောက်မချစ်တတ်တာ ခွင့်လွှတ်ပါ"

"မုဒြာ ... နင် တကယ်ပဲ ငါ့ကိုစွန့်လွှတ်ရက်တယ်နော်၊ ငါကတော့ နင့်ကို ငယ်ငယ်လေးကတည်းက ချစ်ခဲ့ပြီး အဲဒီသံယောဇဉ်ဟာ နှစ်တစ်ရာတိုင်တောင် မေ့နိုင်မှာမဟုတ်ပါဘူးမုဒြာ၊ နင့်ဘဝလေး ကံကောင်းပါစေ ... ငယ်ငယ်တုန်းက ထားခဲ့တဲ့ သံယောဇဉ်ကို နင်စဖျက်လိုက်ပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှလာသော တာရာစကားတွေကြောင့် မုဩာရှိုက်ငိုရင်း သူမကိုယ်လေး တသိမ့်သိမ့်တုန်နေသည်။ သူမ ဘာဖြစ်လို့ တာရာကို ငြင်းမိခဲ့သလဲ။ အမြဲတမ်း တမ်းတမိနေတဲ့ တာရာနှင့် ပြန်ဆုံခွင့်ရခဲ့၏။ ချစ်ခွင့်လည်း ကြုံနေရတာကို ချစ်လျက်နှင့်စွန့်လွှတ်တော့မည်။

မုဩာအပေါ် သိပ်ချစ်တဲ့ ကျေးဇူးရှင် ဦးမာန်ကိုထားပြီးတော့လည်း မုဩာမသွားရက်၊ သူမ မရှိလျှင် ဦးမာန် ဘယ်လိုနေမလဲ၊ မနေ့က ညကတောင် မုဩာကို စကားမပြောဘဲ အခန်းတံခါးပိတ်ပြီးနေတာ မုဩာရင်မှာ ဦးမာန် ဒီလိုခဏလေး ဥပေက္ခာပြုထားရက်တာတောင် မခံစားနိုင်ဘဲနေခဲ့၏။ ဒီတော့မှ ဦးမာန်အပေါ် မုဩာဘယ်လောက်တွယ်တာနေမိမှန်း သိလာရ၏။ တာရာက မုဩာကို အရမ်းရက်စက်တယ်ပြောလည်း ခေါင်းငုံ့ရင်း သူပေးတဲ့အပြစ်ကို ခံယူလိုက်ချင်သည်။

"တာရာရယ် ... တို့နှစ်ယောက်ရဲ့ သံယောဇဉ်တွေကို ရင်ထဲမှာပဲ ပြန်သိမ်းထားရအောင်နော်"

"ငါ နားလည်ပါပြီ မုဩာ၊ နင် ငါနဲ့ မလိုက်နိုင်ခဲ့တာ နင့်ရင်ထဲက မုန်းလို့မဟုတ်ဘူးဆိုတာ ငါနားလည်ပါတယ်၊ နင်ကတော့ ရင်ထဲက အချစ်တွေကို မျိုသိပ်ထားနိုင်ပေမယ့် ငါမခံစားနိုင်ဘူး မုဩာ၊ နင်က ငါ့ထက်ပိုချစ်တဲ့သူကို တွေ့သွားပေမယ့် ငါ့ရင်ထဲမှာ





တော့ နင်တစ်ယောက်တည်းပဲ၊ မုဩာ ငါသွားတော့မယ်နော်"

အရာရာကို အရှုံးပေးရင်း ကျောခိုင်းလိုက်တော့မယ် မုဩာရယ်။ ငါ့ဘဝမှာ ဒီလောက်တောင် ထွက်ပေါက်တွေမဲ့နေပြီလား၊ ဘာထွက်ပေါက်မှ မရှိတော့အောင် ငါ့စိတ်တွေ ခြောင်းထဲရောက်နေပြီ မုဩာ။

"အဟင့် ... ဟင့် ... ဟင့် ... "

လှည့်ထွက်မည့်ဆဲဆဲ ရှိုက်ကြီးတငင်ငိုနေသော မုဩာကို ကြည့်ကာ ပခုံးလေးကိုင်ပြီး နှစ်သိမ့်လိုက်မိ၏။ နှစ်သိမ့်သူ၏ မျက်ဝန်းမှာလည်း မျက်ရည်တွေနှင့်။

"မငိုပါနဲ့ မုဩာရယ် ... ဟိုအရင်က ငါပြောခဲ့သလိုပေါ့၊ ဘဝဆိုတာ အမျိုးမျိုးပြောင်းလဲတတ်တယ်လေ၊ နင်သွားတော့နော်၊ နင့်ကို တော်ကြာ ဟိုကမျှော်နေမှာ"

"ဟင့်အင်း ... နင် အရင်သွားပါတာရာရယ် ... နင် အရင်သွားတာကိုပဲ ငါကြည့်ချင်တယ်၊ သွားပါ ... နင့်ဘေးနားက ငါအရင်ထွက်မသွားရက်ဘူး"

"မုဩာရယ်"

ချစ်သူတစ်ယောက်ကို ဒိုင်ပွဲရပ်နှလုံးသားဖြင့် အရှုံးပေးခဲ့ရပြီး တာရာဟာ ဘယ်လိုအင်အားတွေနှင့် ဘဝကို ဆက်လျှောက်သွားမှာလည်း သူမ သိချင်သည်။

"မုဩာ ... နင့်ဘဝအတွက် ငါအမြဲတမ်း ရှိနေမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



တာရာသည်လည်း ဒီစကားမှလွဲ၍ တခြားဘာကိုမှ မပြောနိုင်တော့ချေ။ ချစ်ရတဲ့သူ၏မျက်နှာကို တစ်ခါကြည့်မိတိုင်း အသည်းမှာ အစတစ်စ ပြုတ်ကျသွားသလို ခံစားနေရ၏။

ထိုနည်းတူစွာ မုဒြာမှာလည်း ငယ်ငယ်တုန်းက ထားခဲ့သော သံယောဇဉ်မို့ ဘယ်တော့မှ မပြတ်နိုင်ခဲ့။ ကျောခိုင်းထွက်ခွာသွားသော တာရာ၏ကျောပြင်ကို ငေးမောကြည့်နေစဉ်မှာ ဘဘက ဖြတ်ခါးကြီးကို လှမ်းပိတ်လိုက်သည်။

ဟာခနဲဖြစ်သွားသော ရင်အစုံ ဒီတိုင်းမတ်တပ်ရပ်လျက် ငြိမ်သက်စွာ တောင့်တောင့်လေးဖြစ်နေမိ၏။ ထိုစဉ်မှာပဲ မုဒြာ ပခုံးလေးပေါ်သို့ ညင်သာသော လက်နှစ်ဖက်က ကြင်နာစွာဖြင့် အုပ်မိုးကျလာခဲ့၏။

"ဦးမာန်"

ဦးမာန်ကိုတွေ့မှ ကလေးတစ်ယောက်လို အားကိုးတကြီးဖြင့် ရင်ခွင်ထဲတိုးဝင်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေတော့သည်။

"မငိုပါနဲ့ကလေးရယ် တိတ်ပါ ... မင်းရင်ထဲမှာ ခံစားနေရတာတွေ ကိုယ်နားလည်ပါတယ်"

"ဦးမာန်ရယ်"

"ခုချိန်မှာ မုဒြာအတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ် ... တစ်ယောက်တည်း မခံစားပါနဲ့၊ တာရာနောက်ကို လိုက်သွားချင်တယ်ဆိုရင်လည်း ကိုယ်မတားရက်ပါဘူး"





မုဒြာမှာ ငိုရှိုက်ရင်းမှ မျက်လုံးရွဲကြီးဖြင့် သူ့မျက်နှာအား မော့ကြည့်လိုက်သည်။

"ဦးမာန် ... မုဒြာကို တာရာနဲ့လိုက်သွားစေချင်လို့လား၊ မုဒြာ လိုက်သွားရင် ဦးမာန်တစ်ယောက်တည်း"

"ကိုယ် ခံစားနိုင်ပါတယ်"

"ဟင့်အင်း ... ဟင့်အင်း ဦးမာန် ညာတာ ... မုဒြာ ... မုဒြာလေ ဦးမာန်ကိုထားပြီး မသွားရက်ပါဘူး"

"မုဒြာရယ်"

မုဒြာ၏စကားက သူ့နှလုံးသားထဲသို့တိုင် လှပ်ခနဲ ဖြစ်ရသည်။ မုဒြာ၏ကိုယ်လေးကို ပိုမိုးတင်းကျပ်စွာ ဖက်ထားမိ၏။

"ဦးမာန်"

"ဟင် ... ပြောလေ မုဒြာ ကိုယ်ဘာလုပ်ပေးရမလဲ"

"ဦးမာန် ... မုဒြာလေ"

"ကလေးပင်ပန်းနေပြီ အနားယူလိုက်တော့နော်"

"မုဒြာ ကျောပြင်လေးကို ညင်သာစွာပွတ်ပေးရင်း အားပေးနှစ်သိမ့်မိသည်။

"ဦးမာန် ... မုဒြာကို ဦးမာန်လိုချင်တဲ့အဖြေ မပေးတော့ဘူးလားဟင်"

"မုဒြာ မချစ်ဘူးလို့ပြောခဲ့ပြီးပြီပဲ၊ ထပ်မေးရင်လည်း မင်းဖြေနိုင်မှာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ဦးမာန် … အခု မုဒြာ တာရာနောက်ကို လိုက်မသွားတာ ဘာဖြစ်လို့လဲဆိုတာ သိလားဟင်"

မာန် ခေါင်းခါပြလိုက်သည်။

"အဲဒါ … အဲဒါလေ ဦးမာန်ကို မုဒြာသိပ်ချစ်လို့"

"ဘယ်လို မုဒြာ … ကိုယ့်ကို ဟုတ်လား၊ မုဒြာ တကယ်ပြောတာလား"

"နှစ်ကယ်"

"မုဒြာရယ်"

မုဒြာကိုယ်လေးကို တင်းကျပ်စွာပွေ့ဖက်မိရင်း နှစ်ယောက်စလုံး၏ ပါးပြင်ပေါ်မှ မျက်ရည်များက စီးကျနေသည်။ နှစ်ယောက်စလုံး၏ ရင်မှာခံစားမှုတွေ ကိုယ်စီဖြင့် အားပြိုင်နေကြသည်။

"မုဒြာ အိမ်ထဲဝင်ရအောင် … ဟိုမှာ ဦးလူလေး ကြည့်နေတယ်"

မုဒြာက မာန်ပြော၍လှမ်းကြည့်လိုက်တော့ ဦးလူလေးက သူတို့နှစ်ယောက်ကိုကြည့်ရင်း သူလည်းပဲ မျက်ဝန်းမှာမျက်ရည်တို့ ရစ်ဝဲပြီး ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးပြနေသည်။ မာန်က မုဒြာ၏ ကိုယ်လေးကို ပွေ့ချီလိုက်ပြီး အိမ်ထဲသို့ ခေါ်လာလိုက်သည်။

"မုဒြာ ကိုယ်တို့မနက်ဖြန်ကျ တရားရုံးမှာ လက်မှတ်သွားထိုးရအောင် … နောက်မှ မုဒြာအတွက် မင်္ဂလာအခမ်းအနား အကြီးအကျယ် လုပ်ပေးမယ်နော်"





"အင်း … "

မာန့်အလိုကျ မုဒြာ ခေါင်းညိတ်၏။ မာန်ပြောသမျှ မုဒြာ လိုက်လျောခဲ့သည်။

"မုဒြာ"

"ဟင်"

"ကိုယ့်ကို သိပ်ချစ်လား"

"အင်း"

"ဟာကွာ … အဲလိုမဖြေနဲ့၊ သေချာဖြေ"

"ချစ်ပါတယ်ဆိုမှ"

"မဟုတ်ဘူးလေကွာ"

"ဒါဆို ဘယ်လိုဖြေရမှာလဲ"

"သိပ်ချစ်တယ်လို့"

မာန်၏အပြောကြောင့် မုဒြာက ချစ်စဖွယ်ပြုံးရင်း …

"ဦးမာန်ကို မုဒြာသိပ် … သိပ်ချစ်ပါတယ်ရှင့်"

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၄ )

"မနက်ဖြန် ဟုတ်လားမာန် ... မြန်လှချည်လား၊ ကောင်းပါတယ် ... ဒီခေတ်ကြီးမှာ မြန်လေကောင်းလေပဲ"

စီးကရက်တစ်လိပ်ကို ပါးစပ်မှာ တေ့လိုက်ကာ မီးညှိလိုက်သည်။ လက်မနှင့်လက်ညှိုးကြား ညှပ်ထားသော စီးကရက်ကို မသောက်သေးဘဲ ...

"ဦးမောင် ... မိုးဆီကို စာချုပ်သွားပေးပေးပါ ... တော်ကြာ ကျွန်တော့်ဆီလာနေမှာစိုးလို့"

"ရတယ်လေ မာန် ... ဦးမောင် သွားပေးပေးမယ်"

"ဒီမိန်းမက သိပ်ဉာဏ်များတယ် ဦးမောင်ရဲ့ ... ကျွန်တော်လည်း အမြဲသတိစွဲနေရတယ်"

"ဒီနေ့တော့ ပွဲသိမ်းပါပဲ မာန်ရာ ... ဒီစာချုပ်ပေးလိုက်ရင် မင်းနဲ့သဖင် ဓာတ်လမ်း ပြတ်သွားပြီပဲ"

မာန်က စီးကရက်ကိုမသောက်ဖြစ်ဘဲ စီးကရက်ခွက်လေး





ထဲသို့ ထိုးချေလိုက်သည်။

ထိုစဉ် ...

"သြော် ... ဦးမောင်ပါ ရောက်နေတာပဲ"

ကြားလိုက်ရသောစကားကြောင့် နှစ်ယောက်သားပြိုင်တူ အခန်းဝသို့ လှမ်းကြည့်လိုက်သည်။

"လေးစားပါတယ်မာန် ... ဒီလိုငယ်ငယ်ချောချောလေးကို ပိုင်ဆိုင်ခွင့်ရတာ မိုးဂုဏ်ပြုပါတယ်"

"မလိုပါဘူး ... မင်းအခုလာတာ စာချုပ်ယူဖို့မလား၊ ဟိုမှာ ဦးမောင်ကိုပေးထားတယ်၊ မင်းယူပြီး ပြန်နိုင်ပြီ ..."

"ဟင်း ... ဟင်း ... တင်းမာလှချည်လားမာန်ရဲ့၊ ရှင့်ရဲ့ အရင်မိန်းမ မိုးမြင့်သဖင်လာတယ်လို့ မသတ်မှတ်ဘဲ ရှင့်ရဲ့မိတ်ဆွေဟောင်းအနေနဲ့ရော ဒီလိုလာခွင့်မရှိဘူးလား"

"ဒီမှာမိုး ... မင်းကိုငါအရှင်းဆုံးပြောမယ်၊ မင်းနဲ့ဘာမှပတ်သက်စရာ မရှိတော့ဘူး"

"ဆက်ဆံရေးက ကျဲလှချည်လား"

"အရင်တည်းက ဒီပုံစံပဲဆိုတာ မင်းသိတယ်မလား"

ဘယ်လိုပဲပြောပြော၊ ဘယ်လိုပဲ နိမ့်ချစွာ ဆက်ဆံ ဆက်ဆံ မိုးမြင့်သဖင်ဆိုသောမိန်းမဟာ မာန့်အပေါ် အရင်ကအတိုင်း စွဲမြဲစွာ ဆင်မြန်းထားသော အပြုံးတွေနှင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုံး၏နောက်ကွယ်တွင် မိုးမြင့်သဇင်အတွက် ကြေကွဲစရာများထက် နာကြည်းစရာ အမုန်းမီးတွေ လောင်မြိုက်လျက် ဖွဲမီးကိုသာ တမြေ့မြေ့ ကျွမ်းလောင်ခံစားနေရတာကို မည်သူမျှ မသိနိုင်ခဲ့။-

ဦးမောင် လှမ်းပေးသော စာချုပ်ကို ဖြန့်ကြည့်လိုက်ပြီး ...

"ဒီမှာမာန် ... မိုးအတွက် ဒါတွေမလိုပါဘူး"

ကွာရှင်းစာချုပ်လေးကို အစိတ်စိတ်အမြွှာမြွှာ ဆွဲဆုတ်ပစ်လိုက်၏။ ထို့နောက် မာနမျက်နှာလေးထက်က အပြုံးတစ်ပွင့် ဖန်ဆင်းယူ၍ ပြောခဲ့သည်။

"မာန် ကျေနပ်တယ်မလား၊ မိုး ကျေနပ်ပါတယ်"

ပြောပြီးသည်နှင့် မိုးမြင့်သဇင်သည် ချာခနဲလှည့်ထွက်သွားခဲ့၏။ ဆုပ်ဖြဲလိုက်သော စာချုပ်အပိုင်းအစလေးတွေမှာ လေသင့်ရာ လွင့်ပါသွားရင်း တစ်နေရာစီ ပြန့်ကျဲသွားခဲ့ရသည်။ မိုး၏မျက်ဝန်းမှ လှစ်ခနဲ ထွက်ကျသွားသော မျက်ရည်တစ်ပေါက်ကြောင့် မာန်စဉ်းစားမိလိုက်၏။ နာကြည်းမှုကြောင့် ကျတဲ့မျက်ရည်လား၊ ရှုံးလွှတ်လိုက်ရလို့ ကျတဲ့မျက်ရည်လား ချစ်လွန်းလို့ ကျခဲ့ရတဲ့ မျက်ရည်လားဆိုတာ မိုးမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ မသိနိုင်တော့ပါ။

ꩰꩰꩰ





တာရာ သိခဲ့ပါသည်။ ထိုကျခဲ့ရသော မျက်ရည်နှင့်အတူ မမိုး၏ တုံ့ပြန်မှုသည် သူလုံးဝ ထင်မှတ်မထားသောထောင့်မှ စတင်ထိုးနှက်ခဲ့သည်။ မမိုးသည် ငြိုးမာန်ဘွဲ့ဟူသော လူနှင့်ဝတ်သက်သမျှ အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရတာကြောင့် ချစ်ခြင်းတွေအစား မမိုး၏မျက်ဝန်းတွေမှာ အမုန်းတွေသာ ပြည့်နှက်လာတော့သည်။

လက်မှတ်သွားထိုးတယ်ဟူသော စကားကိုကြားလိုက်တာနှင့် မိုးသည် မျက်ရည်ကျမလာခဲ့တဲ့ နှုတ်ခမ်းကိုသာ ပြတ်လုမတတ် ကိုက်ထားသည်။ နှုတ်ခမ်းမှသွေးတို့ စိမ့်ထွက်လာပြီး စိတ်နှင့်ခန္ဓာ တစ်ကွဲတပြားစီ ဖြစ်သွားသည်။

မိုးမြင့်သဇင်နည်းတူ တာရာသည်လည်း ခံစားခဲ့ရ၏။ ထိုခံစားချက်ကတော့ ဆုံးရှုံးလိုက်ရသော ချစ်သူလေးကို နှမြောမိ၏။ သို့သော် မုဒြာ ပျော်တာမြင်နေရလျှင် သူစိတ်ချမ်းသာခဲ့ရသည်။ မုဒြာကို သူတစ်သက်လုံး ပျော်စေချင်သည်။

ရုံးခန်းထဲသို့ ဝင်ကာနီးခြေလှမ်းတို့က အထဲမှစကားသံတွေကြောင့် တုံ့ခနဲရပ်နေမိ၏။

"ဘယ်လိုလဲ မင်းတို့လုပ်နိုင်တယ်မလား"

"ရပါတယ် ဒေါ်မိုးမြင့်သဇင်၊ ကျွန်တော်တို့က ဒီလောက်တော့ အေးဆေးပါပဲ"

"မင်းတို့သတင်းက နိုင်လုံတိကျတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ် ဒေါ်မိုးမြင့်သဇင်၊ ဒီည ဒင်နာက ကျိန်းသေပါတယ်"

"နေရာ အတိအကျရော သိပြီးပြီလား"

"ဟုတ်ကဲ့ ... အတိအကျ ရပါပြီ"

"ကဲ ... ဒါဆို မင်းတို့ပြန်နိုင်ပြီ၊ ညနေကျရင်သာ မင်းတို့ဘာသာ လှုပ်ရှားလိုက်ပါ၊ မိုးကတော့ ပျော်စရာညလေးကို နောက်ကနေ အသာလိုက်ကြည့်ရုံပဲ"

ငွေ တစ်ထပ်ကြီးကို တင်ပေးလိုက်ရင်း ပြောနေ၏။ ထိုလူနှစ်ယောက်က သဘောတွေကျရင်း မမိုးကို ဒီညအတွက် စိတ်ချပါဆိုတာကို ထပ်တလဲလဲ ပြောနေသည်။

တာရာ ဘာလုပ်ရမလဲ။ မမိုးက ဘယ်လိုကြံစည်တယ်ဆိုတာ သူသေချာမသိရသေး။ ထိုလူနှစ်ယောက်ကို စောင့်ကြည့်နေလို့လည်းမဖြစ်နိုင်။ မုဒြာတို့ကိုသာ မျက်ခြေမပြတ် စောင့်ကြည့်ရမည်။ ခြေတစ်လှမ်းမှားတာနှင့် ဒုက္ခရောက်နိုင်သည်။

မုဒြာရယ် နင်ဒုက္ခရောက်မယ့်အဖြစ်ကို ငါဒီတိုင်းကြည့်နေရက်ပါ့မလား။

"ထွက်လာသော ခြေသံကြောင့် မမိုးဆိုတာသိလိုက်ပေမယ့် သူနောက်မဆုတ်မိတော့"

"သြော် ... တာရာပါလား၊ တာရာ မင်းနဲ့စကားပြော





အောင်"

မမိုးခေါ်ရာ ဧည့်ခန်းဆီသို့ တာရာလိုက်လာခဲ့သည်။ မမိုးကို ကြည့်ရသည်မှာ တာရာနှင့်မုဒြာ ပတ်သက်ခဲ့သည်ကို သိပုံမရ။ ဒါဟာ တာရာအတွက် တစ်ခုသော အခွင့်အရေးပင်။

မမိုးက ဆိုဖာပေါ်မှာ အကျအနထိုင်လိုက်ပြီး တာရာကိုလည်း ထိုင်ရန် မေးဆတ်ပြသည်။

"ထိုင်"

တာရာထိုင်လိုက်တော့ အဆင်သင့်ရှိသော အအေးနှစ်ပုလင်းကို တစ်ပုလင်းအား ပိုက်တံလေးတပ်လျက်နှင့် လှမ်းပေးလိုက်သည်။

"တာရာ သောက်လိုက် ... ညနေကျရင် မမိုးနဲ့ပါတီတယ်ကို လိုက်ခဲ့ရမယ်"

"ဟုတ်ကဲ့ မမိုး ..."

မမိုး၏ တိတ်တဆိတ် လှုပ်ရှားမှုသည် ဘယ်ကစတင်မှန်းမသိ။ မမိုးကတော့ ကုလားထိုင်ပေါ် ခြေထောက်တစ်ဖက် ချိတ်လျက် စားပွဲခုံပေါ်ကိုလည်း လက်တစ်ဖက်ထောက်ကာ ထိုလက်၏ လက်မလေးနှင့် သူမ၏မေးဖျားလေးကိုထောက်ထား ခေါင်းတညိတ်ညိတ်ဖြင့် တစိမ့်စိမ့်တွေးရင်း ပီတိဖြစ်နေတော့သည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



မမိုးယူထားခဲ့သော သီးသန့်အခန်းလေးသည် ဟိုတစ်ဖက်မှာရှိသော ငြိုးမာန်ဘွဲ့တို့ကို အထင်းသားမြင်နေရ၏။ မမိုးထိုင်နေရာသည် ငြိုးမာန်ဘွဲ့ဆိုသောသူနှင့် တည့်တည့်ပင်။ တစ်ဖက်မှ မမိုးမြင်နေရပေမယ့် ထိုလူက မမိုးကို မမြင်နိုင်။ မမိုးသည် တာရာထင်ထားတာထက် အဆပေါင်းများစွာ လျင်သည်။ နေရာ အကွက်အကွင်းယူတတ်သည်။ လူမိုက်ပေါင်းစုံနှင့်လည်း ဘယ်လို ပေါင်းထားခဲ့သည်မသိ ထိုလူများမှာ ပျာပျာသလဲ ဖြစ်နေသည်။

တာရာ စိတ်ထဲတွင် ငြိုးမာန်ဘွဲ့တို့ဝိုင်းရှိ စားသောက်ဖွယ်ရာများတွင် တစ်ခုခုများထည့်ခိုင်းမည်လား၊ ထိုသို့မဟုတ်။ ဒီလိုလုပ်လိုက်လျှင် ပြဿနာပိုကြီးနိုင်သည်။ ဒါကို သူမက မြင်ပုံရ၏။ တခြားနည်းလမ်း သုံးခဲ့သည်။

"ကဲ ... တာရာ မင်းလည်း ရှေ့ဆက်မြင်ရမယ့် မြင်ကွင်းအတွက် စိတ်တွေမလှုပ်ရှားအောင် ဒါလေးနည်းနည်းထည့်လိုက်"

မမိုးထည့်ပေးသော ဖန်ခွက်ထဲမှ ဝီစကီတွေကို သူငေးကြည့်နေမိသည်။ မုဒြာတို့စီးမယ့်ကားကို ဟိုလူတွေက ဘာလုပ်နေလဲမသိ။ တာရာ ခေါင်းနောက်လို့ဟုဆိုကာ အပြင်ခဏလေးဆိုပြီးထွက်ခဲ့၏။ မမိုး လူနှစ်ယောက်လှုပ်ရှားနေတာကို တာရာသေချာမြင်နေရပြီ။

မသိသလို ပြန်ဝင်လာရင်း မမိုးရှေ့တည့်တည့်မှာ ပြန်ထိုင်





လိုက်သည်။

မမိုးထည့်ပေးထားခဲ့သည့် ဖန်ခွက်ကိုယူကာ မော့ထည့်လိုက်သည်။

"ဒါမှပေါ့ တာရာရ ... ကိုယ်က ယောကျ်ားပဲ၊ ဟော ... တာရာ သူတို့သွားတော့မယ်ထင်တယ်၊ သူတို့ကားပေါ်ရောက်တာနဲ့ မမိုးတို့လည်း ကားပေါ်တက်ရအောင်၊ ဒါမှ သူတို့ဘယ်လိုဖြစ်မလဲဆိုတာ အားရပါးရ ကြည့်ရမှာ ... "

မမိုး၏ တဟင်းဟင်း ... ရယ်သံက သွားနားထဲမှာ ခါးသည်းစွာ ကြားနေရသည်။ ရှေ့မှမောင်းနေသော ကားလေးနှင့်ယှဉ်ကာ ကားတစ်စီးက လိုက်မောင်းနေသည်။ မာန်မှာ ယှဉ်မောင်းလာသောကားကို ဒေါသဖြစ်စွာကြည့်မိ၏။ မှန်အမည်းတပ်ထားတာကြောင့် ကားထဲကိုမမြင်ရ၊ မာန်မှာ ထိုကားလိုက်ညစ်နေမှန်းလည်း သိသည်။

မုဒြာမှာ စိုးရိမ်စိတ်လေးဖြင့် ကားမောင်းနေသော ခုံ၏လက်ကို လှမ်းကိုင်ရင်း ...

"ကိုကို ... မုဒြာ ကြောက်တယ် ဖြည်းဖြည်းမောင်းပါ"

မုဒြာက အသံတိုးလေးဖြင့် အနားကပ်ပြောလိုက်တာကြောင့် မာန်က ကားကို အရှိန်လျှော့ရင်း ဘရိတ်မှေးနင်းလိုက်သည်။ သို့သော်လည်း ... ဘရိတ်မမိသော ကားလေးက တရှိန်ထိုး



www.burmeseclassic.com

www.burmeseclassic.com



သွားနေတော့သည်။

ကားတစ်စုစု ချွတ်ယွင်းနေသည်ကို မာန်သိလိုက်၏။ ဒါ သူတို့ကို လုပ်ကြံတာပဲ။ မာန် သိလိုက်ရပေမယ့် နောက်ကျနေပြီ။

❁❁❁

"တာရာ ဘာဖြစ်လို့အရှိန်တင်ရတာလဲ၊ ဖြည်းဖြည်းပဲ မောင်းပါ"

မရ ... တာရာ မမိုးပြောတာ ဂရုမစိုက်တော့။ မုဒြာတို့ကားလေး ကုန်းလျှောအတိုင်း တဖြည်းဖြည်းလိမ့်ဆင်းသွား၏။ တာရာ မုဒြာတို့ကားလေးကို မီလာခဲ့သည်။ အရှိန်ပြင်းပြင်းမောင်းနှင်နေတဲ့ တာရာ့ကားက မုဒြာတို့ကားဘေးနားမှ ယှဉ်လိုက်လာ၏။ စောစောက မမိုးလူတွေ၏ကားသည် ရှေ့သို့ရောက်သွားလိုက် ဘေးနားကပ်လိုက်လျှင်လိုက် မလိုက်လျှင် နောက်ကနေ ကပ်လိုက်ခဲ့ပြန်သည်။ ဘယ်လိုတွေ လုပ်နေလဲဆိုတာ တာရာ မစဉ်းစားတတ်။ အရေးကြီးဆုံးက မုဒြာတို့ကား ရပ်သွားဖို့ အရေးကြီးသည်။

ရှေ့မှ တည့်တည့်လာနေသော ကားလေးတစ်စီးကို ငြိုးမာန်ဘွဲ့က သတိရှိစွာဖြင့် ကျော်ဖြတ်သွားနိုင်ခဲ့ပေမယ့် တစ်ဖက်မှ မောင်းနှင်လာသော Express ကားနှင့် ဘွားခနဲ ဆုံတွေ့သွားလိုက်





လျှင် တာရာသည် သူ၏ကားကို ထိုကားနှစ်စီးကြား ကွေ့ဝင်လိုက်ခဲ့သည်။

"ဝုန်း ... ဒုန်း"

မထင်မှတ်သော လုပ်ရပ်ကြောင့် မမိုးမှာ ဘာမှပြောချိန်တောင် မရလိုက်။ တာရာတွင်လည်း သွေးများမြင်မကောင်း။

မာန်၏လက်မောင်းကို မုဒြာကကြောက်ရွံ့စွာ ဖက်တွယ်ရင်း မျက်လုံးလေးများ မှိတ်ထားသည်။ ကြားထဲသို့ ဝင်လာသောကားကို မာန်ကြည့်ရင်း အံ့ဩနေမိသည်။ ထိုကားသည် မိုးရဲ့ကား၊ မိုးသူ့အတွက် ခားစာခံတာ မဖြစ်နိုင်။ မုဒြာနှင့်ပတ်သက်၍ တာရာဆိုသောကောင်လေးသာ ကြားဝင်ပေးတာဖြစ်နိုင်သည်။ မာန့်ကားပေါ်မှ ဆင်းလိုက်သည်။ နောက် မုဒြာဆင်းလိုက်၏ တာရာကို သွေးအလိမ်းလိမ်းနှင့် တွေ့လိုက်ရတာကြောင့် ...

"ဟင် ... တာရာ ... တာရာ မဟုတ်လားဟင်"

တာရာကား သူမကိုကြည့်လျက် ပြုံးပြနေသည်။

"မုဒြာ"

မုဒြာ တာရာဘေးနားသို့ ပြေးသွားကာ တာရာပခုံးတွေကို ဆုပ်ကိုင်လိုက်သည်။

"တာရာ ... တာရာ ဘယ်လိုဖြစ်ရတာလဲဟာ"

"နင် ... နင် ဘာမှမဖြစ်ဘူးမလား မုဒြာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ငါ ဘာမှမဖြစ်ပါဘူး"

"ငါ ကျေနပ်ပါတယ် မုဒြာရယ်"

"နင်စကားတွေ နောက်မှပြောနော်၊ ကိုကို ... ကိုကို တာရာကို ဆေးရုံပို့ပေးပါ၊ တာရာ တစ်ကိုယ်လုံး သွေးတွေချည်းပဲ ကိုကိုရယ်"

"စိတ်အေးအေးထားပါ မုဒြာ ... ကိုကို ဖုန်းဆက်ထားပါတယ်"

"တာရာ ... နင်ဘာမှမဖြစ်ဘူး သိလား၊ စိတ်ကိုတင်းထားနော်"

"မုဒြာရယ် ... နင် ဒီနေ့ အရမ်းလှတာပဲ"

တာရာသည် စကားတွေကို အနိုင်နိုင်အားယူရင်း ပြောနေရှာသည်။

"စကားမပြောပါနဲ့တော့ တာရာရယ် ... နင်မောနေပါ့မယ်"

"ရပါတယ် မုဒြာ ... ငါ့ကိုယ်ငါ သိပါတယ်၊ ဒါပေမဲ့လေ နင့်ရှေ့မှာ ငါရပ်တည်ပေးလိုက်ရတဲ့အတွက် ငါကျေနပ်ပါတယ် မုဒြာရယ် ..."

မုဒြာသည် ပိုးအပျော့အဖြူလေးကို လည်ပိုက်ပိုက်လေး ဝတ်ထားသည်မှာ တာရာ ကြည့်မဝနိုင်။ မုဒြာကို သူ့ဘဝတစ်ခုလုံးနှင့် ပေးဆပ်လိုက်ရသည့်အတွက် သူ့ရင်ထဲမှ ကြည်နူးသည်။ သို့သော်





ဝေဒနာတွေကြားမှ မုဒြာကို ရင်ဖွင့်နေခဲ့သည်။ မုဒြာမျက်ဝန်းမှ မျက်ရည်တွေကလည်း အတားအဆီးမဲ့စွာ တာရာ မျက်နှာထက်သို့ စီးကျနေသည်။

စောစောက မိုးမြင့်သဇင်၏ လူများသည် တစ်ယောက်မှ အနားတွင် မရှိတော့ပေ။

သွေးအလိမ်းလိမ်းဖြင့် ကားကူရှင်ပေါ်မှာလဲလျက် ... မိုးမြင့်သဇင်သည် မျက်တောင်လေးတွေ လှုပ်ရှားလာတာ မြင်လိုက်ရသည်။ နှုတ်ခမ်းတို့ကို လှုပ်ခတ်လာတော့ သွေးတွေ ပွက်ခနဲ သွန်ကျလာ၏။ မိုး သူ့ကို တစ်စုံတစ်ရာ ပြောချင်နေပြီ။ မာန်က သူ့မဒေါးမှာ ဒူးတစ်ဖက်ချထိုင်လိုက်ကာ ...

"မိုး"

မိုး မထူးနိုင်ပါ။ မျက်ဝန်းတွေ သူ့ထံသို့ ဝင့်တက်လာပေမယ့် မရောက်နိုင်။

"မာန်"

အသံလေးသဲ့သဲ့ထွက်လာပြီး ရင်ဘတ်ကလေး အဆမတန် လှုပ်ခါလာ၏။

"ဘာပြောချင်လို့လဲ မိုး ... ပြောလေ မင်းအညှိုးအတေးတွေ နောင်ဘဝထိ သယ်မသွားချင်ပါနဲ့"

မိုး အံကြိတ်လိုက်တာကို မာန်မြင်သည်။ မိုးသည် ထွက်

www.burmeseclassic.com



သက်နှင့်အတူ ပြောလိုက်သော စကားတို့ကို ဖျစ်ညှစ်စုစည်း၍ ...

"ရှင့် ... ကို ... မုန်း"

သူ နားတစ်ဖက် စိုက်ပေးထားတာမို့ သေချာကြားလိုက်ရသည်။ မိုးသည် နှုတ်ခမ်းအစုံ ဖွင့်ဟလျက်သားနှင့် တစိမ့်စိမ့်ကျနေသော သွေးတို့ကိုလည်း မသိမ်းဆည်းနိုင်တော့ပေ။

မိုးမြင့်သဇင်ဘဝ နိဂုံးချုပ်သွားခဲ့ရ၏။ မိုးကသေတဲ့အထိ နာကြည်းသွားခဲ့ပြီး သူ့အပေါ် အမုန်းစကားတွေသာ ရေရွတ်သွားခဲ့သည်။ မာန် ဖြည်းညင်းစွာ ထရပ်လိုက်၏။ ကိုယ့်ကို ခွင့်လွှတ်ပါတော့ မိုးမြင့်သဇင်။

မာန် ဦးမောင်ကို ဖုန်းဆက်ခေါ်လိုက်သည်။ ကြေကွဲစွာ ငိုနေသော မုဒြာကိုကြည့်ရင်း သူ့ကိုယ်သူ ဖြေသိမ့်လို့မရ။ တာရာဆိုသော ကောင်လေးက မုဒြာရင်ခွင်ထဲမှာ အသက်ပြင်းပြင်းရှူနေရ၏။

"မုဒြာ"

မုဒြာ လက်ကလေးကိုဆွဲဆုပ်ထားပေမယ့် တာရာနားတွေသည် အူထွက်နေတာ ဘာမှမကြား၊ ဘာမှလည်း မမြင်၊ ဘာအသိမှလည်းမရှိတော့။ ဒါပေမဲ့ ... သိတာတစ်ခုကတော့ မုဒြာပင် ဖြစ်သည်။

"မုဒြာ ... ဒီနေ့လပြည့်နေ့လေ၊ ကောင်းကင်မှာ လမင်းကြီး



က ငါတို့ကို လှမ်းကြည့်နေမှာပဲနော်၊ ကြယ်ကလေးတွေလည်း လင်းလက်နေမှာပေါ့"

တစ်လုံးချင်းစီဖြင့် အနိုင်နိုင်အားယူရင်း ပြောနေသော တာရာကိုကြည့်ကာ မုဒြာရင်ထဲမှာ ဆို့နင့်နေမိသည်။

"ဟင့် ... ဟင့် ... တာရာရယ်"

"မငိုပါနဲ့ မုဒြာရယ်၊ နင်ငိုရင် ငါ့ရင်ထဲမှာ ပူလောင်လို့ပါ။ ကြယ်ကလေးတွေကို မော့ကြည့်နေနော် ... အဲဒီ ကြယ်ကလေးတွေကို သက်သေတည်ပြီး နင့်ရှေ့တည့်တည့်မှာ ငါရပ်တည်ပေးခဲ့ပါတယ် မုဒြာရယ် ... နင့်မျက်နှာလေးကို ငါအရမ်းမြင်ချင်သေးတယ် မုဒြာရယ် ... ငါ အခု ဘာမှမမြင်ရတော့ဘူး၊ နင့်ကို ... ငါလေ ... "

တာရာသည် စကားဆုံးအောင်တောင် မပြောနိုင်ခဲ့ပေ။ မုဒြာ၏ လက်ပေါ်မှာတင် တာရာ ဆုံးပါးသွားခဲ့သည်။

"တာရာ ... တာရာ နင် တကယ် ငါ့ကိုစိတ်ချသွားပြီပေါ့နော်"

တာရာကို ဖက်တွယ်ရင်း မုဒြာကြုံကြုံပါအောင် ငိုတော့သည်။

"မုဒြာ စိတ်ကို လျှော့ပါကလေးရယ် ... "

ကားတွေ အသီးသီးရောက်လာကြကာ တာရာတို့ကို သယ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သွားကြသည်။

"တိတ်ပါ မုဒြာရယ် ... တာရာအတွက် ကိုယ်လည်းအရမ်း ကြေကွဲရပါတယ်"

မာန်က မုဒြာ၏ ပခုံးလေးကို ညင်သာစွာဖေးမရင်း ဦးမောင်ယူလာပေးသော ကားလေးနားသို့ ခေါ်လာလိုက်သည်။

"ကိုကို ... တာရာကလေ မုဒြာကိုယ် သိပ်ချစ်တာ၊ ဒါပေမဲ့ မုဒြာက တာရာလောက် မချစ်တတ်ခဲ့ပါဘူး၊ ကိုကိုရယ် ... "

ကျလာခဲ့သော မျက်ရည်များကို မာန်က တယုတယသုတ် ပေးနေပေမယ့် သူ့မျက်ဝန်းမှာလည်း မျက်ရည်တွေနှင့် ...

"ကိုကို ကြယ်ကလေးတွေက မုဒြာတို့ကိုကြည့်ပြီး သနားနေမှာပဲနော် ... တာရာကလေ တကယ်ပဲ မုဒြာရဲ့ ရှေ့တည့်တည့်မှာ ရပ်တည်နေပေးခဲ့တယ် ကိုကိုရယ် ... "

မာန်က. မုဒြာကိုယ်လေးကို ယုယစွာ ထွေးပွေ့ထားလိုက်မိတော့သည်။

ပရိသတ်အတွက်
အမြဲတမ်း
သျှိုး

BURMESE CLASSIC

www.burmeseclassic.com